# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

## (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# မှတ်တမ်း

# (တတိယတွဲ)

၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၁ ရက်မှ စက်တင်ဘာလ ၄ ရက်နေ့အထိ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# မှတ်တမ်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **အစည်းအဝေးဒသမနေ့ မှတ်တမ်း(၁၁.၈.၂၀၂၀ ) ရက်နေ့** | |
| | (က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| | (ခ) တိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁ |
| | (ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂ |
| | (ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂ |
| | (င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၃ |
| | (စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးက ဖြေကြားခြင်း။ | ၃ |

(ဆ) တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးကျော်မင်း မေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၈

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင် မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၁

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင်က မေးမြန်းရန်မလိုတော့ကြောင်း တင်ပြခြင်း ၁၄

(ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၅

(ဋ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာ(၂/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း။ ၁၇

(ဌ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒသမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၁၇

## ၂။ အစည်းအဝေး (၁၁)ရက်မြောက်နေ့ မှတ်တမ်း (၁၂.၈.၂၀၂၀)ရက်နေ့


(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၈

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၈

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၁၉

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၁၉

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၂၀

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးဥပဒေချုပ်က ဖြေကြားခြင်း။ ၂၀

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးက ဖြေကြားခြင်း။ ၂၄

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးက ဖြေကြားခြင်း။ ၂၈

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးက ဖြေကြားခြင်း။ ၃၆

(ည) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ အစီရင်ခံစာ (၄/၂၀၁၉)ပါ အကြံပြုချက်များ အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း။ ၄၀

(ဋ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်း သိမ်းရေးဆိုင်ရာကော်မတီအစီရင်ခံစာအပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးခြင်း။ ၄၁

(ဌ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၂)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၄၃

၃။ **အစည်းအဝေး (၁၂)ရက်မြောက်နေ့ မှတ်တမ်း (၃၁.၈.၂၀၂၀)ရက်နေ့**

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၄၄

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၄၄

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၄၅

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၄၅

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ ကို မှတ်တမ်းတင်ခြင်း။ ၄၆

(စ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၄၆

(ဆ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း (ဥပဒေကြမ်း)ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၄၉

(ဇ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာကို ရေးရာကော်မတီအတွင်းရေးမှူး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၅၁

(ဈ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၅၇

၄။ **အစည်းအဝေး (၁၃)ရက်မြောက်နေ့ မှတ်တမ်း (၁.၉.၂၀၂၀)ရက်နေ့**

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၅၈

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၅၈

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၅၉

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၅၉

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၆၀

(စ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ အစီရင်ခံစာကို ရေးရာကော်မတီဥက္ကဋ္ဌ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၆၁

(ဆ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၆၁

## ၅။ အစည်းအဝေး (၁၄)ရက်မြောက်နေ့ မှတ်တမ်း (၂.၉.၂၀၂၀)ရက်နေ့

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၆၂

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၆၂

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၆၃

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၆၃

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၆၄

(စ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအစီရင်ခံစာအပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်၏ ဆွေးနွေးချက်များကို တိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးဒွေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ပြန်လည်ရှင်းလင်းခြင်း။ ၆၅

(ဆ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၆၇

၆။ **အစည်းအဝေး (၁၅)ရက်မြောက်နေ့ မှတ်တမ်း (၃.၉.၂၀၂၀)ရက်နေ့**

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၆၈

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၆၈

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၆၉

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၆၉

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၇၀

(စ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီက ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း) နှင့်၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း ဥပဒေ(မူကြမ်း)တို့နှင့် စပ်လျဉ်း၍ ဥပဒေကြောင်းဆိုင်ရာ သုံးသပ်ချက်ကို ရေးရာကော်မတီအတွင်းရေးမှူး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ ၇၁

(ဆ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီက ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း) ၇၅

နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းဥပဒေ (မူကြမ်း)တို့နှင့် စပ်လျဉ်း၍ ငွေကြေးဆိုင်ရာသုံးသပ်ချက်ကို ရေးရာကော်မတီဥက္ကဋ္ဌ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။

(ဈ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား အတည်ပြုပေးပါရန် တင်ပြခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ ၇၅

(ည) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းဥပဒေ (မူကြမ်း)အား အတည်ပြုပေးပါရန် တင်ပြခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ ၇၈

(ဋ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၇၉

## ၇။ အစည်းအဝေး (၁၆)ရက်မြောက်နေ့ မှတ်တမ်း (၄.၉.၂၀၂၀)ရက်နေ့

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၈၀

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၈၀

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၈၁

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၈၁

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၈၂

(စ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရေးဆွဲထားသော နည်းဥပဒေ(၃)ခုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၈၃

(ဆ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်ချက်များကိုတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့်လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်ကမှတ်တမ်းတင်ခြင်း။ ၈၄

(ဇ) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခြင်း။ ၈၇

(ဈ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာခြင်း ၉၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
**(၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**
**ဒသမနေ့ မှတ်တမ်း**
**၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်**
**၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ ၁၁ ရက်**
**(အင်္ဂါနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒသမနေ့)ကို နံနက် (၁၀:၀၀)နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒသမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေး ကို ၆၃ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၈၂.၈၉ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့လွှတ်တော် ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒသမနေ့)အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒသမနေ့) အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော် အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး[ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၊ ဇီးကုန်း

မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်မိုးတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် (၁၁.၈.၂၀၂၀) ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့ (၁၃)ဦး၏ ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ဒီကနေ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒသမနေ့)မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ (၁၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။
[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ယခု လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်

ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"စစ်တောင်းမြစ်ကူး အုတ်ဖြတ်တံတား တည်ဆောက်မှုစီမံကိန်းတွင် ချဉ်းကပ်လမ်း ဖောက်လုပ်ရာ၌ ပါဝင်သွားသည့် လယ်ယာမြေများအတွက် နစ်နာကြေးအား ဒေသခံတောင်သူများသို့ မည်သည့်အချိန်တွင် ပေးအပ်မည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။**"စစ်တောင်းမြစ်ကူး အုတ်ဖြတ်တံတား တည်ဆောက်မှုစီမံကိန်းတွင် ချဉ်းကပ်လမ်း ဖောက်လုပ်ရာ၌ ပါဝင်သွားသည့် လယ်ယာမြေများအတွက် နစ်နာကြေးအား ဒေသခံတောင်သူများသို့ မည်သည့်အချိန်တွင် ပေးအပ်မည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်း၍ စစ်တောင်းမြစ်ကူးတံတား တည်ဆောက်မှု စီမံကိန်းတွင် ချဉ်းကပ်လမ်းဖောက်လုပ်ရာတွင် ပါဝင်သည့်လယ်ယာမြေများနှင့် ပတ်သက်ပြီး (၂.၇.၂၀၁၈)ရက်နေ့တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လမ်းဦးစီးဌာနမှ AE၊ SAE၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတောင်သူများ တွေ့ဆုံ၍ သံလျှပ်စွန်းဘက်ကမ်းရှိ တောင်သူများအား (၁)ကေလျှင် သိန်း(၅၀)ကျပ်နှင့် အုတ်ဖြတ်ဘက်ကမ်းရှိ တောင်သူများအား (၁)ကေလျှင် သိန်း (၃၀) နှုန်းဖြင့် ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။

မြို့နယ်မှလည်း သက်ဆိုင်ရာအထက် ဌာနအဆင့်ဆင့်သို့ တင်ပြပြီးဖြစ်ကြောင်း သိရှိရပါသည်။ သို့ရာတွင် ယခုအချိန်ထိ နစ်နာကြေးများအား ရရှိခြင်းမရှိသေးပါသဖြင့် တောင်သူများမှ တောင်းဆိုမှုများ ရှိလာပါသဖြင့် ၎င်းနစ်နာကြေးအား မည်သည့်အချိန်တွင် ပေးအပ်မည်ကို ဒေသခံတောင်သူများ ကိုယ်စား မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သနပ်ပင်မြို့နယ်အတွင်းရှိ မဟာဓါတ်အားလိုင်းတိုင်များကို တစ်ခုချင်းစိစစ်၍ လိုအပ်သလို ပြုပြင်ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ **"သနပ်ပင်မြို့နယ်အတွင်းရှိ မဟာဓါတ်အားလိုင်းတိုင်များကို တစ်ခုချင်းစိစစ်၍ လိုအပ်သလို ပြုပြင်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ သနပ်ပင်မြို့ရှိ လျှပ်စစ်မဟာဓာတ်အားလိုင်းတိုင်များသည် ရန်ကုန်တိုင်းမှ ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ပဲခူးမြို့နယ်တို့ကို ဖြတ်သန်းစိုက်ထူထားပါသည်။ ကဝမြို့နယ်မှအဝင် သနပ်ပင်မြို့နယ်စသည်နှင့် သနပ်ပင်မြို့နယ်အတွင်းရှိ မဟာဓာတ်အားလိုင်းတိုင်များမှာ ငါးကန်များအတွင်း ကျရောက်နေသည်ကို တွေ့ရပါသည်။ စတင်စိုက်ထူချိန်က ကုန်းခေါင်ခေါင်ဖြစ်သော်လည်း ငါးကန်များ

တူးဖော်သည့်အခါ တိုင်များမှာ ကန်အတွင်း ကျရောက်သွားပြီး ရေပြင်မှ ထိုးထွက်လာသည့်အလားဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ လျှပ်စစ်မဟာဓာတ်အားတိုင်များ ငါးကန်ရေပြင်အတွင်း ကျရောက်နေမှုကြောင့် တိုင်များတည့်မတ်ရပ်တည်နေရန် ခိုင်ခံ့မှုအခြေအနေ၊ငါးကန်လုပ်သားများနှင့် ပြည်သူများ၏ လျှပ်စစ်အန္တရာယ်ကျရောက်နိုင်သည့် အခြေအနေများမှာများစွာ စိုးရိမ်နေရသည့်အခြေအနေ ဖြစ်နေပါသဖြင့်သက်ဆိုင်ရာဌာနမှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"စစ်တောင်းမြစ်ကူး အုတ်ဖြတ်တံတားတည်ဆောက်မှုစီမံကိန်းတွင် ချဉ်းကပ်လမ်း ဖောက်လုပ်ရာ၌ ပါဝင်သွားသည့် လယ်ယာမြေများအတွက်နစ်နာကြေးအား ဒေသခံတောင်သူများသို့ မည်သည့်အချိန်တွင် ပေးအပ်မည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာ ဖြစ်ပါတယ်။ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ဖြူး-အုတ်ဖြတ်-မုန်းလမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား (အုတ်ဖြတ်)တည်ဆောက်ရာတွင် ချဉ်းကပ်လမ်းနှင့် မလွတ်ကင်းသဖြင့် ပါဝင်သွားသော လယ်မြေ(၅.၈၉)ဧကအတွက် တစ်ဧကလျှင် ကျပ်သိန်း(၅ဝ)နှုန်းဖြင့် ကျပ်(၂၉၄.၅)သိန်းကိုလည်းကောင်း၊ ကိုင်းမြေ(၅.၆၅)ဧကအတွက် တစ်ဧကလျှင် ကျပ်သိန်း(၃ဝ)နှုန်းဖြင့်ကျပ်(၁၆၉.၅)သိန်းကိုလည်းကောင်း၊ စုစုပေါင်းကျပ်(၄၆၄.ဝဝဝ)သိန်းကို မြေယာလျော်ကြေးပေးချေနိုင်ရေးအတွက် ပေးချေရမည့်နှုန်းထားများအား အတည်ပြုပေးပါရန် တောင်ငူခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါသည်။ ထိုတင်ပြချက်အရ Cabinet အစည်းအဝေးတွင် အတည်ပြုချက်ရယူပြီးပါက ပေးချေသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သနပ်ပင်မြို့နယ်အတွင်းရှိ မဟာဓါတ်အားလိုင်းတိုင်များကို တစ်ခုချင်းစိစစ်၍ လိုအပ်သလို ပြုပြင်ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ၂၃ဝကေဗွီ ကမာနတ်-သံလျင်-သီလဝါ မဟာဓာတ်အားလိုင်းသည် ဓာတ်အားလိုင်းအရှည် (၆၉.၄) မိုင်နှင့် စုစုပေါင်းတာဝါတိုင်အရေအတွက် (၃၆ဝ) တိုင်ရှိရာ သနပ်ပင်မြို့နယ်တွင် တာဝါတိုင်ပေါင်း (၁၆)တိုင်ရှိပါကြောင်း၊ အဆိုပါ တာဝါတိုင်များအနီးအောက်နှင့်ဓာတ်အားလိုင်း Fair Way အတွင်း ငါးကန်များတူးဖော်မှုကြောင့် အချို့တာဝါတိုင်များသည်

ငါးကန်အတွင်းသို့ ရောက်ရှိနေပါသဖြင့် လူနှင့်တိရစ္ဆာန်များ လျှပ်စစ်အန္တရာယ် အချိန်မရွေးကျရောက်နိုင်ခြင်း၊ တာဝါတိုင်ပြိုလဲပါက ဓာတ်အားလိုင်းတာဝါတိုင်နှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးဆုံးရှုံးနိုင်ခြင်း၊ မီးလောင်နိုင်ခြင်းနှင့် နိုင်ငံတော်ဘဏ္ဍာငွေဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါကြောင်း၊ ငါးကန်များတူးဖော်မှုကြောင့် ငါးကန်အတွင်း ကျရောက်လျက်ရှိသော တာဝါတိုင်များ၏ ကြံ့ခိုင်မှုအခြေအနေများကို မဟာဓာတ်အားလိုင်းမှူးရုံး(ကမာနတ်)က အပတ်စဉ်/လစဉ် ဓာတ်အားလိုင်းနှင့် တာဝါတိုင်များကို စစ်ဆေးဆောင်ရွက်လျက်ရှိပြီး၊ တာဝါတိုင်ခြေ သံချေးတက်မှုအခြေအနေများကို သံချေးတက်မှု ကာကွယ်မည့် Anti Corrossion Paintများ သုတ်လိမ်းဆောင်ရွက်သွားရန် ညွှန်ကြားထားပြီးလည်းဖြစ်ပါကြောင်း၊ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ၁၉၈၅ခုနှစ် လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၄၄)ဖြင့် ပြဋ္ဌာန်းခဲ့သည့် လျှပ်စစ်ဥပဒေများ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ရန် ဓာတ်အားလိုင်းသတ်မှတ် ဧရိယာအတွင်း ငါးကန်များထပ်မံတူးဖော်မှုမဖြစ်ပေါ်စေရေး အစိုးရအဖွဲ့တွင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဝန်ကြီးဖြေသွားတာ တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြထားပါကြောင်း၊ အတည်ပြုပြီးပါက ပေးချေသွားနိုင်မည်ဖြစ်ပါကြောင်း၊ ဒီအမှုတွဲကို ကျွန်တော်တို့တင်ထားတာ (၂-၇-၂၀၁၈)ဆိုရင် အခုဆိုရင် (၁၁-၈-၂၀၂၀)နဲ့ဆိုရင် (၂)နှစ်ကျော်ကြာသွားပါပြီ၊ မြေဆိုတာအားလုံးသိတဲ့အတိုင်းပါ။ တောင်သူဆိုလည်း အမြဲတမ်း မြေယာလျော်ကြေးတွေနဲ့ပတ်သက်ပြီးတော့ သဘောတူညီမှုတွေ တစ်ခုခုယူထားပြီးလို့ရှိလျှင် ဒေသခံတောင်သူအနေနဲ့ မြေတွေရဲ့ သဘောသဘာဝတွေရယ်၊ (၂)နှစ်ကျော်ကာလအတွင်းမှာ အများကြီးပြောင်းလဲသွားတာတွေရှိပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ကစပြီးတော့ ညှိစဉ်ကာလတုန်းကလည်းပဲ ဒါတော်တော်လေးကို အခက်အခဲအများကြီးနဲ့ ညှိနှိုင်းယူခဲ့ရတာပါ။ ဒီဈေးနှုန်းတွေဖြစ်ဖို့အတွက်ကို တောင်သူတွေဘက်ကိုလည်း အများကြီးညှိနှိုင်းခဲ့ရပါတယ်။ ကျွန်တော်တို့တောင်းထားတဲ့ဈေးနှုန်းဆိုတာလည်း လယ်ဆိုရင် တစ်ဧက (၅၀) ကိုင်းဆိုရင် တစ်ဧက (၃၀)၊ ဒါအားလုံးသိမှာပါ။ ကျန်တဲ့မြို့နယ်တွေမှာလည်း ဒီလိုတွေလည်းပဲ ဆောက်လုပ်ရေးစီမံကိန်းတွေမှာ ပါဝင်သွားတဲ့ မြေယာတွေနဲ့ပတ်သက်ပြီးတော့ မြေယာလျော်ကြေးတွေပေးရတဲ့အခါမှာ ဒီလိုနှုန်းထားတွေနဲ့တောင် မပေးချေရဘဲနဲ့ ဒီထက်များပြားတဲ့ နှုန်းထားတွေနဲ့ ပေးချေရတာတွေအများကြီးရှိပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့က ဒီဈေးနှုန်းရအောင် မနည်းညှိယူထားတဲ့အချိန်မှာ ဒီဖက်က ကျွန်တော်တို့ မြေယာလျော်ကြေးပေး

ချေမှုနဲ့ပတ်သက်ပြီးတော့ (၂)နှစ်ကျော်ကာလအတွင်းမှာ ကျွန်တော့်မှာလည်း အခက်အခဲအများကြီး ဖြစ်ပါတယ်။ တောင်သူတွေကလည်း ကျွန်တော်ကို ခဏခဏလာပြီး ဒီမြေယာလျော်ကြေးနဲ့ ပတ်သက်ပြီးတော့ ဘယ်တော့ပေးမှာလဲ ဘယ်လောက်ပေးမှာလဲနဲ့ ကျွန်တော်တို့မှာအများကြီး အောက်ခြေမှာတင် ငြိမ်းချမ်းအောင် တောင်သူတွေကိုလည်း ရှင်းလင်းပြောပြဖြေသိမ့်ထားခဲ့ရပါတယ်။ အဲ့ဒီတော့ လက်ရှိမိမိတို့ ဈေးနှုန်းညှိနှိုင်းမှုတွေမှာလည်း အခက်အခဲတွေ အများကြီးရှိခဲ့တဲ့အတွက် ဒီဝန်ကြီးရဲ့ အဖြေမှာ တင်ပြထားပါကြောင်းနှင့် အတည်ပြုပြီးပါကဆိုတော့ အခုမှ ခရိုင်ထွေ/အုပ်ကနေပြီးတော့ အစိုးရအဖွဲ့ကို တင်ပြထားတဲ့အဆင့်မှာပဲ ရှိပါသေးတယ်။ အခုချိန်ထိ Cabinet စားပွဲပေါ်ကို မရောက်သေးဘူးဆိုတော့ ဒီ(၂)နှစ်ကျော်အထိကို Cabinet စားပွဲပေါ်ကို မရောက်သေးတဲ့အခြေအနေမှာကို ဖြစ်နေပါတယ်။ အဲ့ဒီတော့ ဒါကို လာမည့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်မှာ တိတိကျကျနဲ့ နောင်လာမည့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွင်းမှာ မြေယာလျော်ကြေးကို တိတိကျကျပေးနိုင်ခြင်းရှိ/မရှိ ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဦးစည်သူလွင် မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား– လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစည်သူလွင် မေးမြန်းသွားတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော်သိသလောက်ဆိုရင်တော့ အစိုးရအဖွဲ့ကို တင်တာ လပိုင်းပဲရှိတယ်လို့ သိရပါတယ်။ အဲ့ဒီတော့ အသေးစိတ်လေးတွေတော့ ကျွန်တော်ပြန်လည်တင်ပြပေ့ါမယ်။ မြေနစ်နာလျော်ကြေးပေးရန်နဲ့ပတ်သက်လို့ ညှိနှိုင်းမှုတွေပြီးသွားရင်တော့ လျော်ကြေးက နှောင့်နှေးကြန့်ကြာခြင်းမရှိခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဘတ်ဂျက်လျာထားပြီးတဲ့နောက် ဒါတွေက တစ်ခါတည်းရှင်းပစ်ခြင်း ဖြစ်ပါတယ်။ အဲ့ဒီတော့ အခုလက်ရှိအနေအထားမှာ လေ့လာသိရှိရသလောက်ကတော့ လပိုင်းတောင် တစ်လနှစ်လလောက်အတွင်းပဲ ရှိပါသေးတယ်လို့သိရပါတယ်။ သို့သော် အသေးစိတ်လေးတွေကို စာဖြင့် ထပ်ပြီးတော့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားပေးမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးစည်သူလွင် ဆက်စပ်မေးမြန်းမှုအပေါ် စာဖြင့်ပြန်လည်ဖြေကြားမှုမှာ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ဖြူး–အုတ်ဖြတ်–မုန်းလမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်)တည်ဆောက်ရာတွင် ချဉ်းကပ်လမ်းနှင့် လွတ်ကင်းမှုမရှိ၍ ပါဝင်သွားသော လယ်မြေ(၅.၈၉)ဧကအတွက် (၁)ဧကလျှင် ကျပ်(၅၀)သိန်းနှုန်းဖြင့် ငွေကျပ်(၂၉၄.၅)သိန်းကိုလည်းကောင်း၊ ကိုင်းမြေ(၅.၅၆)ဧကအတွက် (၁)ဧကလျှင် ကျပ်(၃၀)သိန်းနှုန်းဖြင့် ငွေကျပ်(၁၆၉.၅)သိန်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အတည်ပြုပြီးဖြစ်ပါသဖြင့် (၂၈.၈.၂၀၂၀)ရက်

(စနေနေ့)၌ ဖြူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမသို့ တောင်သူများအား ဖိတ်ကြား၍ လယ်ယာမြေနစ်နာကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပပေးအပ်ပြီးဖြစ်ပါကြောင်း ဖြေကြား အပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **"ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အငြိမ်းစားယူမည့် နိုင်ငံ့ဝန်ထမ်းများအတွက် ဆောက်လုပ်မည့် အိမ်ရာ စီမံကိန်း ဖော်ဆောင်နေမှုနှင့်ပတ်သက်၍ မည်သို့စီမံထားပြီး၊ မည်သည့်အခြေအနေသို့ ရောက်ရှိနေသည် ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။ ။ "ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အငြိမ်းစားယူမည့် နိုင်ငံ့ဝန်ထမ်းများအတွက် ဆောက်လုပ်မည့် အိမ်ရာစီမံကိန်း ဖော်ဆောင်နေမှုနှင့် ပတ်သက်၍ မည်သို့စီမံထားပြီး၊ မည်သည့်အခြေအနေသို့ ရောက်ရှိနေသည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်း၍ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ- ပဲခူတိုင်းဒေသကြီးအတွင်း အငြိမ်းစား ယူမည့် နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာစီမံကိန်းများ ဖော်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်း အား ပဲခူးတိုင်းဒေသကြီးလွှတ်တော် နဝမအကြိမ်ပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့ရာ ဖြေကြားချက် အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ဘဝနောင်ရေး စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရန် အတွက် ရေရှည်အစီအစဉ်ဖြင့် ဝန်ထမ်းအိမ်ရာများ စဉ်ဆက်မပြတ် စီစဉ်ဆောက်လုပ်ပေးနိုင်ရန် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ကော်မတီဝင်(၁၉)ဦးပါဝင်သော နိုင်ငံဝန်ထမ်း အိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီကိုလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်၍ ကော်မတီဝင်(၁၁)ဦးပါဝင်သော နိုင်ငံ့ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးဦးစီးကော်မတီ ကိုလည်းကောင်း နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၄၆/၂၀၁၇)ဖြင့် နေပြည်တော်၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်အသီးသီးအတွက် ဖွဲ့စည်းတာဝန်ပေးအပ်ပြီးဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ- ဆက်လက်ဖြေကြားရာမှာ ပဲခူးတိုင်းဒေသကြီး နိုင်ငံ့ဝန်ထမ်း အိမ်ရာတည်ဆောက်ရေးလုပ်ငန်းကော်မတီအနေဖြင့်လည်း ပဲခူးတိုင်း၏မြို့တော်ဖြစ်သော ပဲခူးမြို့တွင်နေထိုင်မည့် အငြိမ်းစားဝန်ထမ်းများအတွက် သွားလာမှုလွယ်ကူပြီး မြို့နှင့်ဝေးကွာခြင်း မရှိ သည့် လေယာဉ်ကွင်းတည်ဆောက်မည့် မြေနေရာအနီး(၂၈)ကေတွင် အငြိမ်းစားယူမည့် ဝန်ထမ်း(၅၇၃) ဦးအတွက် အခန်း(၂၅၀)ဆောက်လုပ်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ စီမံကိန်း Master Plan နှင့် အဆောက် အဦဒီဇိုင်းများပြင်ဆင်ခြင်း၊ ဆောင်ရွက်မည့် အစီအစဉ်များ ကြိုတင်ပြင်ဆင်ညှိနှိုင်း ဆောင်ရွက်လျက်ရှိ ကြောင်း ဖြေကြားခဲ့ပါသည်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခု လုံးကို ကောင်းမွန်စွာ စဉ်ဆက်မပြတ်သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြသူများ ဖြစ်ကြပါသည်။

နှစ်စဉ် ပဲခူးတိုင်းဒေသကြီးအတွင်း နှစ်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူသည့် နိုင်ငံ့ဝန်ထမ်းများရှိကြောင်း လေ့လာသိရှိရပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ရှိ အငြိမ်းစားယူမည့် နိုင်ငံ့ဝန်ထမ်းများအတွက် ဆောက်လုပ်မည့် အိမ်ရာစီမံကိန်းဖော်ဆောင်နေမှုနှင့် ပက်သက်၍ မည်သို့စီမံထားပြီး၊ မည်သည့်အခြေအနေသို့ ရောက်ရှိနေကြောင်း သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဗိုလ်ကြီးကျော်မင်း မေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **"ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အငြိမ်းစားယူမည့် နိုင်ငံ့ဝန်ထမ်းများအတွက် ဆောက်လုပ်မည့် အိမ်ရာစီမံကိန်း ဖော်ဆောင်နေမှုနှင့် ပတ်သက်၍ မည်သို့စီမံထားပြီး၊ မည်သည့်အခြေအနေသို့ ရောက်ရှိနေသည် ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံဝန်ထမ်းများ အငြိမ်းစားယူပါက စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာများကို ရေရှည်အစီအစဉ်ဖြင့် လည်းကောင်း၊ စဉ်ဆက်မပြတ် ဆောက်လုပ်ပေးနိုင်ရန်အတွက်လည်းကောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် ပါဝင်သော ကော်မတီဝင်(၁၉)ဦးဖြင့် **"နိုင်ငံ့ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေး ဦးစီးကော်မတီ"**ကို ဖွဲ့စည်းထားပါကြောင်း၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့တွင်လည်း အစိုးရအဖွဲ့ လမ်းပန်းဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ကော်မတီဝင်(၁၁)ဦးပါဝင်သော **"နိုင်ငံ့ဝန်ထမ်းအိမ်ရာတည်ဆောက်ရေး ဦးစီးကော်မတီ"**ကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၇)ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပဲခူးမြို့တွင်နေထိုင်မည့် အငြိမ်းစားဝန်ထမ်းများအတွက် အိမ်ရာဆောက်လုပ်ရန် သွားလာမှုလွယ်ကူပြီး မြို့နှင့်ဝေးကွာခြင်းမရှိသည့် မြေနေရာရရှိရေး ညှိနှိုင်းခြင်း Master Planနှင့် အဆောက်အဦဒီဇိုင်းများ ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးဦးစီးကော်မတီ၏ မူဝါဒနှင့် လမ်းညွှန်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအငြိမ်းစားယူသည့်အခါနေထိုင်ရေးအဆင်ပြေစေရန်အတွက် နိုင်ငံတော်မှဆောင်ရွက်မည့် နိုင်ငံ့ဝန်ထမ်း အရောင်းအိမ်ရာစီမံကိန်းနှင့် နိုင်ငံဝန်ထမ်းအငှားအိမ်ရာ စီမံကိန်း(၂)ခုအနက် အငှားအိမ်ရာများကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့(၃)မြို့တို့တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပဲခူးမြို့တွင်လည်း အငြိမ်းစားယူမည့်ဝန်ထမ်းများအတွက် အိမ်ရာများကို ပြည်ထောင်စု၏ ဘဏ္ဍာငွေခွင့်ပြုချထားပေးပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ ဝန်ကြီးဖြေသွားထဲမှာ နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးမှာ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအတွက် အငှားအိမ်ရာများ ဖော်ဆောင်လျက်ရှိကြောင်း ပြည်ထောင်စု ရန်ပုံငွေ မှနေပြီးတော့ ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားထားတာ တွေ့ရပါတယ်။ ဆက်စပ်မေးခွန်း ပထမ အချက်အနေနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ မြို့ပြနဲ့ အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနဲ့ ညှိနှိုင်း ပေါင်းစပ်ပြီးတော့ ပဲခူးခရိုင်၊ သာယာဝတီခရိုင်၊ ပြည်ခရိုင်တို့မှာရှိတဲ့ အငြိမ်းစားဝန်ထမ်းများအတွက် တန်ဖိုးသင့်အငှားအိမ်ရာများ (သို့မဟုတ်) အရစ်ကျစနစ်နဲ့ ရောင်းချပေးနိုင်မည့် အိမ်ရာစီမံကိန်းများကို ဖော်ဆောင်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ဒုတိယအချက်အနေနှင့် တောင်ငူခရိုင် အငြိမ်းစား ဝန်ထမ်းများ အတွက် ကေတုမတီမြို့သစ်မှာ လျာထားအားကစားကွင်းမြေနေရာရှိပါတယ်။ အဲ့ဒီနေရာမှာ အငြိမ်းစား ဝန်ထမ်းအိမ်ရာများ၊ စီမံကိန်းများ ဖော်ဆောင်ပေးနိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပေး နိုင်ခြင်း ရှိ/မရှိ ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဗိုလ်ကြီးကျော်မင်း မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- တပ်မတော်သားကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ အငြိမ်းစားဝန်ထမ်းကိစ္စက နည်းနည်းလေးလွဲချော်နေတယ်။ ပြည်ခရိုင်မှာလုပ်တဲ့ဟာက သူ့ဘာသူ အိမ်ရာဆောက်တဲ့ဟာဖြစ်ပါတယ်။ ဒီအစီအစဉ်မှာတော့ အဓိက,က ကျွန်တော်တို့ ပြည်ထောင်စုက ဦးစီးကော်မတီဖြစ်ပါတယ်။ ကျွန်တော်တို့က လုပ်ငန်းကော်မတီဖြစ်ပါတယ်။ အဲ့ဒီတော့ လောလော ဆယ်မှာတော့ ပြည်ထောင်စုအနေနဲ့ကတော့ ထပ်မံပြီးတော့ ညွှန်ကြားခြင်း၊ ၂၀၁၈ ခုနှစ်လောက်က လုပ်ဆောင်ပြီးတော့ ထပ်မံညွှန်ကြားထားခြင်းမရှိပါဘူး။ သို့သော် တိုင်းဒေသကြီးမှာတော့ အရောင်း အိမ်ရာအတွက်တော့ လုပ်ဆောင်ဖို့ ဆောင်ရွက်ခဲ့ပေမဲ့ ကိုဗစ်ကိစ္စဘာညာစသဖြင့် ရှိတာကြောင့် လုပ်ဆောင် နိုင်ခြင်းမရှိသေးပါဘူး။ အဲ့ဒီတော့ အရောင်းအိမ်ရာမှာတော့ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင် များအသင်းနဲ့ စီစဉ်ဆောင်ရွက်ခဲ့ပေမဲ့လို့ တကယ်တမ်း ရောင်းလိုအား ဝယ်လိုအားတွေနဲ့ မျှတမှုက နည်းပါးနေသေးတဲ့အတွက် လုပ်ဆောင်ဖို့က အခက်အခဲရှိပါတယ်။ အငှားအိမ်ရာကျတော့ ပြည်ထောင်စု ရန်ပုံငွေနဲ့ ဆောင်ရွက်တာရှိပါတယ်။ စောစောကမေးခွန်းမှာ ဖြေသွားသလိုပဲ မြို့ကြီး(၃)မြို့မှာတော့

ပြည်ထောင်စုရန်ပုံငွေနဲ့ အဓိကထားဆောင်ရွက်ပါတယ်။ တိုင်းဒေသကြီးမှာတော့ ပြည်ထောင်စုရန်ပုံငွေနဲ့ ချထားပေးနိုင်ခြင်းမရှိသေးပါဘူး။ ပြည်ထောင်စုရန်ပုံငွေနဲ့ ချထားပေးမှသာလျှင် အငြိမ်းစားဝန်ထမ်းတွေအတွက် အငှားအိမ်ရာကို လုပ်ပေးနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးအနေနဲ့လည်း ဒီဝန်ထမ်းများကို အငြိမ်းစားယူပြီးတဲ့အခါမှာ အေးအေးဆေးဆေးနေနိုင်ဖို့ စီမံဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ မေးခွန်းမှာဖြေသွားသလိုပါပဲ စီမံ/ဘဏ္ဍာဝန်ကြီး ဥက္ကဋ္ဌအဖြစ်နဲ့ ဦးစီးကော်မတီလုပ်ဆောင်ထားတာ ရှိပါတယ်။ သို့သော် ကျွန်တော်တို့ တစ်ခြားရန်ပုံငွေများနှင့် တိုင်းဒေသကြီးမှာ ချထားပေးခြင်းမရှိသလို ပြည်ထောင်စုမှာလည်း ဒီဘတ်ဂျက်နဲ့ပတ်သက်လို့ ချထားပေးခြင်းမရှိတဲ့အတွက် လတ်တလောမှာတော့ အနည်းငယ်နှောင့်နှေးနေတယ်လို့ပဲ ဖြေကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက မေးမြန်းသည့် မေးခွန်း(၅)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"အခြေခံပညာဦးစီးဌာန၊ မူလတန်း(လွန်)ကျောင်းများတွင် အလယ်တန်းပြ(J)၊ J(2) ဆရာခန့်ထားမှုကို တရားဝင်ဖျက်သိမ်း၍ J(1) အလယ်တန်းပြဆရာစစ်စစ်များကိုသာ ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့ မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် လိုအပ်နေသော ဌာနအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာအား ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ **"အခြေခံပညာဦးစီးဌာန၊ မူလတန်း(လွန်)ကျောင်းများတွင် အလယ်တန်းပြ(J)၊ J(2) ဆရာခန့်ထားမှုကို တရားဝင်ဖျက်သိမ်း၍ J(1) အလယ်တန်းပြဆရာစစ်စစ်များကိုသာ ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ၊ အခြေခံပညာမူလတန်း(လွန်)ကျောင်းများတွင် ယခင်က အလယ်တန်းပြ(J)၊ (J–2)ဆရာများကို ထည့်သွင်းခန့်ထားခဲ့ပါသည်။ အလယ်တန်းပြဆရာတွင်

- အလယ်တန်းပြဆရာစစ်စစ်(J–1)
- အလယ်တန်းပြလစာစားမူလတန်းပြ(J–2)
- လုပ်သက်(၁၀)နှစ်အထက် မူလတန်းပြ၊ အလယ်တန်းလစာစား(J–3)ဟူ၍ သုံးမျိုးသတ်မှတ်ထားပါသည်။

ထို့သို့ မူလွန်ကျောင်းများတွင် (J–2)၊ အလယ်တန်းပြ(J)ဆရာများကို ခန့်ထားရာမှ ယခုအချိန်တွင် J–2 ဆရာများခန့်ထားခြင်း (မူ)မရှိဟုသိရပါသည်။ ၎င်းကြောင့် မူလွန်ကျောင်းများတွင် အလယ်တန်းပြ (J–2) ရာထူးနေရာများ လစ်လပ်မှုများနေသည်ကို တွေ့ရှိရပါသည်။ ဥပမာအားဖြင့် သာယာဝတီမြို့နယ်၊ ချီကြီးကွင်းကျေးရွာအုပ်စု၊ ချီကြီးကွင်းကျေးရွာ မူလွန်ကျောင်းတွင် ဖွဲ့စည်းပုံအရ အလယ်တန်းပြဆရာ(၃)ဦး ရှိရမည်ဖြစ်သော်လည်း၊ လက်ရှိတွင်အလယ်တန်းပြဆရာ(၁)ဦးရှိပါသည်။ လယ်ပြ(၂)ဦး လစ်လပ်နေရာတွင် (J–2) လယ်ပြ (၂) ဟု ဖော်ပြထားပါသည်။ ယခုအခြေအနေတွင် လယ်ပြ(၂) (J–2)များကို ခန့်ထားခြင်း (မူ)မရှိသဖြင့် အလယ်တန်းပြဆရာများ ခန့်အပ်ပေးရန် လိုအပ်နေပါသည်။ ထို့ကြောင့် လယ်ပြ(J)( (J–2) ခန့်အပ်မှုအား တရားဝင်ရုပ်သိမ်း၍ အလယ်တန်းပြဆရာစစ်စစ် (J–1) များကိုသာခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိသိလိုပါ၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ **"သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့ မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် လိုအပ်နေသော ဌာနအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာအားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့ မိခင်နှင့် ကလေးကျန်းမာရေးဌာနသည် ယခင်က ရန်ကုန်-ပြည်လမ်းဘေး၊ အနောက်လက်ပံခုန်ရပ်ကွက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းတွင် (၂၀၀၆)ခုနှစ်အထိလည်းကောင်း၊ (၂၀၀၇) ခုနှစ်မှ (၂၀၁၅)ခုနှစ်အထိ ရွှေဆယ်ဝတီဘိုးဘွားရိပ်သာဘေးရှိ တိုင်းရင်းဆေးခန်းဟောင်းတွင် လည်းကောင်း ဆေးခန်းဖွင့်လှစ်ခဲ့ရပါသည်။ (၂၀၁၅)ခုနှစ်မှစ၍ သုံးဆယ်မြို့ ဘုရားကြီးလမ်းရပ်ကွက်၊ မဟာထူပါရုံကျောင်းတိုက်မှ လှူဒါန်းသည့်မြေနေရာသို့ ပြောင်းရွှေ့၍ (၁၇)ပေပတ်လည် ဆေးခန်းတွင် လုပ်ငန်းများ ဆောင်ရွက်ခဲ့ရပါသည်။ ဆေးခန်းအဆောက်အဦ ကျဉ်းလွန်း၍ ဆေးပစ္စည်းများထားရန် လုပ်ငန်းဆောင်ရွက်ရန် အခက်အခဲရှိပါသည်။ မြေဧရိယာအကျယ်မှာ (၀.၄၆၅)ဧကရှိပြီး ပုံစံ(၁၀၅) ရရှိပြီးဖြစ်ပါသည်။ ဌာနအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာလိုအပ်နေပါသဖြင့် အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးနိုင်ပါရန် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဒေါ်မူမူခင်မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွှန့်ညွှန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"အခြေခံပညာဦးစီးဌာန၊ မူလတန်း(လွန်)ကျောင်းများတွင် အလယ်တန်းပြ(J)၊ J(2) ဆရာခန့်ထားမှုကို တရားဝင်ဖျက်သိမ်း၍ J(1) အလယ်တန်းပြဆရာစစ်စစ်များကိုသာ ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ အခြေခံပညာဦးစီးဌာနရှိ မူလတန်း(လွန်)ကျောင်းများတွင် ခန့်ထားသော အလယ်တန်းပြရာထူးများအား အလယ်တန်းပြ(မူတာဝန်)

(J2) အဖြစ် ခန့်ထားပါသည်။ ယခုအခါ အလယ်တန်းပြ (မူတာဝန်) ရာထူးနေရာများ လစ်လပ်သွားပါက ထပ်မံခန့်ထားခြင်းမရှိဘဲ ကျောင်းသားဆရာ အပိုအလိုတွက်ချက်မှုအရ ၎င်းကျောင်းများတွင် လစ်လပ်လျက်ရှိသော မူလတန်းပြရာထူးများကိုသာ ဖြည့်ဆည်းခန့်ထားပေးခဲ့ပါသည်။ အလယ်တန်းပြ (မူတာဝန်) (J2)ရာထူးနေရာများအား အခြေခံပညာဦးစီးဌာန၊ နေပြည်တော်၏ ညွှန်ကြားချက်ရှိမှသာ တရားဝင်ရုပ်သိမ်း၍ အလယ်တန်းပြ(J1)များကို ခန့်ထားပေးနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဒေါ်ညွှန့်ညွှန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့ မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် လိုအပ်နေသောဌာနအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာအား ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့ မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် လိုအပ်နေသောဌာန အဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာအား (၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်နိုင်ရန် ပဲခူးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ (၂၅-၂-၂၀၂၀) ရက်စွဲပါစာအမှတ်၊ ၀၅၇၃/ပခတ-၂(က)/အဆအ/၂၀၂၀ ဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဥက္ကဋ္ဌကြီးရှင်-ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဘယ်မေးခွန်းလဲ။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။နံပါတ်(၁)ပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လူမှုရေးဝန်ကြီး ဖြေကြားသွားတာကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်မအနေနဲ့က တစ်တိုင်းလုံးကို ကိုယ်စားပြုပြီး မေးတဲ့မေးခွန်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ တစ်တိုင်းလုံးမှာ ပညာရေးနဲ့ပတ်သက်လို့ တာဝန်ရှိတဲ့ လူမှုရေးဝန်ကြီးအနေနဲ့ အခြေခံပညာဦးစီးဌာန နေပြည်တော်၏ ညွှန်ကြားချက်ရှိမှသာ တရားဝင်ရုပ်သိမ်း၍ အလယ်တန်းပြ (J2)များကို ခန့်ထားပေးနိုင်မည်ဖြစ်ပါကြောင်းဆိုပြီးတော့ ဖြေကြားချက်အပေါ်မှာ ကျွန်မအနေနဲ့ လူမှုရေးဝန်ကြီးကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်မံပြီးတော့ တိုက်တွန်းလိုပါတယ်။ ပညာရေးဝန်ကြီးဌာနက ကျင်းပတဲ့ အခြေခံပညာဦးစီးဌာန နေပြည်တော် အစည်းအဝေးများ တက်ရောက်တဲ့အခါမှာ

လူမှုရေးဝန်ကြီးအနေနဲ့ ဒီ(J2)ရာထူး လစ်လပ်မှုများနေရာမှာ (J1)စစ်စစ်များကို ခန့်ထားနိုင်ဖို့အတွက် ညွှန်ကြားချက်များပေးနိုင်ရန် ထပ်မံပြီးတော့ တင်ပြပေးပါရန်ဆိုပြီးတော့ ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါတယ်။ ဒါမှသာလည်း လွှတ်တော်မှာ မှတ်တမ်းအဖြစ် ရရှိမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒေါ်မူမူခင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွှန့်ညွှန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်မူမူခင် မေးမြန်းသည့် ဆက်စပ်မေးခွန်းကို ဖြေကြားရမည်ဆိုလျှင် ဒီအလယ်တန်းပြ (J2)ရာထူးနေရာများကို အခုအချိန်မှာ နောက်ထပ်ခန့်ထားခြင်းလည်းမရှိတော့ပါဘူး။ ဒီရာထူးတွေဟာ ၁၉၈၄ ခုနှစ်လောက်က စတင်ပြီးတော့ ခန့်ထားပြီး တစ်ဖြည်းဖြည်းနောက်ပိုင်းမှာ ထပ်မံခန့်ထားခြင်း မရှိတော့တဲ့ ရာထူးတွေဖြစ်ပါတယ်။ အဲ့ဒီတော့ ဒါတွေကို ဖယ်ရှားပြီးတော့လည်း လုပ်လို့မရတဲ့အနေအထားဖြစ်နေတဲ့အတွက် နောက်ထပ်ထပ်မခန့်ဘဲနဲ့ ဒီနေရာတွေမှာ အလယ်တန်းပြရာထူးလိုအပ်နေမယ်ဆိုလို့ရှိရင် မူလ(လွန်)တွေမှာ အလယ်တန်းရှိပါတယ်။ အဲ့ဒီနေရာတွေကို ထပ်မံပြီးတော့ အလယ်တန်းပြတွေကို ခန့်ထားလျက်ရှိပါတယ်။ သို့သော် တစ်တိုင်းလုံးအတွက် ဒီကိစ္စတွေဟာ ပြဿနာတွေဖြစ်နေတယ်ဆိုတဲ့ သတင်းတွေကိုကြားရတဲ့အခါမှာ နေပြည်တော်ပြည်ထောင်စုဝန်ကြီးဌာနကို ဆက်လက်ပြီးတော့ ညှိနှိုင်းဆွေးနွေးဖို့အတွက် စီစဉ်ဆောင်ရွက်နေပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တောင်ပန်းဆွဲကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ စံကိုက်အဆောက်အဦနှင့် (၂)ခန်းတွဲဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းအား တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ ယနေ့အချိန်အထိ ဆောက်လုပ်ခြင်းမရှိသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသော ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ မည်သို့ ဆက်လက်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ခန်းမအတွင်းကို ရောက်ရှိနေသော ဂုဏ်သရေရှိလူကြီးမင်းများအပေါင်း အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကြယ်ပွင့်ပြ မေးခွန်း နံပတ်(၅) (ဃ-၃)ကို မေးမြန်းသွားမှာဖြစ်ပါတယ်။ **"၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တောင်ပန်းဆွဲကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ စံကိုက်အဆောက်အဦနှင့် (၂)ခန်းတွဲဝန်ထမ်းအိမ်ရာဆောက်လုပ်ရေးလုပ်ငန်းအား တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ ယနေ့အချိန်အထိ ဆောက်လုပ်ခြင်းမရှိသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသော ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ မည်သို့ဆက်လက်**

**ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်းသည့် မေးခွန်းပဲဖြစ်ပါတယ်ရှင်။ ဒီမေးခွန်းကို ကျွန်မ ပြီးခဲ့တဲ့ (၇)လပိုင်း (၆)ရက်နေ့မှာ မေးခွန်းများပေးပို့ရန် နောက်ဆုံးရက်မှာ ကျွန်မတင်ပြခဲ့ပါတယ်။ အဲ့ဒီအချိန်အထိ တောင်ပန်းဆွဲကျေးရွာ ကျေးလက်ကျန်းမာရေးဌာန စံကိုက်အဆောက်အဦနှင့် (၂)ခန်းတွဲဝန်ထမ်း အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းကို မလုပ်သေးပါဘူး။ မလုပ်သေးတဲ့အတွက်ကြောင့် ဒီလုပ်ငန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီလုပ်ငန်းကို အခုအချိန်မှာ စတင်ပြီးတော့ ဆောက်လုပ်နေပါပြီ။ (၈)လပိုင်း (၁)ရက်နေ့ကနေပြီးတော့ ပန္နက်ရိုက်ပြီးတော့ ဆောက်လုပ်နေပြီဖြစ်တဲ့အတွက်ကြောင့် ကျွန်မဒီမေးခွန်းကို မေးမြန်းရန်မလိုတော့ပါဘူးရှင်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စု၊ ကာလူးကုန်းကျေးရွာ ကိုယ်ထူကိုယ်ထ စာသင်ကျောင်းအား အ.မ.က(ခွဲ)ကျောင်းအဖြစ် ဦးစားပေးလျာထားပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ **“ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စု၊ ကာလူးကုန်းကျေးရွာ ကိုယ်ထူကိုယ်ထ စာသင်ကျောင်းအား အ.မ.က(ခွဲ) ကျောင်းအဖြစ် ဦးစားပေးလျာထားပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်း၍ အလှူရှင်ဦးဆယ်တင်မှ ဧရိယာပေ-(၈.၅၀)အား လှူဒါန်းပြီးစာသင်ဆောင်တစ်ဆောင်၊ ခြံစည်းရိုး၊ သန့်စင်ခန်းများအား ရွာသူ/သားများနှင့် ပူးပေါင်းဆောက်လုပ်ထားခြင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်သို့ ဖြတ်၍ ကာလူးကုန်းကျေးရွာမှ ကျောင်းသူ/သားများ အ.ထ.ကမြို့ချောင်းကျောင်းသို့ စက်ဘီးစီး၍ ကျောင်းတက်နေရပြီး ယာဉ်အန္တရာယ်မှ ကင်းဝေးနိုင်ခြင်းတို့ကြောင့် မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးမြို့နယ် အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ မပြီးပြတ်၍ ၂၅% ခန့်သာ ဆောက်လုပ်ထားရှိသော စာသင်ဆောင်များအား မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ရန်ရှိသည်ကို သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။**“ပဲခူးမြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ မပြီးပြတ်၍ ၂၅%ခန့်သာ ဆောက်လုပ်ထားရှိသော စာသင်ဆောင်များအား မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ရန်ရှိသည်ကို သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်း၍ ပဲခူးမြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ မပြီးပြတ်၍ ၂၅% ခန့်သာ ဆောက်လုပ်ထားရှိသော ကျောင်းဆောင်များ ကျန်ရှိလျက်ရှိပါသည်။ ယခုအခါ COVID-19 ဖြစ်ပေါ်နေခြင်းကြောင့် ကျောင်းများပြန်ဖွင့်ချိန်တွင် စာသင်ဆောင် အများအပြား ထပ်မံလိုအပ်လျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ ယခင်နှစ်က မပြီးပြတ်ခဲ့သော စာသင်ဆောင်များအား မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ရန် ရှိသည်ကို သိရှိလိုပါ၍ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ ဦးလင်းလင်းကျော်၊ ကျောက်တံခါး မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စု၊ ကာလူးကုန်းကျေးရွာ ကိုယ်ထူကိုယ်ထ စာသင် ကျောင်းအား အ.မ.က(ခွဲ)ကျောင်းအဖြစ် ဦးစားပေးလျာထားပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့ နယ်၊ မြို့ချောင်းကျေးရွာအုပ်စု၊ ကာလူးကုန်းကျေးရွာတွင် လက်ရှိအချိန်၌ ကိုယ့်အားကိုယ်ကိုးစာသင် ကျောင်းအဖြစ် ဖွင့်လှစ်ထားခြင်းမရှိပါ။ ကိုယ့်အားကိုယ်ကိုးကျောင်းဖွင့်လှစ်ပြီး ပညာသင်နှစ်(၁)နှစ် ပြည့်သည့်အခါမှသာ အ.မက(ခွဲ)အဖြစ် လျှောက်ထား၍ရပါသည်။ အ.မ.က(ခွဲ)လျှောက်သည့်အခါ ကျောင်းမြေပိုင်ဆိုင်မှု အထောက်အထားနှင့် ကျောင်းဆောင် အဆောက်အဦရှိခြင်း၊ တက်ရောက်မည့် ကျောင်းသားအရေအတွက် (၂၀)မှ(၅၅) အတွင်းရှိရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျောက်တံခါးမြို့နယ်၊ မြို့ချောင်းကျေးရွာအုပ်စု၊ ကာလူးကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးကျောင်းအဖြစ် အရင်ဖွင့်လှစ်ပြီး(၁)နှစ်ပြည့်မှသာ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် အမက(ခွဲ)အဖြစ် လျှောက်ထားရမည်ဖြစ်ပါကြောင်းနှင့် အဆိုပါလျှောက်လွှာကို နေပြည်တော်သို့ ဆက်လက်ပြီး အဆင့်တိုးအဖြစ်နှင့် တင်ပြသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **"ပဲခူးမြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ မပြီး ပြတ်၍ ၂၅% ခန့်သာ ဆောက်လုပ်ထားရှိသော စာသင်ဆောင်များအား မည်ကဲ့သို့ ဆက်လက်ဆောင်ရွက် ရန်ရှိသည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးတိုင်း ဒေသကြီးအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လုပ်ငန်းများမပြီးပြတ်သေးသော လုပ်ငန်းများမှာ ကုမ္ပဏီ(၅)ခု တာဝန်ယူဆောက်လုပ်သော အခြေခံပညာကျောင်း(၁၁)ကျောင်းရှိသည့်အနက် အခြေခံ ပညာကျောင်း(၃)ကျောင်းမှာ ၁၀၀ ရာခိုင်နှုန်းပြီးစီးမှုရှိပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်း ဒေသကြီး(အရှေ့)တွင် လုပ်ငန်းများ ပြီးစီးမှုမရှိသည့် အခြေခံပညာကျောင်းများ အပြီးသတ်ဆောင်ရွက် နိုင်ရန် ဖြည့်စွက်ရန်ပုံငွေတောင်းခံခဲ့ရာ (၁၄၂)ကျောင်းအတွက် (၂၆၈၀.၁၇၈၆) ကျပ်သန်းအား အခြေခံ ပညာဦးစီးဌာန၊ နေပြည်တော်၏ (၉.၆.၂၀၂၀)ရက်စွဲပါ စာအမှတ်၊ဌာနခွဲ (၉-ခ) /၁၁၆၉၈/ငွေလုံးငွေရင်း (ဖြည့်စွက်) (ခွဲဝေ) ၂၀၁၉-၂၀၂၀ဖြင့် ခွင့်ပြုပြီးဖြစ်ပါသဖြင့် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ (၁၅.၆. ၂၀၂၀)ရက်နေ့တွင် ဖြည့်စွက်ရန်ပုံငွေရရှိသည့် သက်ဆိုင်ရာကုမ္ပဏီများ၊ မြို့နယ်ပညာရေးမှူးများအား

အစည်းအဝေးခေါ်ယူ၍ သတ်မှတ်ချိန်အတွင်း လုပ်ငန်းပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားပြီး ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာ(၂/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီး လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာ(၂/၂၀၁၉)ပါ အကြံပြုချက်များ အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နော်ပွယ်စေး [ဝန်ကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန]**။ ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာ(၂/၂၀၁၉)ပါ အကြံပြု ချက်များအပေါ် ပြန်လည်ရှင်းလင်းချက်(နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ဒသမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒသမနေ့)ကို (၁၁:၀၅)နာရီတွင် ရပ်နားပါ မယ်။ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက် မြောက်နေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ(၁၂)ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၁၀:၀၀)နာရီအချိန်မှာ ဆက်လက် ကျင်းပသွားမှာဖြစ်ကြောင်းကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၁)ရက်မြောက်နေ့ မှတ်တမ်း
# ၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်
# ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ ၁၂ ရက်
# (ဗုဒ္ဓဟူးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၇ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၈.၁၆ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်း ဒေသကြီလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)နှင့် ၃၅(ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး နှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ သဲကုန်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၊ ဇီးကုန်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ သာယာဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လွင်၊ ဖြူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးလှမိုးသိန်းနှင့် ဗိုလ်မှူးအောင်ကျော်မိုးတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် (၁၂.၈.၂၀၂၀)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေး ပါရန် ယင်းတို့(၉)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကိုလွှတ်တော်က အတည်ပြုပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ယခုလွှတ်တော်ကိုယ်စားလှယ် (၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုသည် တိုင်းဒေသကြီးဥပဒေချုပ်က ဖြေကြားရမည့် မေးခွန်းများ ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးဥပဒေချုပ်က ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပန်းတောင်းမြို့နယ်အတွင်း မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးရုံးခန်း အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပထမ(၁)ကြိမ် ခရိုင်နှင့် မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေး ရုံးခန်းများဖွင့်လှစ်နိုင်ရေး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်ပေးရန် ရှိ/မရှိမေးမြန်းရာ ဥပဒေဆိုင်ရာအထောက်အကူပေးရေးရုံးခန်းများ ဖွင့်လှစ်နိုင်ရေး

အတွက် ရုံးခန်းမြေနေရာရရှိရေး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့နှင့် ညှိနှိုင်း၍ဆောင်ရွက်လျက်ရှိပါကြောင်း နှင့် မြေနေရာရရှိမှသာလျှင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးရုံးခန်းများ ဖွင့်လှစ်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားပေးပါသည်။ ယခုအခါ ပန်းတောင်းမြို့နယ်သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန OSS ရုံးတွင် ရုံးခန်းဖွင့်လှစ်ထားရာနေရာများ အခက်အခဲဖြစ်ကာ ကျဉ်းမြောင်းလှပါသည်။ ယခုလက်ရှိ မြေနေရာ လျာထားပြီးဖြစ်ပါသည်။ ပူးတွဲတင်ပြပါသည်။

သို့ဖြစ်ပါ၍ မြေနေရာရရှိလျှင် ရုံးခန်းဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်းဖြေကြားထားသောကြောင့် မြေနေရာရရှိပြီဖြစ်ပါ၍ ပန်းတောင်းမြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးရုံးခန်း အမြန်ဆုံး ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပေါင်းတည် မြို့နယ် ဥပဒေရုံးအသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ အကြောင်းအရာပါ ကိစ္စနှင့် ပတ်သက်၍ ပေါင်းတည်မြို့နယ်ဥပဒေရုံးသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်မြေပေါ်၌ ဆောက်လုပ် ထားသည့် အဆောက်အဦတစ်လုံးပေါ်တွင် တရားရုံးအချုပ်ခန်းနှင့်တွဲ၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်သူ့ဝန်ဆောင်မှု (OSS)ရုံး၊ ဥပဒေရုံးတို့ ပူးတွဲ၍တည်ရှိနေပါသည်။ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးမဏ္ဍိုင်များသည် တစ်ခုနှင့်တစ်ခု အမှီအခိုကင်းရန် လိုအပ်ပါသည်။ ထို့ကြောင့် ပေါင်းတည် မြို့နယ်ဥပဒေရုံး အဆောက်အဦအသစ်တည်ဆောက်ပေးရန် လိုအပ်နေပါသဖြင့် အသစ်ဆောက်လုပ် ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့်မေးခွန်း(၂)ခုအား တိုင်းဒေသကြီးဥပဒေချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအုန်းမြင့် [တိုင်းဒေသကြီးဥပဒေချုပ်]**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **"ပန်းတောင်းမြို့နယ်အတွင်း မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးရုံးခန်း အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်က မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းမှာ ပန်းတောင်းမြို့နယ်၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ရုံးခန်းဆောက်လုပ်ရန်အတွက် မြေနေရာ ရရှိပြီဖြစ်၍ ဥပဒေဆိုင်ရာအထောက်အကူပေးရေးရုံးခန်း အမြန်ဆုံးဆောက်လုပ်ပေးရန်ရှိမရှိ မေးမြန်းခြင်း

ဖြစ်ပါသည်။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ဖွဲ့စည်းပေးထားသော အဖွဲ့အစည်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပန်းတောင်းမြို့နယ်၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေးရုံးခန်း ဆောက်လုပ်ရန် အတွက်မြေနေရာရရှိပြီးဖြစ်သောကြောင့် ပန်းတောင်းမြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေး ရုံးကို ဆောက်လုပ်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့မှ တစ်ဆင့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ တင်ပြပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှုနှင့်အညီ အမြန်ဆုံးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအုန်းမြင့် [တိုင်းဒေသကြီးဥပဒေချုပ်]။** ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **“ပေါင်းတည်မြို့နယ် ဥပဒေရုံးအသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း”** နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့်မေးခွန်းမှာ ပေါင်းတည်မြို့နယ် ဥပဒေရုံးအသစ်ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းမှုဖြစ်ပြီး ပေါင်းတည်မြို့နယ်ဥပဒေရုံးမြေနေရာရရှိရေးနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တော်ဝင်ဟံသာ ခန်းမ၌ ကျင်းပပြုလုပ်သည့် တိုင်းဒေသကြီးမြေကွက်ချထားရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀) ဆုံးဖြတ်ချက်အပိုဒ်(က)အရ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန လက်အောက်ရှိ စားသောက်ကုန်၊ အဖျော်ယမကာလုပ်ငန်းသို့ချထားပေးခဲ့သည့် ပေါင်းတည်မြို့၊ မင်းကွက်(၃)ရပ်ကွက်၊ ရွှေတည် (၁)ကွက်သစ်ရှိ မြေကွက်အမှတ်(၂၀၅)(၁၀၀’x၁၀၀’)မြေပေးမိန့်အား ပယ်ဖျက်ပြီး ပေါင်းတည်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအတွက် (၁၀၀’x၅၀’)နှင့် ပေါင်းတည်မြို့နယ်ဥပဒေရုံး အတွက် (၁၀၀’x၅၀’)စီ အစားထိုးချပေးရန် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၇.၄.၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ၅/၄-၁/ဦးဖဖြင့် မြေကွက်အမှတ်(၂၀၅)အား စားသောက်ကုန်၊ အဖျော်ယမကာ လုပ်ငန်းသို့ ချထားပေးခြင်းကိုပယ်ဖျက်လိုက်ကြောင်း၊ အဆိုပါပယ်ဖျက်လိုက်သည့် ရွှေတည်ကွက်သစ်ရှိ မြေကွက် အမှတ် (၂၀၅ ^ခ^) (၁၀၀’x၅၀’)အား ပေါင်းတည်မြို့နယ်ဥပဒေရုံးသို့ အစားထိုးချထားပေးကြောင်း၊ ပေါင်းတည်မြို့၊ မြေကွက်မြေနေရာချထားရေးကော်မတီ အမိန့်အမှတ် (၁/၂၀၂၀)ဖြင့် အကြောင်းကြား ခဲ့ပါသည်။

ပေါင်းတည်မြို့နယ်ဥပဒေရုံးက ပေါင်းတည်မြို့၊ မြေကွက်အမှတ်(၂၀၅ ^ခ^) (၁၀၀’x၅၀’)နှင့် စပ်လျဉ်း၍ မြို့ကွက်မြေနေရာချထားရေးကော်မတီ၏ အကြောင်းကြားစာကို (၁၄.၅.၂၀၂၀)ရက်နေ့တွင် လက်ခံရယူပြီး (၂၅.၅.၂၀၂၀)ရက်နေ့တွင် ပေါင်းတည်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနသို့ မြေစာရင်းပုံစံ(၁၀၅)နှင့်(၁၀၆)ပုံစံထုတ်ပေးရန် လျှောက်ထားခဲ့ရာ (၂၅.၅.၂၀၂၀)ရက်နေ့တွင် မြေစာရင်းပုံစံ(၁၀၅)နှင့် (၁၀၆)ရရှိခဲ့သဖြင့် ပြည်ခရိုင် ဥပဒေရုံးနှင့် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး တို့မှတစ်ဆင့် (၂၃.၆.၂၀၂၀)ရက်နေ့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဆက်လက်တင်ပြထားပြီး ဖြစ်ပါသည်။

အဆိုပါမြေနှင့်စပ်လျဉ်း၍ ပေါင်းတည်မြို့နယ်ဥပဒေရုံး၊ မြေအမည်ပေါက်ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး မြေအမည်ပေါက်ရရှိပါက ပေါင်းတည်မြို့နယ်ဥပဒေရုံးက ဆောက်လုပ်ရေးအတွက် ရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ ရန်ပုံငွေခွင့်ပြုရရှိပါက ပေါင်းတည်မြို့နယ် ဥပဒေရုံးသစ် ဆောက်လုပ်သွားရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း ဖြေကြားအပ်ပါသည်။ အနောက်ခြမ်းမှာဆိုရင် ဝမ်းသာစရာကတော့ ပန်းတောင်းမြို့နယ် ဒေါ်ဇင်မိုးထိုက်ရဲ့ တင်ပြချက်နှင့် ဦးရဲလင်းနိုင်ရဲ့ တင်ပြချက်တွေသည် ဥပဒေရုံးကို အထောက်အကူပြုတဲ့အတွက် အများကြီး ကျေးဇူးတင်ပါကြောင်း၊ မှတ်တမ်းတင်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးရှင့်- ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥပဒေချုပ်ကြီးအနေနဲ့ ယခုမေးခွန်းကို ဖြေကြားသွားတဲ့အခါမှာ အဖြေနဲ့ ကျွန်မကို ဖြေကြားချက်ပေးထားတဲ့အဖြေနဲ့က အနည်းငယ်လွဲချော်နေတဲ့အတွက် စာဖြင့်ပြန်လည်ဖြေကြားပေးရန်နှင့် ထပ်မံပြီး ဆက်စပ်မေးခွန်းမေးမြန်းမှာကို ပြန်ဖြေပေးဖို့ ဖြစ်ပါတယ်။ ဒုတိယအပိုဒ်အနေနဲ့ ကျွန်မကို ဖြေထားတာက ပန်းတောင်းမြို့နယ်၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေးရုံးခန်း ဆောက်လုပ်ရန်အတွက် မြေနေရာရရှိပြီး ဖြစ်သောကြောင့် ပန်းတောင်းမြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးရုံးကို ဆောက်လုပ်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ တင်ပြပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှု နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းဆိုပြီးတော့ ပေးထားတဲ့ ဖြေကြားချက်မှာ ပေးထားပြီးတော့ ဥပဒေချုပ်ကြီးက ဖြေကြားသွားတဲ့အခါမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုတင်ပြပြီး အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဆိုပြီးတော့ နှုတ်ဖြင့်ဖြေကြားတဲ့ဟာနဲ့ စာနဲ့ဖြေကြားတဲ့ဟာကို ကွဲလွဲနေတာတွေဖြစ်တဲ့အတွက် အဲ့ဒါကို ပြန်လည်ရှင်းလင်းပေးဖို့နှင့် အဖြေထဲမှာပါတဲ့ တိုင်းဒေသကြီး ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကနေပြီး ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို တင်ပြရမှာဖြစ်တဲ့အတွက် အခုကြယ်ပွင့်ပြမေးခွန်း မေးမြန်းပြီးတဲ့နောက်မှာ တိုင်းဒေသကြီးဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကနေပြီး ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့ကို တင်ပြပြီးပြီလားဆိုတဲ့ အချက်ကိုလည်း သိချင်ပါတယ်။ တကယ်လို့တင်ပြပြီးပြီဆိုရင် စာအမှတ်နဲ့နေ့စွဲတွေကိုလည်း စာနဲ့ဖြစ်ဖြစ် ပြန်လည်ပြီး ဖြေကြားပေးဖို့အတွက်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ တိုင်းဒေသကြီး ဥပဒေချုပ်က ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအုန်းမြင့် [တိုင်းဒေသကြီးဥပဒေချုပ်]**။ ။ ဒေါ်ဇင်မိုးထိုက်ကို ဖြေတဲ့အခါမှာအပိုဒ်စဉ်မှာ ဒီဥပဒေအထောက်အကူပြုရေးအဖွဲ့ဟာ ဖွဲ့ပေးတာက တရားသူကြီးချုပ်ကနေပြီးတော့ ဦးဆောင်ပြီး ဖွဲ့တာဖြစ်ပါတယ်။ ဦးဆောင်ဖွဲ့ပြီး တိုင်းတရားသူကြီးချုပ်ဆီကို ဖွဲ့ခိုင်းပါတယ်။ တိုင်းတရားသူကြီးချုပ်က နေပြီးတော့မှ ဝန်ကြီးချုပ်နှင့်တိုင်ပင်၍ ဒီအဖွဲ့ဖွဲ့ခဲ့ခြင်းဖြစ်ပါတယ်။ ဖြစ်ခဲ့တဲ့အတွက် ကျွန်တော့်ကို မေးသော်လည်း ကျွန်တော်သည် ဆက်စပ်မှုရှိနေတယ်။ ဥပဒေအထောက်အကူပြုရေးအဖွဲ့နှင့် ပတ်သက်ပြီးတော့ ဗဟိုကနေ ကျွန်တော့်ကို ကူညီပါဆိုတဲ့အတွက် ဆက်စပ်မှုဖြစ်တဲ့ ဒီဟာကိုသိတဲ့အတွက် ဖြေကြားခြင်းဖြစ်ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီး ဒေါ်ဇင်မိုးထိုက်ကို ပြန်လည်ဖြေကြားလိုတာက ဒေါ်ဇင်မိုးထိုက်သိချင်တဲ့အချက်အလက်ကို အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့နည်းတူစွာပဲ ပဲခူးတိုင်းဥပဒေအထောက်အကူပြုအဖွဲ့ကိုလည်း ဒီဟာနဲ့ပတ်သက်ပြီး မြေနေရာရထားပြီးပြီဆိုတဲ့ အကြောင်းလည်း အကြောင်းကြားထားပြီးဖြစ်ပါတယ်။ သူတို့ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာကို မေးမြန်းပြီး တင်ပြထားတယ်ဆိုတဲ့ စာအမှတ်တွေနဲ့ ပတ်သက်ပြီး အကြောင်းပြန်ကြားပေးမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**ဦးအုန်းမြင့် [တိုင်းဒေသကြီးဥပဒေချုပ်]**။ ။ (ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် ဆက်စပ် မေးခွန်းအပေါ် ဝန်ကြီးဖြေကြားချက်ကို ပူးတွဲဖော်ပြပါမည်။)

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့် မေးခွန်း(၄)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်က သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ပုံစံ(၃)ပေးအပ်သည့်မြေများကို ပုံစံ(၇)အမြန်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **“မြေလွတ်မြေလပ်မြေရိုင်းကို ဥပဒေနှင့်အညီ လျှောက်ထားသည်မှာ (၁)နှစ်ကျော်ပြီ ဖြစ်သော်လည်း ယနေ့အချိန်အထိ လုပ်ပိုင်ခွင့်မရသဖြင့် အမြန်ဆုံး လုပ်ပိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ (၃.၅.၂၀၁၈)ရက်နေ့တွင် ဝန်ကြီးချုပ်ဦးဝင်းသိန်းသည်လည်းကောင်း၊ (၄.၉.၂၀၁၉) ရက်နေ့တွင်ဝန်ကြီးဦးအောင်ဇော်နိုင်သည်

လည်းကောင်း၊ ပန်းတောင်းမြို့သို့လာရောက်ပြီး သိမ်းဆည်းခံရသည့် မြေများပြန်လည်စွန့်လွှတ်ပြီး ပုံစံ(၃) ပေးအပ်ပွဲအခမ်းအနားများဖြင့် ပေးအပ်ခဲ့ပါသည်။ ထိုပုံစံ(၃)များကို ပုံစံ(၇)ရရှိရေး တောင်သူများမှ လိုလားနေကြပါသည်။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကလည်း ရရှိတော့မည်ဟုသာပြောပြီး ယနေ့ချိန်ထိရရှိခြင်းမရှိကြောင်း တင်ပြလာသည့်အတွက် ပုံစံ(၇)အမြန်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ မြေလွတ်မြေလပ်မြေရိုင်းများကို တောင်သူများကဥပဒေနှင့်အညီ လျှောက်ထားခဲ့ပါသည်။ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုရှိနေကြောင်း တင်ပြလာပါသည်။ လျှောက်ထားမှုများမှာ (၁)နှစ်ကျော်နေပြီ ဖြစ်သော်လည်း လုပ်ပိုင်ခွင့်များယနေ့အချိန်အထိ မရရှိသေးသောကြောင့် လုပ်ပိုင်ခွင့်အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပုံစံ(၃)ပေးအပ်သည့်မြေများကို ပုံစံ(၇) အမြန်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ပန်းတောင်းမြို့နယ်အတွင်း အမှတ်(၂၃)အကြီးစားစက်ရုံ (ညောင်ခြေထောက်)မှ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာ(၉၆.၇၀)ကေအား တောင်သူများလက်ဝယ်သို့ ပုံစံ(၃)ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ပန်းတောင်းမြို့နယ် အမှတ်(၂၃) အကြီးစားစက်ရုံ(ညောင်ခြေထောက်)မှ စွန့်လွှတ်သောမြေမှာ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၃၉ အရ စက်ရုံမြေအဖြစ် ခွင့်ပြုမိန့်ရရှိထားသောမြေ ဖြစ်ပါသည်။ အဆိုပါမြေအား မူလလယ်ယာမြေအဖြစ်သုံးစွဲနိုင်ရေးအတွက် စက်ရုံမြေအဖြစ်မှ ပယ်ဖျက်ကြောင်း ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့(နေပြည်တော်)မှ ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါသည်။ ယခုအခါတွင် တောင်သူများ ပုံစံ(၇)ရရှိရေး လျှောက်လွှာပုံစံ ၁ လျှောက်ထားခြင်း၊ ကန့်ကွက်လွှာခေါ်ယူခြင်း၊ စာရင်းမြေပုံများပြုစုခြင်းစသည့် လုပ်ငန်းစာတွဲများအား ဆောင်ရွက်ပြီးဖြစ်ပါသည်။ ပန်းတောင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အနေဖြင့်လည်း တောင်သူများ ပုံစံ(၇)ရရှိရေးအတွက် လုပ်ငန်းစာတွဲများအား ဇူလိုင်လအတွင်း ပြည်ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့ပေးပို့၍ အတည်ပြုချက်ရယူပြီး ပုံစံ(၇)ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"မြေလွတ်မြေလပ်မြေရိုင်းကို ဥပဒေနှင့်အညီ လျှောက်ထားသည်မှာ (၁)နှစ်ကျော်ပြီး ဖြစ်သော်လည်း ယနေ့အချိန်အထိ လုပ်ပိုင်ခွင့်မရသဖြင့် အမြန်ဆုံး လုပ်ပိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကျီးပင်ကျေးရွာအုပ်စု၊ နတ်မောက်ကျေးရွာအုပ်စု၊ ရွှေဘုံသာကျေးရွာ၊ ထုံးဘိုကျေးရွာအုပ်စု၊ ညောင်ခြေထောက်ကျေးရွာ၊ ငါးဆယ်ပေးကျေးရွာအုပ်စု၊ ကျောက်ဖူးကျေးရွာအုပ်စုအတွင်းရှိ မြေလွတ်မြေရိုင်းများအား ဒေသခံတောင်သူများမှ လျှောက်ထားလာမှုအပေါ် ပဲခူးတိုင်းဒေသကြီး မြေလွတ်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၏ (၂၄.၄.၂၀၂၀)ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၀)၊ ဆုံးဖြတ်ချက်အပိုဒ်(၇၆)၊ အပိုဒ်ခွဲ (ည)(ဋ)(ဍ)(ဌ)(ဏ)(တ)(ထ)(ဒ) အရ တိုင်းဒေသကြီး မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီမှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဆက်လက်ထောက်ခံတင်ပြ သွားရန်ဆုံးဖြတ်ခဲ့မှုအပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၈.၅.၂၀၂၀)ရက်နေ့တွင် ကျင်းပပြုလုပ်သော Cabinetအစည်းအဝေးအမှတ်စဉ် (၉/၂၀၂၀)ဆုံးဖြတ်ချက် အပိုဒ်(၅)(ဆ)အရ လျှောက်ထားလာသည့် လုပ်ငန်းစာတွဲ (၁၆၀)၊ ဧရိယာ(၁၅၁၂.၃၂)ဧကအား ခွင့်ပြုမိန့် ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး နည်းဥပဒေအပိုဒ်(၃၈)အရ မြေလွတ်မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူသည် အာမခံကြေးကို မြေလွတ်မြေလပ်နှင့် မြေရိုင်းတည်ရှိရာနှင့် အနီးဆုံးမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များသို့ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ ပုဒ်မ(၃၈)(က) အပိုဒ်ခွဲ(၁)အရ တောင်သူလယ်သမားနှင့် မိသားစု တစ်နိုင်တစ်ပိုင်လုပ်ကိုင်လိုသော ဧက၅၀နှင့် အောက်ဖြစ်လျှင် တစ်ဧကလျှင် ကျပ်(၃၀၀၀)ကျပ် (သုံးထောင်)ပေးသွင်းရမည်ဖြစ်သဖြင့် လုပ်ပိုင်ခွင့်ရရှိသည့် တောင်သူများအနေဖြင့် လျှောက်ထားမြေများအတွက် တစ်ဧကလျှင် (၃၀၀ဝ/-)ကျပ်နှုန်းဖြင့် သက်ဆိုင်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များသို့ အာမခံကြေးပေးသွင်းပြီးမှသာ လုပ်ပိုင်ခွင့် ခွင့်ပြုမိန့်များ ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးရှင့်- မေးခွန်းအမှတ်စဉ် (၁)နှင့် (၂)ကို ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပထမမေးခွန်းအနေနဲ့ ကျွန်မရဲ့ မေးခွန်းထဲမှာတော့ အပိုင်း(၂)ပိုင်း မေးမြန်းထားတာဖြစ်ပါတယ်။ ဝန်ကြီးအနေနဲ့ ပြန်လည်ဖြေကြားသွားတဲ့အခါမှာ အပိုင်း(၁)ပိုင်းကိုပဲ ပြန်လည်ဖြေကြားထားတာတွေ့တဲ့အတွက် ဆက်စပ်မေးခွန်း

မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်မမေးခွန်းမှာကတော့ (၃.၅.၂၀၁၈)ရက်နေ့တွင် ဝန်ကြီးချုပ်ဦးဝင်းသိန်းသည်လည်းကောင်း၊ (၄.၉.၂၀၁၉) ရက်နေ့တွင် ဝန်ကြီးဦးအောင်ဇော်နိုင်သည်လည်းကောင်း ပုံစံ(၃) ပေးအပ်ပွဲတွေ ပြုလုပ်ပြီးတော့ ပုံစံ(၇)ရရှိရေးဆိုပြီး မေးမြန်းထားတာဖြစ်ပါတယ်။ ဝန်ကြီးအနေနဲ့ ပြန်လည်ဖြေကြားတဲ့အခါမှာ ဝန်ကြီးချုပ်ဦးဝင်းသိန်း ပြန်လည်ပေးအပ်ထားတဲ့ (၃.၅.၂၀၁၈)နဲ့ သက်ဆိုင်တဲ့ပုံစံ(၃)နဲ့ပတ်သက်သည့် ပုံစံ(၇)ရရှိရေး လုပ်ငန်းစာတွဲတွေကို ဇူလိုင်လအတွင်း ပြည်ခရိုင် လယ်ယာမြေခန့်ခွဲရေးအဖွဲ့သို့ပေးပို့ပြီး ပုံစံ(၇)ထုတ်ပေးသွားမယ်လို့ ဖြေကြားထားပါတယ်။ သို့ပေမယ့် ကျွန်မဒီနေ့မေးခွန်းမေးမြန်းသည့်အချိန်အထိ ပုံစံ(၇)ထုတ်ပေးနိုင်ခြင်း မရှိသေးပါဘူး။ မေးခွန်းထဲမှာပါသည့် ဝန်ကြီးဦးအောင်ဇော်နိုင် လာရောက်ပေးသွားတဲ့ (၄.၉.၂၀၁၉)ရက်နေ့နဲ့ သက်ဆိုင်သည့် ပုံစံ(၃)တွေနဲ့ပတ်သက်ပြီး ပုံစံ(၇)ရရှိရေးက မည်သည့်အဆင့်ကို ရောက်ရှိနေပြီဆိုတဲ့အကြောင်းကိုလည်း ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းချင်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ဆက်စပ်မေးခွန်း မေးမြန်းချင်တာကတော့ ပဲခူးတိုင်းဒေသကြီး Cabinet အဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ်(၉/၂၀၂၀)အရ လုပ်ငန်းစာတွဲ (၁၆၀)နှင့် ဧရိယာ(၁၅၁၂.၃၂)ကေကို ခွင့်ပြုမိန့်ထုတ်ပေးခဲ့တယ်လို့ ဖြေကြားထားပါတယ်။ အဲ့ဒီဧရိယာကေဟာ ပန်းတောင်းမြို့နယ်နဲ့ပဲ သက်ဆိုင်တဲ့ ဧရိယာကေလားဆိုတာကို သိချင်ပါတယ်။ နောက်တစ်ခုက နောက်ဆုံးဖြေကြားသွားတဲ့ဟာမှာ (၁)ကေလျှင် (၃၀၀၀ိ/-)ကျပ်နှုန်းနဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို အာမခံကြေးပေးသွင်းပြီး လုပ်ပိုင်ခွင့် ခွင့်ပြုမိန့်များထုတ်ပေးသွားမယ်လို့ ဖြေကြားသွားပါတယ်။ အဲ့ဒီအခါမှာ တောင်သူများကို အာမခံကြေးပေးသွင်းမှုနဲ့ ပတ်သက်ပြီးတော့ မေးမြန်းတဲ့အခါမှာ ပေးသွင်းတဲ့တောင်သူတွေရှိသလိုမပေးသွင်းရသေးတဲ့ တောင်သူတွေရှိကြောင်းလည်း သိရှိရပါတယ်။ အဲ့ဒီအခါမှာ ကျွန်မတို့ ပန်းတောင်းမြို့နယ်အနေနဲ့ လုပ်ပိုင်ခွင့်ပြုပေးမယ့် ဧရိယာကေ(၁၅၀၀)ကျော်က ပန်းတောင်းမြို့နယ်နဲ့သက်ဆိုင်တယ်ဆိုရင် ဒီ(၁၅၀၀)ကျော် တောင်သူတွေအားလုံး (၁)ကေကို (၃၀၀၀ိ/-)နှုန်းပေးပြီးမှ ပေးအပ်ပွဲအခမ်းအနားလုပ်မှာလား၊ ဒါမှမဟုတ်ရင် မူလပေးသွင်းပြီးသားလူတွေကို ဥပမာ-(၂)ပိုင်း (သို့မဟုတ်) (၃)ပိုင်း ခွဲပြီးတော့ ပေးအပ်ပွဲတွေပြုလုပ်သွားမှာလားဆိုတာကို ဆက်စပ်မေးခွန်းအနေဖြင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့် အမှတ်စဉ်(၁)နှင့် (၂)တို့နှင့်စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ အားလုံးမင်္ဂလာပါ။ မေးခွန်းအမှတ်စဉ် ၅ (ဂ) (၁)၏ ဆက်စပ်မေးခွန်းဖြစ်တဲ့ ဝန်ကြီးချုပ်မှ (၃.၅.၂၀၁၈)က ပေးအပ်ခဲ့တာဟာကို ပုံစံ(၇)ထုတ်ပေးဖို့အတွက် ဖြေကြားခဲ့ပြီး ဝန်ကြီးပေးတဲ့ ပုံစံ(၃)ကိုတော့ ပုံစံ(၇) ထုတ်ပေးဖို့ ဘယ်အဆင့်ရောက်ပြီလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပုံစံ(၇)ပေးအပ်

ခဲ့သည့် မြေများကို ပုံစံ(၇)ရရှိမှုဟာ ရှုံးလုပ်ထုံးလုပ်နည်းဖြစ်တဲ့အတွက် စာဖြင့်ပြန်လည်ဖြေကြားပေးမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ (ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်၅(ဂ)(၁) ဆက်စပ်မေးခွန်းအပေါ် ဖြေကြားချက်ကို ပူးတွဲဖော်ပြပါမည်။)

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဒုတိယမေးခွန်းဖြစ်တဲ့ မေးခွန်းအမှတ်စဉ် ၅ (ဂ) (၂) ဖြစ်တဲ့ ဆက်စပ်မေးခွန်းကတော့ ခွင့်ပြုမိန့်ထုတ်ပေးတာ ပန်းတောင်းမြို့နယ်မှာ လက်ရှိဆုံးဖြတ်ပြီးတဲ့မြေဧက(၁၅၁၂.၃၂)ဧက ဖြစ်ပါတယ်။ အဲ့ဒီပေးအပ်ပွဲကိုလည်း ကျွန်တော်တို့အနေနဲ့ အဆောတလျင် ဆောင်ရွက်လိုပါတယ်။ ဒါကြောင့် ယခင်နေ့က လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ အပြင်နဲ့ညှိလိုက်ပါသေးတယ်။ အာမခံကြေးများကို အမြန်ဆုံးပေးသွင်းဖို့ တိုက်တွန်းပေးပါ။ နောက်ဆုံး မြို့နယ်မြေစာရင်းကနေပြီးတော့မှ အာမခံကြေးပေးသွင်းရမယ့် တောင်သူများကို စုစည်းပေးပါမယ်။ ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ အာမခံကြေးပေးသွင်းပြီးကာမှ ဘဏ်ချလန်နဲ့ပူးတွဲပြီး ခွင့်ပြုမိန့်လက်မှတ်တွေကို ထုတ်ပေးရမှာဖြစ်တဲ့အတွက် ဒါကို ဝိုင်းဝန်းပြီး တိုက်တွန်းပေးပါအုန်းလို့ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ကတော့ အမြန်ဆုံး ခွင့်ပြုမိန့်များကို ဧက(၁၅၁၂) ခွင့်ပြုထားပြီးသားဧကကို တစ်ကြိမ်တည်း ခွင့်ပြုမိန့် မြေလွတ်မြေလပ်လုပ်ပိုင်ခွင့်များပေးအပ်ဖို့အတွက် စီစဉ်ထားပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၃) **"ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်တိုင်းရှိ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့် တင်ပြထားသော အမှုတွဲများကို မည်သည့်အဆင့်တွင် ရောက်ရှိဆောင်ရွက်ထားဆဲ/ပြီးပြတ်ကြောင်း၊ မြို့နယ်အလိုက် ကာယကံရှင်များကို တိုင်းမြေစစ်ကော်မတီက ရှင်းလင်းတင်ပြပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၄) **"ပြည်မြို့နယ်အပါအဝင် ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများသည် မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်ရှုံးလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်တိုင်းရှိ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီသို့ ပြည်သူများက တင်ပြတိုင်ကြားထားပါသည်။ အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ ၎င်းတို့၏ တိုင်ကြားစာများသည် မည်သို့အခြေအနေရှိကြောင်း သိရှိချင်ကြပါသည်။ ဥပမာ-ဒေါ်မြတိုင်စာ-တိုင်းအဆင့်တွင်

ရောက်ရှိနေသလား၊ သို့မဟုတ် ဗဟိုအဆင့်တွင် ရောက်ရှိနေသလား၊ ပြန်စိစစ်ခိုင်းထားသလား၊ အမှုပိတ်သိမ်းလိုက်သလား၊ ဘာဆက်လုပ်ရမည်လဲ စသည်ဖြင့် မေးခွန်းများကို မေးမြန်းချင်ကြပါသည်။ တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးကော်မတီက ရှင်းလင်းတင်ပြပေးစေလိုပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်တိုင်းရှိလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့် တင်ပြထားသော အမှုတွဲများကို မည်သည့် အဆင့်တွင် ရောက်ရှိဆောင်ရွက်ထားဆဲ/ ပြီးပြတ်ကြောင်း၊ မြို့နယ်အလိုက်ကာယကံရှင်များကို တိုင်းမြေစစ်ကော်မတီက ရှင်းလင်းတင်ပြပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ပြည်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးများတွင် အမှုကိစ္စများအတွက် အထွေထွေကိုယ်စားလှယ်လွှဲစာပြုလုပ်ရာ (၃၁)ရက်နေ့ပြန်လာရန် ချိန်းဆိုခဲ့ပါသည်။ ချိန်းဆိုသည့်ရက်သွားသည့်အခါ လကုန်ရက်၊ လချုပ်ရှိနေ၍ နောက်ရက်မှပြန်လာရန်ပြောခဲ့ပါသည်။ သေသေချာချာဝင်မေးမြန်းသည့်အခါ ထိုနေ့ချင်းပင် ဆောင်ရွက်ပေးခဲ့ပါသည်။ ဌာနဝန်ထမ်းများသည် လွှတ်တော်ကိုယ်စားလှယ်များပါလျှင်တစ်မျိုး၊ ကြောက်ရသည့်သူများပါလျှင်တစ်မျိုး၊ အမျိုးမျိုးဖြစ်နေခြင်း၊ ပန်းတောင်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင် ပုံစံ(၇)ရရှိရေး ပုံစံ(၁)လျှောက်ခိုင်းသည်။ ပုံစံ(၁)ကို လျှောက်ထားပြီး မြို့နယ်အဆင့် ရောက်ပြီဖြစ်ကြောင်း မကြာမီခရိုင်သို့ပို့မည်ဖြစ်ကြောင်း၊ အကြောင်းများသာပြ၍ ကြန့်ကြာမှုများရှိနေပါသည်။ ဥပမာ-ကျောင်းဦး အုပ်စု၊ ကျောင်းဦးကွင်း၊ ဦးပိုင်အမှတ်(၂၇-N) လယ်မြေ (၁.၁၅)ကေ ခွင့်ပြုစာ အမှတ်(၀၅၁)၊ လယ်စီခရိုင်(၀.၅)၊ ခွင့်ပြုရက်စွဲ (၈.၇.၂၀၁၃) ပုံစံ(၇)ရရှိခဲ့ပြီး အခြားသူမှာကျူးကျော်မှုဖြစ်ပွား၍ မြေနေရာတိုင်းတာပေးရန် တင်ပြရာ ထိုပုံစံ(၇)နေရာကို ပြသနိုင်ခြင်းမရှိဘဲ အခြားသူကျူးကျော်နေသည့် မြေနေရာကို ပုံစံ(၁)လျှောက်ခိုင်းခဲ့ပါသည်။ (၁၉.၄.၂၀၁၉)ရပ်/ကျေးလယ်စီမှ ပုံစံ(၁) လုပ်ဆောင်မပေးသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များထံတင်ပြရာ ကိုယ်စားလှယ်ရုံးမှ မြို့နယ်လယ်စီဥက္ကဋ္ဌထံ (၁.၄.၂၀၂၀)စာထုတ်ခဲ့ပြီး မြို့နယ်လယ်စီဥက္ကဋ္ဌက လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူးထံ (၄.၅.၂၀၂၀)တွင် စာထုတ်ခဲ့သည်။ သို့သော် ရပ်/ကျေးလယ်စီမှ မည်သို့မျှဆုံးဖြတ်ပေးမှု မရှိခဲ့ပါ။ ပုံစံ(၇)မြေနေရာမပြနိုင်ခြင်း၊ ပုံစံ(၇)အတုထုတ်ပေးခြင်းလား၊ မည်သည့်အတွက် ပုံစံ(၇) မြေနေရာမှာ မူလလက်ငုတ်တောင်သူမဟုတ်ဘူးဟု ပြောဆိုနေသနည်းစသည့် မေးခွန်းများစွာပေါ်ပေါက် လာပါသည်။

သို့ဖြစ်ပါ၍ ပြည်မြို့နယ်အပါအဝင် ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများသည် မှန်မှန်ကန်ကန်မြန်မြန်ဆန်ဆန် ရုံးလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့် (၄)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်တိုင်းရှိ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့် တင်ပြထားသော အမှုတွဲများကို မည်သည့်အဆင့်တွင် ရောက်ရှိဆောင်ရွက်ထားဆဲ/ပြီးပြတ်ကြောင်း၊ မြို့နယ်အလိုက် ကာယကံရှင်များကို တိုင်းမြေစစ်ကော်မတီက ရှင်းလင်းတင်ပြပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်း သိမ်းဆည်းမြေများနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းထားရှိပြီး ၎င်းကော်မတီများအနေဖြင့် ဗဟိုလယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ ညွှန်ကြားထုတ်ပြန်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်(၅၂)ချက်နှင့် အညီ ပြည်သူများမှတင်ပြလာသော တင်ပြစာများကို အချိန်နှင့်တပြေးညီ ဖြေရှင်းဆောင်ရွက်လျက် ရှိပါသည်။ ၎င်းကော်မတီများမှ ဗဟိုမြေ/စစ်သို့ တင်ပြစာ၊ တိုင်းအစိုးရအဖွဲ့သို့ တင်ပြစာ၊ တိုင်းမြေ/စစ် တိုက်ရိုက်တင်ပြစာနှင့် လွှတ်တော်နှင့်ဝန်ကြီးဌာနများသို့ တင်ပြစာများအား စိစစ်ဆောင်ရွက်လျှက်ရှိပြီး တင်ပြစာများကို တိုင်းမြေ/စစ်ကော်မတီ၊ ခရိုင်မြေ/စစ်ကော်မတီ၊ မြို့နယ်မြေ/စစ်ကော်မတီ၊ ရပ်/ကျေး မြေ/စစ်ကော်မတီအဆင့်ဆင့်တို့မှ မှန်မှန်ကန်ကန်နှင့်စနစ်တကျဖြစ်စေရေး စိစစ်ဆောင်ရွက်၍ တင်ပြသူ ကာယကံရှင်များအားလည်း တင်ပြစာနှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေ ဆက်သွယ်မေးမြန်းမှု များအား မည့်သည့်အဆင့်သို့ရောက်ရှိပြီဖြစ်ကြောင်း၊ မည်သို့ဆောင်ရွက်လျက်ရှိပါကြောင်းကို တိုက်ရိုက် မေးမြန်းသူများကိုဖြစ်စေ၊ ရပ်/ကျေးမြေ/စစ်အဖွဲ့များမှဖြစ်စေ တိကျစွာရှင်းလင်းပြောကြားပေးလျက် ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပြည်မြို့နယ်အပါအဝင် ပဲခူးတိုင်းဒေသကြီး အတွင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများသည် မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ရုံးလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပြည်မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် ဌာန၏ပင်မ လုပ်ငန်းတာဝန်များအပြင် စာချုပ်စာတမ်း မှတ်ပုံတင်ပေးသည့်တာဝန်နှင့် လယ်ယာမြေ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းတို့အတွက် မှတ်ပုံတင်သည့် လုပ်ငန်းတာဝန်များ၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတွင်းရေးမှူးတာဝန်များနှင့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ၏ တွဲဖက်အတွင်းရေးမှူးတာဝန်နှင့် မြို့နယ်စုံစမ်းရေးအဖွဲ့တာဝန်များကို ဆောင်ရွက်နေရသော ဌာနဖြစ်ပါသည်။

စာချုပ်စာတမ်းမှတ်ပုံတင်ပေးသည့် လုပ်ငန်းများအနေဖြင့် အရောင်းအဝယ်၊ အပေးစာချုပ် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေငြာစာချုပ်၊ စွန့်လွှတ်စာချုပ်၊ အငှားစာချုပ်ဖျက်သိမ်းသည့်စာချုပ်၊ ကုန်အမှတ်တံဆိပ်မြွက်ဟကြေငြာစာချုပ်၊ ကျမ်းကျိန်လွှာနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာ၊

အထူးကိုယ်စားလှယ်လွှဲစာများကို သက်ဆိုင်သူများက မှတ်ပုံတင်ပေးရန်တင်ပြလာသည့် စာချုပ်စာတမ်းများတွင် ပြည့်စုံစွာပါဝင်ရမည့်အချက်များ၊ စာချုပ်တင်သွင်းသူများအား စစ်ဆေးခြင်း လုပ်ငန်းတာဝန်များကို စိစစ်ဆောင်ရွက်ပြီး မှတ်ပုံတင်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် တင်ပြသည့်စာချုပ်စာတမ်းများဖြစ်သည့် ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေငြာခြင်း၊ စွန့်လွှတ်ခြင်း၊ ဖျက်သိမ်းခြင်းနှင့် ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာခြင်း စသည့်စာချုပ်စာတမ်းများအား မှတ်ပုံတင်ကြေးပေးသွင်းသည့်နေ့မှ (၁၅)ရက်အတွင်းစာချုပ်မူရင်း ပြန်လည်ထုတ်ပေးပြီး ကိုယ်စားလှယ်လွှဲစာမူရင်းကို ပြန်လည်ထုတ်ပေးရန် ညွှန်ကြားထားချက်နှင့်အညီ ဆောင်ရွက်လျက် ရှိပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာသည် ပြည်မြို့နယ်၊ ဝက်ထီးကန်မြို့၊ ကွက်သစ်(၂)နေ ဒေါ်စန်းစန်းအေးမှ ဒေါ်အိလွင်ဦးအား လွှဲအပ်သည့် အထွေထွေကိုယ်စားလှယ်လွှဲစာဖြစ်ပြီး ဌာနသို့မှတ်ပုံတင်ပေးရန် တင်ပြသည့်နေ့ရက်မှာ (၂၉.၁.၂၀၂၀) ရက်နေ့ နေ့လည်(၂:၀၀)နာရီခန့်ဖြစ်ပြီး ၎င်းအထွေထွေကိုယ်စားလှယ်လွှဲစာအား မှတ်ပုံတင်ပြီး ဌာနမှတင်ပြသူအား အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်း ပြန်လည်ထုတ်ပေးသည့်နေ့မှာ(၃၁.၁.၂၀၂၀) ရက်နေ့ နေ့လည်(၃:၀၀)နာရီခန့်တွင် ပြန်လည်ထုတ်ပေးပြီးဖြစ်သဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်ရန်အတွက် ဆောင်ရွက်ရမည့် လမ်းညွှန်ချက်အပိုဒ်-၁၁၊ အပိုဒ်ခွဲ(ခ)အရ (၅)ရက်အတွင်း ထုတ်ပေးရန် ညွှန်ကြားထားသော်လည်း (၃)ရက်နှင့်အပြီး ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

ပြည်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးအနေဖြင့် စာချုပ်စာတမ်းများအား မှတ်ပုံတင်ပေးရန်တင်ပြလာမှုတွင် လွှတ်တော်ကိုယ်စားလှယ် ပါရင်တစ်မျိုး ကြောက်ရမည့်သူပါရင်တစ်မျိုး ဆောင်ရွက်ပေးခြင်းမဟုတ်ဘဲ အများပြည်သူများနည်းတူ တပြေးညီမည်သူ့ကိုမဆို စာချုပ်စာတမ်းမှတ်ပုံတင်ရန် တင်ပြသည့်စာချုပ်နှင့် မှတ်ပုံတင်ပေးရန် တင်ပြလာသူများအား စာချုပ်စာတမ်းမှတ်ပုံတင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ဆောင်ရွက်ပြီး စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းအတွက် ကြာမြင့်သည့် သတ်မှတ်ကာလအတွင်း လုပ်ငန်းတာဝန်ကို ပြီးစီးအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကျောင်းဦးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉)၊ ကျောင်းဦးကွင်း၊ ဦးပိုင်အမှတ်(၂၇/၂)၊ ဧရိယာ(၁.၁၅)ကေရှိသော ဦးဟန်ရွှေအမည်ပေါက် ပုံစံ(၇) ရရှိထားသည့် လယ်မြေနှင့်ပတ်သက်၍ တရားလိုဒေါ်မြင့်မြင့်ရီနှင့် တရားခံဦးဖိုးစု၊ ဦးသန်းဇော်၊ ဦးအောင်ကြည်ဝင်းတို့မှ ၂၀၁၆ရာဇသတ်ကြီးအမှတ်(၅၀၆)၊ ဥပဒေပုဒ်မ(၄၄၇)အရ တရားစွဲဆိုသော အမှုဖြစ်ပါကြောင်း၊ အမှုတွင် ပြစ်မှုကျူးလွန်ကြောင်းထင်ရှားပေါ်ပေါက်ခြင်းမရှိ၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ၂၅၈(၁)အရ အမှုမှအပြီးသတ်လွှတ်လိုက်ကြောင်း၊တရားလို ဒေါ်မြင့်မြင့်ရီ၏ တင်ပြမှု အရကျူးကျော်မှုဖြစ်ပွားခဲ့သည့် အထက်ပါပုံစံ(၇)ရရှိသော မြေနေရာအား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ (၂)ကြိမ်တိုင် ပြသခဲ့ပြီးဖြစ်ပါကြောင်း၊ သက်သေခံတင်ပြသော ပုံစံ(၇)ထွက်ရှိသည့်မြေနေရာနှင့် တရားစွဲဆိုသည့် မြေနေရာမှာ ကွဲလွဲနေကြောင်း တွေ့ရှိရပါသည်။

ထို့နောက် အချင်းဖြစ်ပွားသည့်မြေနေရာအားစိစစ်ခဲ့ရာ ပုံစံ(၇)ထွက်ရှိထားခြင်းမရှိသော မြေနေရာဖြစ်ကြောင်း၊ အချင်းဖြစ်မြေနေရာသည် ပန်းတောင်းမြို့နယ်၊ ကျောင်းဦးကျေးရွာအုပ်စု၊ ကွင်းအမှတ်-၉၊ ကျောင်းဦးကွင်း၊ ဦးပိုင်အမှတ်-၁၃၇၊ ဧရိယာ(၁.၃၀)ကေရှိသောမြေဖြစ်ပြီး အဆိုပါမြေအား ဦးဖိုးစုမှ လက်ရှိစိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါမြေနေရာအား ဒေါ်မြင့်မြင့်ရီနှင့် ဦးဖိုးစုတို့မှ လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာ ပုံစံ(၁)ဖြင့် ကျောင်းဦးကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ အပြိုင်လျှောက်ထားလာမှုအပေါ် လျှောက်ထားသည့်မြေနေရာအား ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ရာ အငြင်းပွားလျက်ရှိသော မြေဖြစ်သဖြင့် ထွက်ဆိုချက်များရယူလျက်စစ်ဆေး ဆောင်ရွက်လျက်ဖြစ်ပါကြောင်း၊ အချင်းဖြစ်မြေအား ဒေါ်မြင့်မြင့်ရီနှင့် ဦးမောင်စိုးတို့မှ ပုံစံ(၇) အပြိုင်လျှောက်ထားသည့်ကိစ္စရပ်ဖြစ်၍ ဌာနအနေဖြင့် ဆောင်ရွက်ပေးရမည့် ကိစ္စရပ်မဟုတ်ဘဲ လယ်ယာမြေဥပဒေအရ သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် သက်ဆိုင်ရာကာယကံရှင်များမှ ပုံစံ(၇)အပြိုင်လျှောက်ထားမှုအပေါ် ပုံစံ(၇)ထုတ်ပေးနိုင်ရေး ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ ဆောင်ရွက်ပေးသွားရမည့်ကိစ္စရပ်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးရှင့်- မေးခွန်းအမှတ်စဉ် (၃)နှင့် (၄)တို့အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ပထမမေးခွန်းအနေနဲ့ ဖြေကြားချက်ပေးထားတဲ့အထဲမှာ ဝန်ကြီးက နှုတ်ဖြင့်ဖြေကြားသည့်အချက်အလက်မပါတဲ့ဟာလေးကို စာထဲမှာမပါသည့်အတွက် စာနဲ့ပြန်ပြီးဖြေကြားပေးဖို့အတွက် ဆက်စပ်မေးခွန်း မေးမြန်းခြင်းဖြစ်ပါတယ်။ အဲ့ဒါကတော့ ဝန်ကြီးအနေဖြင့် တိုင်းဒေသကြီးမြေစစ်ကော်မတီအနေနဲ့ အမှုတွဲတွေကို စိစစ်ပြီးတော့ ခရိုင်အလိုက်လိုက်လံပြီး ရှင်းလင်းပြသပေးဖို့ စီမံဆောင်ရွက်ခဲ့ပြီးတော့ COVID ကာလဖြစ်နေတဲ့အတွက် ဒီအစီအစဉ်ကို အကောင်အထည်မဖော်ပေးနိုင်ခြင်းဖြစ်တယ်ဆိုတာနဲ့ပတ်သက်ပြီး ကျွန်မကိုပေးထားတဲ့ စာအဖြေထဲမှာမပါပါဘူး။ အဲ့ဒါလေးကို စာအဖြေနဲ့ ပြန်ဖြေပြီးတော့ ခရိုင်အလိုက်အစီအစဉ်ကို အခုနောက်ပိုင်းမှာ အစပိုင်းကတော့ (၅)ဦးထက်ပိုပြီးတော့ စုလို့မရဘူး။ အခုနောက်ပိုင်းမှာ (၁၅)ဦးအထိ အစည်းအဝေးတွေလုပ်ခွင့်ရှိတယ်။ နောက်ပိုင်းမှာ ဖြေလျှော့လာတဲ့အစီအစဉ်အရ ခရိုင်အလိုက် ရှင်းလင်းတင်ပြမယ့်အစီအစဉ်ကို ရေးဆွဲပြီးတော့ ခရိုင်အလိုက် မြေစစ်အမှုတွဲတွေကို ရှင်းလင်းတင်ပြပေးဖို့ အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်းအနေနဲ့ ပထမဦးဆုံးမေးခွန်းကို မေးမြန်းအပ်ပါသည်။

ဒုတိယမေးခွန်းအနေနဲ့ကတော့ ကျွန်မက အပိုင်း(၂)ပိုင်း မေးမြန်းတာဖြစ်ပါတယ်။ ပြည်မြို့နယ် အပိုင်း(၁)ပိုင်းနှင့် ပန်းတောင်းမြို့နယ်အပိုင်း(၁)ပိုင်းဖြစ်ပါတယ်။ ပြည်မြို့နယ်အပိုင်းနဲ့ပတ်သက်ပြီး အထွေထွေကိုယ်စားလှယ်လွှဲစာပြုလုပ်သည့်ကိစ္စမှာ အမှုသည်တွေကိုယ်တိုင်က (၂၉)ရက်နေ့မှာ သွားလျှောက်တယ်၊ သက်ဆိုင်ရာဌာနအနေနဲ့ (၃၁)ရက်နေ့မှာ ပြန်လာခဲ့ပါလို့မှာတယ်။ မှာတဲ့အခါမှာ (၃၁)ရက်နေ့မှာပြန်လာတယ်။ ပြန်လာတဲ့အခါမှာ လချုပ်ရှိတယ်။ အဲ့ဒီအတွက် စာရင်းဇယားတွေ ပြည့်နေတဲ့အတွက် နောက်ရက်မှာပြန်လာပါလို့ သက်ဆိုင်ရာဌာနကနေပြီးတော့ ပြောပါတယ်။ ပြောတဲ့ အခါကြကာမှ သွားပြီးတော့ ကာယကံရှင်တွေ ကိုယ်စားလှယ်လွှဲစာလုပ်တဲ့ကိစ္စမှာ ကျွန်မကိုယ်တိုင် ပါသွားတဲ့အတွက် မြေစာရင်းဦးစီးဌာနရဲ့တာဝန်ရှိသူကို မေးမြန်းလိုက်ကာမှ နောက်ရက်ကြမှ ပြန်လာခဲ့ ပါလို့ပြောတဲ့ကိစ္စကို အဲ့ဒီနေ့ (၃၁)ရက်နေ့မှာ အားချင်းအပြီးလုပ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါကတော့ အမျိုးမျိုးပြောနေတယ်ဆိုတာကို ကျွန်မကိုယ်တိုင် ကိုယ်တွေ့ကြုံရတဲ့ကိစ္စဖြစ်ပါတယ်။ ဒါ အဖြေမှာသာ သူတို့က (၃)ရက်အတွင်း အပြီးဆောင်ရွက်ပေးတယ်ဆိုတာ ဝင်ပြီးတော့မေးမြန်းလိုက်တဲ့အခါကြမှ (၃)ရက်အတွင်း အပြီးဆောင်ရွက်ပေးတာဖြစ်ပါတယ်။ နဂိုမူလတုန်းက နောက်ရက်မှပြန်လာပါလို့ ပြောနေတယ်။ သက်ဆိုင်ရာကိုယ်စားလှယ်တွေက ဝင်ပြီးတော့မေးမြန်းလိုက်တဲ့အခါကြကာမှ (၃)ရက် အတွင်း လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာဌာနအဆင့်ဆင့်ကို ယခုထက်ပိုပြီးတော့ ကြီးကြပ်ကွပ်ကဲပေးဖို့ အစီအစဉ်ရှိ/မရှိကိုလည်း မေးမြန်းချင်ပါတယ်။

နောက်ဒုတိယအပိုင်းတစ်ပိုင်းအနေနဲ့ ပန်းတောင်းမြို့နယ်က ဥပဒေအနေနဲ့တင်ပြခဲ့တဲ့ ကျောင်းဦး ကျေးရွာမှာရှိတဲ့ ပုံစံ(၇)ကိစ္စ သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ၂၀၁၃ ခုနှစ်မှာ ပုံစံ(၇)ထုတ်ပေးထားခဲ့တယ်။ ဒါပေမယ့် အဲ့ဒီပုံစံ(၇) မြေနေရာနဲ့ပတ်သက်ပြီးတော့ တောင်သူရဲ့ မူလ လုပ်ကိုင်ခဲ့တဲ့မြေနေရာကို လိုက်ပြခိုင်းတဲ့အခါမှာ မဟုတ်ဘူးလို့သက်ဆိုင်ရာဌာနက ငြင်းနေတယ်။ ဒီပုံစံ(၇)ကိုထုတ်ပေးထားတဲ့ မြေနေရာက ဘယ်နေရာလဲဆိုတော့လည်း သက်ဆိုင်ရာဌာနအနေနဲ့ လိုက်မပြနိုင်ဘူး။ လိုက်မပြနိုင်ဘဲနဲ့ အငြင်းပွားနေတဲ့မြေနေရာကို ပုံစံ(၇)လျှောက်ပါလို့ဆိုပြီးတော့ သက်ဆိုင်ရာဌာနအနေနဲ့ ထပ်ပြောပါတယ်။ အဲ့ဒီကိစ္စကိုလည်း ကျွန်မဝန်ကြီးကို (၂)ကြိမ်တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အဲ့ဒီလိုမျိုး ထပ်လျှောက်ခိုင်းတော့လည်း ကာယကံရှင်အနေဖြင့် ပုံစံ(၁)ကို ထပ်လျှောက် ပါတယ်။ သို့ပေမယ့်လည်း ပုံစံ(၁)လျှောက်တာနဲ့ ပတ်သက်ပြီးတော့လည်း ရပ်/ကျေးလယ်စီက ဆောင်ရွက်ပေးခြင်းမရှိဘူး။ မရှိတဲ့ရပ်/ကျေးလယ်စီက အကြောင်းအမျိုးမျိုးပြနေတဲ့အတွက် ရပ်/ကျေး လယ်စီမှာ အတွင်းရေးမှူးအဖြစ်ပါဝင်တဲ့ မြေတိုင်းစာရေးကို ဒီအစည်းအဝေးမှာ ပါဝင်ဆောင်ရွက်ပေး ဖို့အတွက်ကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကို ကျွန်မတို့က အကြောင်းကြား ပေးပါတယ်။ အဲဒီအခါမှာ မြေစာရင်းဦးစီးမှူးအနေနဲ့ အကြိမ်ကြိမ်မကြာမီရတော့မှာပါ၊ ဖြစ်တော့မှာပါပဲ အကြောင်းအမျိုးမျိုးပြပြီးတော့ လုပ်ဆောင်ပေးခြင်းမရှိပါဘူး။ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ် ရုံးအနေနဲ့ မြေစာရင်းကို စာထွက်ခဲ့တာမဟုတ်ပါဘူး။ မြို့နယ်လယ်/စီဥက္ကဋ္ဌဆီကို စာထွက်ခဲ့တာပါ။ သို့ပေမယ့် မြို့နယ်လယ်/စီဥက္ကဋ္ဌက တစ်ခါဘယ်ကိုပြန်လွှဲလဲဆိုတော့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာနဦးစီးမှူးဆီကို တစ်ခါစာပြန်လွှဲပါတယ်။ အဓိကပြောချင်တာကတော့ အကြောင်း

အမျိုးမျိုးပြပြီးတော့ လိုရင်းကို မလုပ်ပေးဘဲနဲ့ ဟိုလူက ဟိုဘက်ပုတ်လိုက်၊ ဒီလူက ဒီဘက်ပုတ်လိုက် နဲ့ပဲ နှစ်တွေက (၄)(၅)နှစ် ကြာနေပြီ ဒီကိစ္စကိုမဖြေရှင်းနိုင်သေးဘူး ဖြစ်နေတယ်။ ဒီလိုမျိုးဥပမာ ပေးတာက အကြီးမားဆုံးတစ်ခုကို ဥပမာပေးတာပါ။ ဒီလိုကိစ္စမျိုးကဲ့သို့ပဲ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက အမှုပေါင်းမြောက်များစွာမှာ ဒီလိုပဲလုပ်ဆောင်နေတာဖြစ်ပါတယ်။ အဲ့တော့ ဒီဥပမာပေးထားတဲ့ ကိစ္စအပါအဝင် တစ်ခြားကိစ္စတွေကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီး ဌာနက လယ်/စီကို ထိုးချနေတယ်။ လယ်/စီမှာ သက်ဆိုင်ရာဌာနရဲ့ အတွင်းရေးမှူးတွေ မြေတိုင်းစာရေး တွေက အတွင်းရေးမှူးတွေအဖြစ် မပါဘူးလား၊ ပါတယ် သူတို့ဆုံးဖြတ်ပြီးတော့ လုပ်ပေးလို့ရတယ်။ ကျွန်မက သက်ဆိုင်ရာဌာနကို ပြောတယ်။ ဘယ်သူ့ဘယ်သူ့ဘက်ကိုမှ လိုက်ပါဆောင်ရွက်စရာ မလိုဘူး။ တွေ့ရှိချက်အတိုင်း တစ်ဖက်ဖက်ကို ဆုံးဖြတ်ပေးလိုက်မှ သက်ဆိုင်ရာကာယကံရှင်အနေနဲ့ အထက်အဆင့်ဆင့်ကို အယူခံဝင်ပြီးတော့ ဆောင်ရွက်ပေးနိုင်မှာဖြစ်တဲ့အတွက် လုပ်ဆောင်ပေးဖို့ကို အကြိမ်ကြိမ်ပြောတယ်။ အုပ်ချုပ်ရေးမှူးကိုလည်းပြောတယ်။ မြေစာရင်းဦးစီးဌာနမှူးကိုလည်းပြော တယ်။ သို့ပေမယ် လုပ်ဆောင်ပေးခြင်းမရှိတဲ့အတွက် အခုကိစ္စကို ကျွန်မတို့လွှတ်တော်မှာ ဥပမာ ပေးပြီးတော့ မေးမြန်းထားခြင်းဖြစ်တဲ့အတွက် အထူးကိစ္စတစ်ရပ်အနေနဲ့ အဖွဲ့ဖွဲ့ပြီးတော့ စစ်ဆေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို ဆက်စပ်မေးခွန်းအနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့် (၄)တို့နှင့်ပတ်သက်၍ ဆက်စပ်မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ မေးခွန်း အမှတ်စဉ် ၅ (က) (၃)ရဲ့ ဆက်စပ်မေးခွန်းဖြစ်တဲ့ စာဖြင့်ပေးပို့ဖြေကြားပေးဖို့ကိစ္စဖြစ်ပါတယ်။ အဲ့တော့ ကျွန်တော်တို့အနေနဲ့ လက်ရှိဆောင်ရွက်ထားတဲ့အခြေအနေကို ဖြည့်စွက်ပြီးဖြေကြားခြင်းဟာ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးအခမ်းအနားမှာ နှုတ်အားဖြင့် ဖြေကြားခြင်းဖြစ်တဲ့အတွက် Record နဲ့လည်းလုပ်ထားတာဖြစ်တဲ့အတွက် တရားဝင်တယ်လို့ ကျွန်တော့်အနေနဲ့မှတ်ယူပါတယ်။ လွှတ်တော်မှာဖြေကြားတဲ့ ဝစီကံမြောက်ဖြေကြားတဲ့ကိစ္စများဟာ မှတ်တမ်းမှာလည်း ပါဝင်မှာဖြစ်တဲ့ အတွက် ကျွန်တော့်အနေနဲ့ပြီးပြည့်စုံတယ်လို့ မှတ်ယူပါတယ်။ လိုအပ်မယ်ဆိုရင်လည်း ကျွန်တော်တို့ အနေနဲ့ ထပ်ပြီးတော့ စာနဲ့ထပ်ပို့ပေးပါမယ်။ နောက်တစ်ခုကတော့ (၁၅)ဦးထိ စုလို့ရတဲ့ကိစ္စ လိုက်လံ ရှင်းလင်းပြလို့ရတဲ့ကိစ္စဆိုပေမယ့် ကျွန်တော်တို့အနေနဲ့ ဒီကိစ္စကိုခရိုင်အလိုက်ရှင်းပြဖို့ စီစဉ်ဆောင်ရွက် ထားခြင်းဖြစ်ပါတယ်။ တစ်မြို့နယ်ချင်းအလိုက် ဆောင်ရွက်မယ်ဆိုရင် (၂၈)မြို့နယ်ဖြစ်တဲ့အတွက် သွားရေး/လာရေးနဲ့အချိန်ကာလအတွက် သတ်မှတ်ချက်အခက်အခဲဖြစ်နိုင်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ ကတော့ ခရိုင်အလိုက်ကိုစုစည်းပြီး ရှင်းပြမယ်။ ကာယကံရှင်များကနေပြီး တစ်ဦးချင်းသူတို့သိလိုတဲ့

အမှု၊ ၎င်းတို့တင်ပြထားတဲ့အမှု ရောက်ရှိခြင်းရှိ/မရှိ၊ ရောက်ရှိတယ်ဆိုရင် ဘယ်အဆင့်ထိ ရောက်ပြီလဲ၊ တကယ်လို့ အဆင့်တစ်ခုကိုရောက်ပြီးပြီဆိုလို့ရှိရင်ရင်လည်း ဆုံးဖြတ်ချက်ချပြီးပြီလား၊ ဗဟိုမြေစစ်ကနေ ပြီးတော့ ဆုံးဖြတ်ချက်ပေးပြီးကိစ္စ၊ သို့မဟုတ် တိုင်းဒေသကြီးကနေပြီး ဆောင်ရွက်ဖို့အတွက် လွှဲထား ပြီးသား ကိစ္စဆိုလို့ရှိရင် ဆောင်ရွက်ပြီးတဲ့ကိစ္စများကို ကာယကံရှင်များဆီကို လူကိုယ်တိုင်ခေါ်၍ ရှင်းပြခြင်း၊ သို့မဟုတ် စာဖြင့်ပေးပို့ရှင်းပြခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ ခရိုင် အလိုက်ကတော့ သိမ်းဆည်းမြေများ ပြန်လည်သိမ်းဆည်းရေးကော်မတီဥက္ကဋ္ဌထံ တင်ပြပြီးတော့မှ ခွင့်ပြုချက်ရမယ်ဆိုလို့ရှိရင်တော့ ခရိုင်အလိုက် လိုက်လံရှင်းပြပေးမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။

နောက်ဒုတိယတစ်ချက်ကတော့ မေးခွန်းအမှတ်စဉ် ၅ (ဂ) (၄) ဖြစ်တဲ့ လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာနရဲ့ လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်တဲ့ကိစ္စကို ရှင်းလင်း ဖြေကြားပေးမှာဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် သာဓကတင်ပြလိုပါတယ်။ ရုံးလုပ်ငန်းများဟာ သက်ဆိုင်ရာဌာနရဲ့ လုပ်ထုံးလုပ်နည်းနဲ့ နောက်တစ်ခုကတော့ အမှုတိုင်း တရားရုံးမှာရင်ဆိုင် ဖြေရှင်းရ သလိုပါပဲ အမှုများကို သက်သေခေါ်တယ်၊ ရုံးချိန်းခေါ်တယ်ဆိုတာ နှစ်ဖက်ကိုခိုင်မာအောင် ဆောင်ရွက် ရတဲ့ကိစ္စမျိုးနဲ့ တစ်ချို့ရုံးလုပ်ငန်းတွေမှာ ကာယကံရှင်ဖက်က အထောက်အထားမခိုင်လုံသေးလို့ဘဲ ဖြစ်ဖြစ်၊ လိုအပ်ချက်ရှိလို့ပဲဖြစ်ဖြစ် အချိန်များကြန့်ကြာတက်ပါတယ်။ ထိုနည်းလည်းကောင်းပဲ ကိုယ့်လိုပဲ လျှောက်ထားတဲ့ပုဂ္ဂိုလ်တွေ (၂)ဦးရှိမယ်ဆိုတာ သက်ဆိုင်ရာရုံးအဖွဲ့ကပဲသိပါတယ်။ ဒီမှာဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်ကြီးပါဝင်မှ အားချင်းလုပ်ပေးလိုက်တယ်ဆိုတာ အထူးအခွင့်အရေးတစ်ရပ် အနေနဲ့ ကိုယ်စားလှယ်ကြီးကိုအားနာလို့ မြန်မြန်ရှေ့တင်ပြီးလုပ်ပေးလိုက်ပါဆိုတဲ့ လူမှုရေးကိစ္စ မျိုးလည်း ဖြစ်နိုင်ပါတယ်။ အဲ့တော့အမှန်တကယ်ဆိုရင်တော့ ကျွန်တော်တို့က လုပ်ထုံးလုပ်နည်းအရ ဆိုရင်တော့ အစဉ်လိုက်တန်းစီရမှာပါ။ အစဉ်လိုက်တန်းစီရမယ်ဆိုတာ ကိုယ့်ရှေ့မှာ လူ(၁ဝ)ယောက် ရှိတာလား၊ (၁၅)ယောက်ရှိတာလား၊ အမှုတွဲတွေဘယ်လောက်ရှိတာလဲ၊ ဥပမာ-အလုပ်မရှိလို့ ဒီ(၁)မှုတည်း ရှိလို့ ချက်ခြင်းဆောင်ရွက်ပေးနိုင်မယ်လို့ ကျွန်တော်တို့ကမြင်ပါတယ်။ တကယ်လို့ ဒီလုပ်ထုံးလုပ်နည်းနဲ့ ပတ်သက်တဲ့ကိစ္စတွေဟာ ဝန်ထမ်းပိုင်းဆိုင်ရာရဲ့ ကျင့်ဝတ်နဲ့လည်းဆိုင်တာဖြစ်ပါတယ်။ လူတစ်ဦးချင်း စီရဲ့ အကျင့်စာရိတ္တပိုင်းဆိုင်ရာတွေဟာ ပြုပြင်ပြောင်းလဲဖို့အတွက် ကျွန်တော်တို့နိုင်ငံတွေမှာ အားလုံးက Mind Set တွေ ချိန်းရမယ်ဆိုတာ ကြွေးကြော်ပြီးတော့ ဆောင်ရွက်ခဲ့တဲ့ကိစ္စလည်းဖြစ်ပါတယ်။ အဲ့တော့ Mind Set တစ်ဦးချင်း ချိန်းရမယ်ဆိုတဲ့ကိစ္စမှာ ကျွန်တော်တို့အနေဖြင့် နှုတ်အားဖြင့်ကတော့ မြန်မြန် ဆန်ဆန်တိတိကျကျနဲ့ လုပ်ထုံးလုပ်နည်းကို မြန်မြန်ဆောင်ရွက်ပေးဖို့အတွက် နှုတ်အားဖြင့်တော့ အမြဲတမ်းအစဉ်တစိုက် လမ်းညွှန်ပြီးဖြစ်ပါတယ်။ အဲ့ဒီအပေါ်မှာလက်ရှိအမှုတွဲနဲ့ အမှုကိစ္စတွေနဲ့ပတ်သက်၍ ကျွန်တော်တို့လည်း နှုတ်အားဖြင့် လမ်းညွှန်ပြီးဖြစ်တယ်။ ဒီနေ့တင်ပြတဲ့ကိစ္စမှာ ဝန်ထမ်းတွေရဲ့ ဝန်ထမ်း ရေးရာအပိုင်း၊ သူ့ရဲ့ဂုဏ်သိက္ခာပိုင်း၊ ကျင့်ဝတ်ပိုင်းနဲ့ သက်ဆိုင်တာဖြစ်တဲ့အတွက် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို လွှတ်တော်မှာမေးမြန်းတဲ့ မေးခွန်းတွေနဲ့ပတ်သက်၍ တင်ပြပြီး လိုအပ်တဲ့

လမ်းညွှန်မှုများကို သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌကနေပြီး ဆောင်ရွက်နိုင်ရေးအတွက် ကျွန်တော့်အနေနဲ့ တင်ပြပေးမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြား အပ်ပါသည်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“NEP ၂ မိုင်အတွင်းရှိ ကျေးရွာများ မီးလင်းရေးတွင် မီးလင်းရန်ကျန်ရှိသော ကျေးရွာများအား မည်သည့်အချိန်တွင် ပြီးစီးအောင်ဆောင်ရွက်ပေးမည်နှင့် အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ **“NEP ၂ မိုင်အတွင်းရှိ ကျေးရွာများ မီးလင်းရေးတွင် မီးလင်းရန်ကျန်ရှိသော ကျေးရွာများအား မည်သည့်အချိန်တွင် ပြီးစီးအောင် ဆောင်ရွက်ပေးမည်နှင့် အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်း၍ လုပ်ငန်းများ မပြီးစီးသေး၍ မေးမြန်းရခြင်းဖြစ်သည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“(၂၀၁၉-၂၀၂၀)ဘဏ္ဍာနှစ်အတွက် ကျေးလက်လမ်းတံတားများ၏ Estimate များကို မြို့နယ်တည်ကော်အဖွဲ့၊ QC ကုမ္ပဏီနှင့် လွှတ်တော်ကိုယ်စားလှယ်များထံပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။(၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးလက်လမ်းတံတားလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းမစတင်မီ သက်ဆိုင်ရာကျေးလက်လမ်းတံတားဌာန၊ မြို့နယ်တည်ကော်၊ QCကုမ္ပဏီ၊ သက်ဆိုင်ရာ လမ်းတံတားတင်ဒါရကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် လုပ်ငန်းများ၏ တွက်ချက်မှုများ၊ Working schedule၊ Estimate၊ Drawing များပေးရန် ဆွေးနွေးရာ ကုမ္ပဏီများမှ ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ နောက်ပိုင်းတွင် ကုမ္ပဏီများထံတောင်းရာ သက်ဆိုင်ရာဌာနတွင် ပေးထားကြောင်း သိရှိရပါသည်။ သက်ဆိုင်ရာဌာနထံတောင်းရာ ၎င်းမြို့နယ်ကျေးလက်လမ်းတံတား AE မှ ပြန်လည်ပြင်ဆင်ရန် လိုအပ်ကြောင်း၊ တွက်ချက်ပြီးပါက တိုင်းတည်ကော်အတည်ပြုပြီးမှ ပေးနိုင်မည်ဖြစ်ကြောင်း ပြောပြီး

ယနေ့အချိန်ထိ လက်ရှိလုပ်ငန်းများလုပ်ကိုင်နေသော်လည်း Estimate ပေးခြင်းလုံးဝမရှိပါ။ အပြန်အလှန် ထိန်းကြောင်းရေးတာဝန်အရ လုပ်ကိုင်နိုင်ရန် အခက်အခဲများစွာရှိပါသည်။ ယခုနှစ် ဘတ်ဂျက်ကုန်ဆုံး တော့မည့် လုပ်ငန်းများကို မည်သည့် Estimate၊ Drawing များနှင့် တိုက်ဆိုင်စစ်ဆေး၍ လုပ်ငန်း ပြီးစီးမှုလက်ခံဆောင်ရွက်နေသည်ကို နားလည်နိုင်ရန် ခက်ခဲလှပါသည်။

သို့ဖြစ်ပါ၍ (၂၀၁၉-၂၀၂၀)ဘဏ္ဍာနှစ်အတွက် ကျေးလက်လမ်းတံတားများ၏ Estimate များကို မြို့နယ်တည်ကော်အဖွဲ့၊ QCကုမ္ပဏီ၊ လွှတ်တော်ကိုယ်စားလှယ်များထံပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းအပ်ပါသည်

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“NEP ၂ မိုင်အတွင်းရှိ ကျေးရွာများ မီးလင်းရေးတွင် မီးလင်းရန်ကျန်ရှိသော ကျေးရွာများအား မည်သည့်အချိန်တွင် ပြီးစီးအောင် ဆောင်ရွက် ပေးမည်နှင့် အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်း၍ ကျောက်တံခါးမြို့နယ် NEP(၂)မိုင်အတွင်း ကျေးရွာပေါင်း(၆၁)ရွာရှိသည့်အနက် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသော နေရာရှိ ကျေးရွာပေါင်း (၄၃)ရွာကို ဖြေကြားထားပါတယ်။ သို့သော် မေးခွန်းမေးမြန်းနေသည့် အချိန် အတွင်းမှာပဲ လုပ်ငန်းတွေက ပြီးစီးနေတာဖြစ်သည့်အတွက် ကျောက်တံခါးမြို့နယ်မှာ (၂)ရွာ၊ (၃)ရွာ လောက်ပဲ ကျန်တော့ကြောင်းသိရှိရပါသည်။ သို့သော် ပဲခူးအရှေ့ကိုခြုံငုံပြီးပြောရလျှင် စက်တင်ဘာလ အတွင်းပြီးမှာပါ။ ကျန်ရှိနေသည့်အချို့ကိစ္စတွေက ယခင်ကိုယ်ထူကိုယ်ထလုပ်ထားသည့် 11 လိုင်းက နေပြီး တစ်ဝက်ယူပြီးလုပ်မှာပါ။ လိုင်းအဆွဲမခံလို့ ပြဿနာဖြစ်တဲ့ရွာလေးတွေဘဲ ကျန်ရှိနေမှာပါ။ အဲဒီ ရွာလေးတွေက ဒေသခံအခက်အခဲဖြစ်သည့်အတွက် အရင်ဆုံးကျေးရွာမီးလင်းရေးကြီးကြပ်မှုကော်မတီ အစည်းအဝေးမှာဆွေးနွေးပြီး ဆုံးဖြတ်ချက်နဲ့လုပ်ကြည့်မယ်။ လုပ်ကြည့်လို့မရပါက Cabinet မှာ တင်ပြပြီး ဒီအပေါ်မှာလိုင်းတွေဆွဲဖို့ရှိပါတယ်။ ပဲခူးအရှေ့ကိုခြုံငုံပြီးပြောရလျှင် စက်တင်ဘာလအကုန်မှာ အားလုံး ပြီးမှာဖြစ်ပါတယ်။ အကယ်၍ပြဿနာဖြစ်နေသည့် ကျန်နေသည့်ရွာတွေကို ပြဿနာဖြေရှင်းနိုင်အောင် ဆောင်ရွက်ပြီး ဒါကိုဆွဲသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ပဲခူးအနောက်ခြမ်းမှာလည်း ပစ္စည်းတင်ဒါခေါ်ယူသည့် ကုမ္ပဏီတွေက တရုတ် နိုင်ငံက ကုမ္ပဏီဖြစ်တဲ့အတွက် တင်ဒါအောင်မြင်ပြီး အနည်းငယ်သာ တင်ဒါပေးသွင်းနိုင်ခြင်းရှိသည့်အတွက် နောက်ထပ်တင်ဒါခေါ်ယူခြင်းပြုပါက အခြားကုမ္ပဏီကယူရတာဖြစ်သည့်အတွက် ပစ္စည်းပေးသွင်းနိုင်တာ နောက်ကျနေကြခြင်းဖြစ်ပါတယ်။ အဲဒီအတွက်လည်း (၈)လပိုင်းအကုန်မှာတော့ ပစ္စည်းနောက်ဆုံး ပေးသွင်းကြမှာဖြစ်ပါတယ်။ ဒီ(၈)လပိုင်းအကုန်ပေးသွင်းပြီး ပြည်ထောင်စုမှာ စာချုပ်ချုပ်တာသည် ပစ္စည်းရပြီးနောက် (၅)လခွဲ၊ (၆)လခွဲနေပေးရမယ်လို့ ကုမ္ပဏီတွေရှိပါတယ်။ ပစ္စည်းကတော့ (၈)လပိုင်း

ကုန်မှာ နောက်ဆုံးရမယ်လို့သိရပါတယ်။ အများဆုံး ၂၀၂၀ ကုန်မှာ ပြီးမယ်လို့ ခန့်မှန်းရပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"(၂၀၁၉-၂၀၂၀)ဘဏ္ဍာနှစ်အတွက် ကျေးလက်လမ်းတံတားများ၏ Estimate များကို မြို့နယ်တည်ကော် အဖွဲ့၊ QC ကုမ္ပဏီနှင့် လွှတ်တော်ကိုယ်စားလှယ်များထံ ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ကျေးလက်လမ်းတံတားလုပ်ငန်းများ၏ ခန့်မှန်းခြေ အသေးစိတ်တွက်ချက်မှုစာရင်း Estimate များကို ကျွမ်းကျင်မှုဆိုင်ရာ ခွင့်ပြုမိန့်ချမှတ်ရန်အတွက် Structral Desgin နှင့် ခန့်မှန်းခြေတွက်ချက်မှုစာရင်းများ ကိုက်ညီမှုရှိ/မရှိ၊ ဒေသပေါက်ဈေးနှုန်းနှင့် ကိုက်ညီမှု ရှိ/မရှိ၊ မြေပြင်နှင့် ကိုက်ညီမှုရှိ/မရှိတို့ကို တိုက်ဆိုင်စစ်ဆေးပြီး ခွင့်ပြုရန်ပုံငွေအလိုက် ကျွမ်းကျင်မှုဆိုင်ရာ ခွင့်ပြုမိန့်ချမှတ်ပေးပြီးသော လုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီး တည်ဆောက်ရေး လုပ်ငန်းများစိစစ်ရေးကော်မတီမှ ဆက်လက်စစ်ဆေးရပါကြောင်း၊ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများကိုလည်း ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီ စစ်ဆေးပြီးမှသာ ခွင့်ပြုမိန့်ချပေးရပါကြောင်း၊ ကျွမ်းကျင်မှုဆိုင်ရာ ခွင့်ပြုမိန့်မချမှတ်ရသေးသော ခန့်မှန်းခြေတွက်ချက်မှုစာရင်း၏ Designများသည် မြေပြင်နှင့်ကွဲလွဲမှုများရှိနိုင်ပါသဖြင့် တည်ဆောက်ရေး လုပ်ငန်းများ စိစစ်ရေးကော်မတီမှ စိစစ်အတည်ပြုချက်ရရှိပြီးသော လုပ်ငန်းများ၏ Estimate များကိုသာ လွှတ်တော်ကိုယ်စားလှယ်များ တောင်းခံလာပါက ဌာနမှပေး၍ရပါကြောင်းနှင့် Estimateသည် ကန့်သတ်ချက်ဖြင့် ထုတ်ပေးရသည့်အတွက် လိုအပ်၍ စာဖြင့်လက်မှတ်ရေးထိုး တောင်းခံမှသာ သက်ဆိုင်သူသို့ ဆောင်ရွက်ပေး၍ရပါကြောင်းဖြေကြားအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဥက္ကဋ္ဌကြီးရှင့်- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းချင်တာကတော့ ကျွန်မတို့ဆီမှာ ဝန်ကြီးကဖြေထားတာကတော့ လွှတ်တော်မှာလည်း တရားဝင် မေးခွန်းမေးပြီးတော့ Estimate တွေပေးဖို့ တောင်းပါတယ်။ တောင်းတဲ့အခါမှာ ကိုယ်စားလှယ်တွေက လက်မှတ်ထိုးပြီးကာမှ တစ်ခါပြန်တောင်းရအုန်းမယ်ဆိုတော့ အဲ့လုပ်ငန်းစဉ်ကတော့ အနည်းငယ် လွဲချော်နေတယ်လို့ထင်ပါတယ်။ အဲ့ဒီအပြင် ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းချင်တာက တည်/ကော် အဖွဲ့က ပြန်ပြီးတော့ပြင်ဆင်တာတွေရှိနိုင်တယ်၊ တွက်ချက်မှုတွေပြန်ပြင်တာရှိနိုင်တယ်ဆိုရင် တည်/ကော် အဖွဲ့ကခွင့်ပြုတဲ့ Estimate တွေကိုမှ အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ အဲ့ဒါဆိုရင် မြေပြင်မှာ

တည်/ကော်အဖွဲ့က Estimate မပေးသေးဘူး။ မပေးသေးဘဲနဲ့ ဘာဖြစ်လို့မြေပြင်မှာ အကောင်အထည် ဖော်နေလဲ၊ အဲ့ဒါဆိုရင် သက်ဆိုင်ရာ QC အဖွဲ့တွေကလည်း (၂%)ယူပြီးတော့ လုပ်ငန်းစဉ်တွေကို စစ်ဆေး နေရတယ်။ အဲ့တော့ တည်/ကော်အဖွဲ့က ခွင့်ပြုမထားသေးဘဲနဲ့ ဘာနဲ့ QC အဖွဲ့တွေက စိစစ်ရမလဲ၊ ကျွန်မတို့ကိုယ်စားလှယ်တွေကလည်း လုပ်ငန်းစဉ်အရ ကျေးလက်လမ်းတံတားတွေက ပြောရရင် ဘတ်ဂျက်မှာအများဆုံး ကျန်တဲ့ဌာနတွေထက် ကျေးလက်လမ်းတံတားမှာ ဘတ်ဂျက် အများဆုံး ထည့်ထားတာပါ။ အဲ့တော့လုပ်ငန်းစဉ်တွေကို ကျွန်မတို့လိုက်ပြီး စိစစ်တဲ့အခါကြတော့ အဲ့ဒီတိုက်ဆိုင်ပြီး စစ်ဆေးရမဲ့ Estimate ကိုပေးဆိုတော့မပေးဘူး။ မပေးဘဲနဲ့ နောက်ဆုံးလုပ်ငန်းကို ကြတော့ သက်ဆိုင်ရာ စာရင်းစစ်က လာစစ်တဲ့အခါမှာ လုပ်ငန်းပြီးပြီးတော့ နောက်တစ်နှစ်လောက်နေမှ လာစစ်တယ်။ အဲ့လို လာစစ်တဲ့အချိန်ကြမှ တည်/ကော် အဖွဲ့က ခွင့်ပြုထားတဲ့ Estimate ကိုပေးတယ်။ အဲ့တော့ နဂိုမူလ လုပ်ငန်းစဉ်အရ လမ်းတစ်လမ်းခင်းမယ်ဆိုရင် အောက်မှာ 24 ခံရမယ်၊ ဘယ်နှလွှာကြိတ်ရမယ် စသည်ဖြင့် အဆင့်ဆင့်တွေပြီးသွားမှ လမ်းတစ်ခုက ပြီးသွားမှာ၊ အဲ့တော့ စာရင်းစစ်က လာစစ်မယ်ဆိုရင် စာရင်း ဇယားအပိုင်းရပဲ စစ်လို့ရမယ်။ လုပ်ငန်းစဉ်အဆင့်ဆင့်က စတင်ဆောင်ရွက်နေဆဲ အချိန်ကနေပြီးစီးတဲ့ အချိန်အထိကို အနီးစပ်ဆုံးဖြစ်တဲ့ QC အဖွဲ့ကနေမှ စိစစ်နိုင်မယ်။ ကိုယ်စားလှယ်တွေဆိုတာက (၂)လ တစ်ကြိမ် (၃)လ တစ်ကြိမ်လောက်မှာ စသည်ဖြင့် လုပ်ငန်းကို ကြည့်နိုင်တာ။ QC အဖွဲ့ကတော့ နေ့စဉ် စဉ်ဆက်မပြတ် သူ့ဝန်ထမ်းတွေနဲ့ ဒီလုပ်ငန်းစဉ်တွေကို စိစစ်နေရတာဖြစ်ပါတယ်။ အဲ့တော့ အခုအချိန် အထိ ဒီ Estimate ကို မပေးနိုင်သေးဘူးဆိုတော့ ဒီ QC အဖွဲ့ကရော ဘယ် Estimate နဲ့ စစ်နေပြီးတော့ နောက်ဆုံးဌာနကရော ဒီကုမ္ပဏီလုပ်နေတဲ့ လုပ်ငန်းတွေကို ဘယ် Estimate နဲ့ အတည်ပြုပြီးတော့ လက်ခံဆောင်ရွက်နေသလဲ၊ အဲ့တော့နောက်မှ Estimate ကို ပေးမယ်ဆိုတော့ လုပ်ငန်းစဉ်ကြီးက ပြောင်းပြန်ကြီးဖြစ်နေတဲ့အတွက် အဲ့လုပ်ငန်းစဉ်ကို ပြန်လည်တည့်မတ်နိုင်ဖို့အတွက်ကို အခုအချိန်မှာလည်း တစ်ချို့လုပ်ငန်းတွေကပြီးနေပြီ၊ တစ်ချို့ လုပ်ငန်းတွေကတော့ လုပ်ငန်းဆောင်ရွက်ဆဲ ဖြစ်ပါတယ်။ အဲ့တော့ ဝန်ကြီးအနေနဲ့ ဒီလုပ်ငန်းစဉ်ကြီးက ပြောင်းပြန်ကြီးဖြစ်နေတဲ့အတွက် တိုင်းဒေသကြီးဘတ်ဂျက်နဲ့ဆိုင်တဲ့ Estimate တွေကို တိုင်းဒေသကြီး တည်/ကော်အနေဖြင့် မြို့နယ်အလိုက် လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး ဒီ Estimate တွေကို သက်ဆိုင်ရာ QC တို့၊ ကိုယ်စားလှယ်တို့၊ မြို့နယ်တည်/ကော်အဖွဲ့တွေကို ပေးနိုင် ဖို့အတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်းအနေဖြင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရှင်းလင်းဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ Estimate က ပေးလို့

ရပါတယ်။ ဒါပေမယ့် ကန့်သတ်ဖြစ်နေပါတယ်။ အဲ့ဒီမှာ လွှတ်တော်မှာအခုဖြေတဲ့ဟာကလည်း ပေးလို့ရပါတယ်လို့ဖြေတာပါ။ သို့သော် တကယ်တမ်းကြတော့ ကန့်သတ်ဖြစ်နေတဲ့အတွက် တကယ်တမ်း လိုချင်တယ်ဆိုရင် ဘယ်နေရာ၊ ဘယ်ဟာကိုဆိုတဲ့ တိကျတဲ့ဟာကို လက်မှတ်ထိုးတောင်းလည်းရပါတယ်။ လက်မှတ်ထိုးတောင်းတယ်ဆိုတာ ချည်နှောင်ခြင်းလည်းမဟုတ်ပါဘူး။ ကန့်သတ်ဖြစ်တဲ့အတွက် ဘောင်ဝင်ပြီးတော့ ပေးလို့ရကြောင်း ပထမဦးစွာ ဖြေကြားလိုပါတယ်။ နောက်ဒုတိယပြောတဲ့ ဆက်စပ်မေးခွန်းဟာက ပြောင်းပြန်ဖြစ်နေတယ်ဆိုတဲ့ ကိစ္စလေးပါ။ တစ်ချို့ကိစ္စလေးတွေကတော့ ဟုတ်ပါတယ်။ အဲ့ဒီမှာ တွက်ချက်တင်ကတည်းက ဒီပေါ်မှာတော့ အနီးစပ်ဆုံး တွက်ချက်တင်တာပါ။ တကယ်တမ်း ဘောင်ဝင်/စည်းဝင်ဖြစ်အောင်ဆိုတာကတော့ တည်/ကော်စိစစ်ပြီးမှသာလျှင် ဘောင်ဝင်/ စည်းဝင် ဖြစ်ပါတယ်။ တည်/ကော်စိစစ်ပြီးမှသာ လုပ်ဆောင်မယ်ဆိုရင်လည်း ကျွန်တော်တို့က နှောင့်နှေးကြန့်ကြာနေမှာဖြစ်ပါတယ်။ တချို့အပိုင်းတွေက တည်/ကော်အစည်းအဝေးလုပ်တာထက် တည်/ကော်မှာ တကယ်တမ်းစိစစ်နေတဲ့အချိန်လေးတွေ ကြန့်ကြာနေတာဖြစ်တဲ့အတွက် လုပ်ငန်းကိုကြိုတင်ဆောင်ရွက်နေတာမျိုးလည်းဖြစ်ပါတယ်။ QC တွေကြတော့ စစ်နေတယ်ဆိုတဲ့ အထဲမှာ QC စစ်တာက Estimate ကို အဓိကစစ်တာမဟုတ်ပါဘူး။ QC စစ်တာ သူ့ရဲ့ အရည်အသွေးကို စစ်တာပဲဖြစ်ပါတယ်။ အဲ့တော့ Estimate သည် Design နဲ့ ကိုက်ညီမှုရှိ/မရှိ၊ ဒေသပေါက်ဈေးနှုန်းနဲ့ ကိုက်ညီမှုရှိ/မရှိကို စစ်ဆေးခြင်း ဖြစ်ပါတယ်။ တည်/ကော်စိစစ်တာနဲ့၊ အစည်းအဝေးလုပ်တာနဲ့က နည်းနည်းကြန့်ကြာမှုရှိပါတယ်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်ကြီးက ဒါကိုအရေးတကြီးလိုချင်ပါတယ်ဆိုရင် အကြောင်းပြချက် မဟုတ်ဘဲနဲ့ ဒါကို အရေးတကြီး လိုချင်ပါတယ်လို့တောင်းဆိုရင် လိုချင်တဲ့ဟာကို အမြန်ဆုံးစိစစ်ပြီးတော့မှ တည်/ကော်မှာ အစည်းအဝေးဆုံးဖြတ်ချက်နှင့် အတည်ပြုချက်ယူပြီး ပေးမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီ အစီရင်ခံစာ (၄/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ အစီရင်ခံစာ (၄/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး[ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]။** ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီ၏ အကြံပြုချက်အစီရင်ခံစာပါ အပိုဒ်၅ (က)၊ (ခ) တို့နှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအား ပြန်လည်တင်ပြအပ်ပါသည်–

- ပဲခူးမြို့နယ်၊ ညောင်အင်းပြည်ပစက်မှုဇုန်ရှိ လိမ္မော်ရောင်အထည်ချုပ်စက်ရုံနှင့်ပတ်သက်၍ တိုင်ကြားစာအား စက်ရုံအတွင်းရှိ လုပ်ငန်းညှိနှိုင်းရေးကော်မတီမှ စတင်ဖြေရှင်းသင့်ပါကြောင်း တင်ပြတိုင်ကြားသူ မြို့နယ်ချည်မျှင်နှင့်အထည်အလိပ် အလုပ်သမားအဖွဲ့အစည်း အတွင်းရေးမှူးအား အကြောင်းပြန်ကြားပြီး ဆောင်ရွက်ခဲ့ရာ တိုင်ကြားမှုနှင့်ပတ်သက်၍ အလုပ်ရှင်နှင့် အလုပ်သမားများ ညှိနှိုင်းပြေလည်ပြီး ဖြစ်ပါသည်။
- သာဘာဝတီမြို့နယ် အောင်မြင်သော အထည်ချုပ်စက်ရုံ အလုပ်သမားများ၏ တိုင်ကြားစာနှင့်ပတ်သက်၍ (၂.၁၁.၂၀၁၉)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီ အတွင်းရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၊ လူမှုဖူလုံရေး အဖွဲ့တို့မှ တိုင်းအဆင့်ဦးစီးမှူးများနှင့်ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်စေခဲ့ပါသည်။ အလုပ်ရှင်၊ အလုပ်သမား ပြဿနာများ ကြီးထွားမလာစေရန်နှင့် အလုပ်သမားများ၏ ရပိုင်ခွင့်များကို ဥပဒေနှင့်အညီရရှိစေရေးအတွက် အလုပ်သမားရေးရာ(၄)ဌာနမှ စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေးဆွေးနွေးခြင်း၊ စစ်ဆေးကြပ်မတ်ခြင်း တို့အား ဆောင်ရွက်လျှက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ အစီရင်ခံစာအပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအစီရင်ခံစာကို ဆွေးနွေးရန် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)က အမည်စာရင်းတင်သွင်းထားပါတယ်။ သို့ဖြစ်ပါ၍ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ယနေ့အစည်းအဝေးသို့ ကြွရောက်လာသူများအားလုံး မင်္ဂလာပါ။ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်

ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ တင်သွင်းထားတဲ့ အစီရင်ခံစာ(၁/၂၀၂၀)နဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဒီအစီရင်ခံစာကို ကျွန်တော် အပိုဒ်(၁)ပိုဒ်တည်းကိုပဲ ဆွေးနွေးမယ်ဆိုပြီးတော့လည်း တင်ပြထားပါတယ်။ ဒါကြောင့်မို့ ကျွန်တော်ဆွေးနွေးမယ့်အပိုဒ်ကတော့ အပိုဒ် ၉ ဖြစ်ပါတယ်။ အဲ့တော့ အစီရင်ခံစာရဲ့ အပိုဒ် ၉ မှာ သစ်တောကဏ္ဍဆိုပြီးဖော်ပြထားပါတယ်။ သစ်တောကဏ္ဍဆိုပြီး ဖော်ပြထားတဲ့ အောက်မှာ သစ်တောနဲ့ ပတ်သက်သော ကဏ္ဍမှာ သစ်ထုတ်လုပ်မှု(၁၀)နှစ် ရပ်ဆိုင်းထားသော်လည်း ယခင်ထက်ပိုမို ထုတ်ယူလျက်ရှိပါသည်ဆိုပြီးတော့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ကျွန်တော်တို့လွှတ်တော်အနေနဲ့ အစီရင်ခံစာတွေရေးသားရာပဲဖြစ်ဖြစ်၊ မည်သည့်အကြောင်းအရာတွေမှာပဲဖော်ပြရသည်ဖြစ်စေ အစီရင်ခံစာများသည် တိုင်းဒေသကြီးလွှတ်တော်၏ မှတ်တမ်းထဲမှာ ထည့်သွင်းသွားရမှာပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မဆီလျော်တဲ့ အကြောင်းပြချက်များနှင့် ခိုင်လုံသော အထောက်အထားမပါရှိတဲ့ ယူဆချက်များ၊ မသင့်လျော်သောအသုံးအနှုန်းများ၊ ဂုဏ်သိက္ခာ ထိခိုက်စေနိုင်သည့် ဖော်ပြချက်များ မပါရှိစေရဆိုတာ လွှတ်တော်စည်းကမ်းတွေထဲမှာလည်း အတိအလင်း ပြဋ္ဌာန်းထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ သစ်ထုတ်လုပ်မှု(၁၀)နှစ်ရပ်ဆိုင်းထားသော်လည်း ယခင်ထက်ပိုမို ထုတ်ယူလျက်ရှိသည်ဟု ဖော်ပြထားချက်ဟာ ဘယ်အထောက်အထားပေါ်မှာ အခြေခံပြီးတော့ ဖော်ပြထားချက်လည်းဆိုတဲ့ အကြောင်းအချက်ကို အစီရင်ခံစာရေးသားတဲ့ ကော်မတီကို မေးမြန်းလိုပါတယ်။

နောက်ထပ်တစ်ချက်အနေနဲ့ကတော့ ထုတ်လုပ်မှုများသည် တရားမဝင်ထုတ်လုပ်မှုများဖြစ်ပြီး ထိုသို့ထုတ်ယူရာတွင် သစ်တောဝန်ထမ်းများအားနည်းခြင်း၊ အဂတိလိုက်စားမှုများမကင်းရှင်းသောကြောင့်ဆိုတဲ့ စကားရပ်ပါဝင်ပါတယ်။ အဲ့ဒါကြောင့်အဲ့ဒီစကားရပ်ကို ဆွေးနွေးရမယ်ဆိုရင် ထုတ်လုပ်မှုများသည် တရားမဝင်ထုတ်လုပ်မှုများဖြစ်ပြီး ဟုတ်ပြီ ဘယ်နားမှာတရားမဝင်ထုတ်လုပ်နေတာလဲ၊ ဘယ်မြို့နယ်မှာလဲ၊ ဘယ်အုပ်စုမှာလဲ ဒါတွေတိတိကျကျဖော်ပြဖို့လိုအပ်ပါတယ်။ ဝါးလုံးရှည်နဲ့ သိမ်းရိုက်လို့တော့ မရပါဘူး။ သစ်မရှိတဲ့မြို့နယ်တွေအများကြီးရှိသလို၊ သစ်ရှိတဲ့မြို့နယ်တွေလဲ အများကြီးရှိပါတယ်။ ဒီနေရာမှာ ဒီလိုမျိုးလွှတ်တော်ရဲ့အစီရင်ခံစာတစ်ရပ်အနေနဲ့ ဒီလိုမျိုးဝါးလုံးရှည်နဲ့သိမ်းရိုက်တဲ့ ပုံစံမျိုးဆိုရင် လွှတ်တော်ရဲ့ဂုဏ်သိက္ခာကိုလည်း များစွာထိခိုက်နိုင်သလို လွှတ်တော်ဆိုင်ရာဥပဒေများကိုလည်းပဲ ကျော်လွန်ရာရောက်နိုင်ပါတယ်။ ဒါကြောင့် ဒီအစီရင်ခံစာနဲ့ပတ်သက်ပြီး ကော်မတီအနေနဲ့ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း ဒါမှမဟုတ် လိုအပ်သလို စီမံဆောင်ရွက်ခြင်းများ ပြန်လည်ပြုလုပ်လို၍ ဆွေးနွေးရခြင်းဖြစ်ပါတယ်။

ဒုတိယတစ်ချက်အနေနဲ့ ထပ်တွေ့ရှိရတာကတော့ အဂတိလိုက်စားမှုဆိုတဲ့အပိုင်းက(၂)ခုတောင် ဆက်တိုက်ပါတယ်။ တရားမဝင်သစ်ထုတ်လုပ်မှုများဖြစ်ပြီး သစ်တောဝန်ထမ်းများ အားနည်းခြင်းနှင့် အဂတိလိုက်စားမှုများ မကင်းရှင်းသောကြောင့်ဆိုသည့် အပိုဒ်ပါပါတယ်။ အဂတိလိုက်စားမှုတွေ မကင်းရှင်းဘဲ ကော်မတီက အဂတိလိုက်စားတာကိုသိလျက်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဘာကြောင့်မတိုင်တာလဲ၊ ဒါကျွန်တော်တို့လွှတ်တော်မှာ တာဝန်ရှိလာပြီ။ ဒီအဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က အလကားပြဋ္ဌာန်းထားတာ မဟုတ်ဘူး။ အဂတိလိုက်စားမှုတွေ

ရှိတယ်ဆိုရင် ဒီအဂတိလိုက်စားမှုတွေကို ဖော်ထုတ်ရမှာက ပြည်သူတစ်ဦးတစ်ယောက်ချင်းစီမှာ တာဝန်ရှိသလို၊ အသင်းအဖွဲ့တွေမှာလည်း တာဝန်ရှိသလို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေမှာလည်း ပို၍တာဝန်ရှိပါတယ်။ ဒါကြောင့် အစီရင်ခံစာနဲ့ပတ်သက်ပြီး ဒီအစီရင်ခံစာထဲမှာ ထည့်သွင်းရေးသားမှုက မဆီလျော်သည့် အနေအထားတွေရှိရသည့်အတွက် ဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ဒုတိယတစ်ချက်အနေနဲ့ သစ်တောဦးစီးဌာနမှ ထုတ်ယူခွင့်ကုဗတန်အား သတ်မှတ်ထားသော်လည်း အဂတိတရားများမကင်းရှင်းသောကြောင့် ဒုတိယအကြိမ် ပါလာပြန်တယ်။ သတ်မှတ်ထားသည့် ပမာဏထက်ပိုမိုထုတ်ယူကြောင်းတွေ့ရှိရတယ်။ အဂတိမကင်းရှင်းသည့်အတွက် သတ်မှတ်တန်ချိန်ထက် ပိုမိုထုတ်ယူတယ်ဆိုလျှင် ဘယ်အထောက်အထားနဲ့ပြောတာလဲ၊ ကျွန်တော်တို့ လွှတ်တော်ရဲ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေထဲမှာလည်း အထောက်အထားအချက်အလက်ခိုင်လုံသည့် အကြောင်းအရာတွေကိုသာ ဖော်ပြရမယ်ဆိုတာ အတိအလင်းဖော်ပြထားပြီးသားရှိပါတယ်။ ဒါကြောင့် ခိုင်လုံသောအကြောင်းပြချက် တိတိကျကျမရှိဘဲနဲ့ ဤကဲ့သို့ အစီရင်ခံစာထဲမှာ ထည့်သွင်းဖော်ပြလျှင် ကျွန်တော်တို့ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာကိုထိခိုက်စေနိုင်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်အစီရင်ခံစာကို လိုအပ်သလို ပြင်ဆင်ပြောင်းလဲ၍မှတ်တမ်းတင်ခြင်းများ ပြုလုပ်နိုင်ဖို့အတွက် ကျွန်တော်ဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ဒီအစီရင်ခံစာနဲ့ပတ်သက်ပြီး အခြားအချက်အလက်တွေက အင်မတန်ကောင်းမွန်တဲ့ အချက်အလက်တွေ ပါဝင်သလို ကျွန်တော်တို့ နံ့သာကြိုင်တဲ့ဟင်း(၁)ခွက်မှ မစင်တစ်စက်ကြောင့်ပျက်သကဲ့သို့ဖြစ်နေမှာစိုးသည့်အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှ ဒီအစီရင်ခံစာကို မှတ်တမ်းတင်ခြင်းတွင် လိုအပ်သလိုစိစစ်၍ ပြင်ဆင်ပြောင်းလဲပေးနိုင်ပါရန် ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ထပ်မံအသိပေး ကြေညာပေးမည်ဖြစ်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို (၁၁:၂၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ဆက်လက်ကျင်းပမည်နေ့ရက်နှင့် အချိန်ကို ထပ်မံအသိပေးအကြောင်းကြားပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။

[ **သြဘာသံများ** ]

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၂)ရက်မြောက်နေ့ မှတ်တမ်း
# ၁၃၈၂ ခုနှစ် ဝါခေါင်လဆန်း(၁၃)ရက်
# ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ ၃၁ ရက်
# (တနင်္လာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၅ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၅.၅၃ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်း ဒေသကြီလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)နှင့် ၃၅(ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး နှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း [ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]၊ မင်းလှ မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်လှလှဝင်း၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်မိုးတို့သည် ကိုယ်တိုင်

ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၃၁.၈.၂၀၂၀)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၁၁)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ (ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]**။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀၊ ပုဒ်မခွဲ (ခ)အရ **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရစီမံကိန်း၊ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သို့ တင်သွင်းရမည်"** ဟု ဖော်ပြထားရာ တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပေးနိုင်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ပဲခူးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား စိစစ်အတည်ပြုပေးပါရန် တင်ပြခြင်း ဖြစ်ပါသည်။

ဒေသန္တရစီမံကိန်းဥပဒေတွင်ပါရှိသော ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်၊ စီမံကိန်းလျာထားချက်များ ရေးဆွဲရာတွင် နိုင်ငံတော်မှ ချမှတ်ထားသော စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ်ပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစဉ်များအပေါ် အခြေခံပြီး ရေးဆွဲထားခြင်း ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ စုစုပေါင်း ထုတ်လုပ်မှု ဝန်ဆောင်မှုတန်ဖိုး (GDP)ကို ကျပ်ဘီလီယံ ၈၀၇၅.၀၆ (ကျပ်ရှစ်ထောင်ခုနှစ်ဆယ့်ငါး ဘီလီယံကျော်)နှင့်တိုးတက်မှုနှုန်း ၆.၁ တိုးတက်ဖြစ်ပေါ်စေရန် ရည်မှန်းထားပြီး ကဏ္ဍအလိုက်ဒေသန္တရစီမံကိန်း၏အရေးကြီးသော ရည်မှန်းချက်များမှာ-

| စဉ် | ကဏ္ဍအမည် | GDPတန်ဖိုး (ကျပ်ဘီလီယံ) | တိုးတက်မှုနှုန်း |
|---|---|---|---|
| ၁ | လယ်ယာ | ၁၄၅၄.၉၄၈ | ၁.၀ |
| ၂ | သားငါး | ၇၁၅.၂၀၅ | ၄.၄ |
| ၃ | သစ်တော | ၄.၆၀၁ | -၂၅.၀ |
| ၄ | စွမ်းအင် | ၁.၆၀၃ | ၁၄.၀ |
| ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၁.၁၅၈ | ၁.၈ |
| ၆ | စက်မှုလက်မှု | ၁၈၅၉.၉၈၂ | ၆.၈ |
| ၇ | လျှပ်စစ်ဓာတ်အား | ၈၃.၁၅၁ | ၇.၀ |
| ၈ | ဆောက်လုပ်မှု | ၄၉၀.၀၃၀ | ၈.၀ |
| ၉ | ပို့ဆောင်ရေး | ၁၂၂၂.၈၀၁ | ၉.၄ |

| | | | |
|---|---|---|---|
| ၁၀ | ဆက်သွယ်ရေး | ၂၂၁.၄၈၃ | ၇.၂ |
| ၁၁ | ငွေရေးကြေးရေး | ၂၅.၆၉၈ | ၉.၇ |
| ၁၂ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂၀၃.၁၄၄ | ၄.၁ |
| ၁၃ | အခြားဝန်ဆောင်မှု | ၂၄၆.၄၅၈ | ၉.၇ |
| ၁၄ | ကုန်သွယ်မှု | ၁၅၃၄.၇၉၈ | ၇.၅ |
| | စုစုပေါင်း | ၈၀၇၅.၀၆၀ | ၆.၁ |

ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ရည်မှန်းချက်တွင် လယ်ယာကဏ္ဍကြီး (လယ်ယာ ၊ သားငါး၊ သစ်တောကဏ္ဍ )၌ ၂.၀% ၊ စက်မှုကဏ္ဍကြီး (စွမ်းအင်၊ သတ္တုနှင့်တွင်းထွက်၊ စက်မှုလက်မှု ၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍ )၌ ၇.၀% ၊ ဝန်ဆောင်မှု ကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှု ကဏ္ဍ )၌ ၈.၁% တိုးတက်ရန် ရည်မှန်းထားပါသည်။

| စဉ် | ကဏ္ဍကြီးအမည် | ၂၀၁၉-၂၀၂၀ ပါဝင်မှုနှုန်း | ၂၀၂၀-၂၀၂၁ ပါဝင်မှုနှုန်း |
|---|---|---|---|
| (က) | လယ်ယာကဏ္ဍကြီး | ၂၇.၄ | ၂၆.၆ |
| (ခ) | စက်မှုကဏ္ဍကြီး | ၃၁.၂ | ၃၁.၇ |
| (ဂ) | ဝန်ဆောင်မှုကဏ္ဍကြီး | ၄၁.၄ | ၄၁.၇ |

ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသုံးစွဲသည့် ဗဟိုအဖွဲ့အစည်း(၄)ခုနှင့် စည်ပင်သာယာရေးအဖွဲ့အပါအဝင် စုစုပေါင်း(၂၆)ဌာနအနက် (၂၄)ဌာနမှ စုစုပေါင်း ကျပ်ဘီလီယံ ၁၃၄.၃၃၃ (ကျပ်တစ်ရာသုံးဆယ့်လေးဘီလီယံကျော်) ရင်းနှီးမြှုပ်နှံရန် အဆိုပြုလျာထားမှုများပါဝင်သည့် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား အတည်ပြုပေးပါရန် တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်သွင်းသည့် ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၂.၉.၂၀၂၀)ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း (ဥပဒေကြမ်း)ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း (ဥပဒေကြမ်း)ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]**။ ။ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါဝရပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ ယခုကျင်းပလျက်ရှိသော လွှတ်တော်အစည်းအဝေးတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ၂၀၂၀–၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

၂၀၂၀–၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ ၉.၄.၂၀၂၀ ရက်နေ့တွင် ပေးပို့တင်ပြခဲ့သည့် ၂၀၂၀–၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါတယ်–

### ၂၀၂၀–၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေစာရင်း

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | ပေါင်း |
|---|---|---|---|---|---|
| (က) | ရငွေ | ၄၄,၅၆၈.၄၀၃ | ၁၂.၉၂၅ | – | ၄၄,၅၈၁.၃၂၈ |
| (ခ) | ပြည်ထောင်စု ထောက်ပံ့ငွေ | ၁၆၅,၈၂၁.၆၆၃ | – | – | ၁၆၅,၈၂၁.၆၆၃ |
| (ဂ) | သုံးငွေ | ၇၆,၃၈၅.၀၇၇ | ၁၃၄,၀၁၇.၉၁၄ | – | ၂၁၀,၄၀၂.၉၉၁ |

| | | | | | |
|---|---|---|---|---|---|
| (ဃ) | ပိုငွေ(+)/လိုငွေ(−) | (+)၁၃၄,၀၀၄.၉၈၉ | (−)၁၃၄,၀၀၄.၉၈၉ | − | − |

၂၀၂၀−၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများအပေါ် ရေးရာကော်မတီအသီးသီးမှစိစစ်ပြီး ပြန်လည်သုံးစွဲရန် အကြံပြုခဲ့သည့် သာမန်အသုံးစရိတ်ကျပ် ၁,၇၃၀.၉၉၃သန်းနှင့် ငွေလုံးငွေရင်းအသုံးစားရိတ် ကျပ် ၅၅၃.၈၈၃ သန်း၊ စုစုပေါင်းကျပ် ၂,၂၈၄.၈၁၆ သန်းအား ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ကျပ် ၁၆.၉၇၈သန်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ကျပ် ၂၂၆၇.၈၃၈သန်းကို ပြန်လည်ထည့်သွင်းရေးဆွဲခဲ့ပြီး UNDP မှ ထောက်ပံ့ငွေကျပ် ၁,၂၃၀.၈၀၀ သန်းအားထည့်သွင်း ရေးဆွဲခဲ့ပါသဖြင့် ဖြစ်ပေါ်လာသည့် ၂၀၂၀−၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါတယ်−

**၂၀၂၀−၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေစာရင်း**

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | ပေါင်း |
|---|---|---|---|---|---|
| (က) | ရငွေ | ၄၅,၇၉၉.၂၀၃ | ၁၂.၉၂၅ | − | ၄၅,၈၁၂.၁၂၈ |
| (ခ) | ပြည်ထောင်စု ထောက်ပံ့ငွေ | ၁၆၅,၈၂၁.၆၆၃ | − | − | ၁၆၅,၈၂၁.၆၆၃ |
| (ဂ) | သုံးငွေ | ၇၇,၃၀၀.၉၉၀ | ၁၃၄,၃၃၂.၈၀၁ | − | ၂၁၁,၆၃၃.၇၉၁ |
| (ဃ) | ပိုငွေ(+)/လိုငွေ(−) | (+)၁၃၄,၃၁၉.၈၇၆ | (−)၁၃၄,၃၁၉.၈၇၆ | − | − |

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်စိစစ်သည့်အဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဆောင်သည့်အဖွဲ့တို့ Video Conferencing စနစ်ဖြင့်ပြုလုပ်သည့် ဘတ်ဂျက်စိစစ်ညှိနှိုင်းခြင်းဆိုင်ရာ အစည်းအဝေးမှ စိစစ်လျှော့ချခဲ့သည့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ Laptop (၁၀)လုံးအတွက် လျှော့ချခဲ့သည့်ငွေရပ် ကျပ် ၁၀ သန်းအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းအသုံးစရိတ်စာရင်း၊ သဘာဝဘေးငွေစာရင်းခေါင်းစဉ်သို့ ပြောင်းရွှေ့ထည့်သွင်းလျာထားခဲ့ပြီး ဘဏ္ဍာရေးကော်မရှင်သို့ ဆက်လက်တင်ပြခဲ့ပါတယ်။

ဥပဒေကြမ်းကို တိုင်းဒေသကြီးဥပဒေရုံးချုပ်ရုံးသို့ပေးပို့ပြီး ဥပဒေဆိုင်ရာ သဘောထားမှတ်ချက်များ တောင်းခံခဲ့ပြီး ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ထောက်ပံ့ငွေများပါဝင်သည့် ၂၀၂၀–၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ၂၆–၈–၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့တွင် အတည်ပြုပြီး ဖြစ်ပါသည်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀– ၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း၏ နောက်ဆုံးအခြေအနေမှာ စုစုပေါင်း ရငွေ ကျပ် ၄၅,၈၁၂.၁၂၈ သန်း၊ စုစုပေါင်းအသုံးစာရိတ်အနေဖြင့် ကျပ် ၂၁၁,၆၃၃.၇၉၁ သန်းဖြစ်ပါသည်။ လိုငွေများကို ပြည်ထောင်စုမှ ထောက်ပံ့ငွေအဖြစ်ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှ အတည်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။

၂၈–၈–၂၀၂၀ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အထူးအစည်းအဝေး Cabinet အမှတ်စဉ် (၄/၂၀၂၀)တွင် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။

ဒါကြောင့် ယခုတင်သွင်းသည့်၂၀၂၀–၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းအပေါ် အတည်ပြုပေးနိုင်ရန်အတွက် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်သွင်းသည့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်း ဒေသကြီး ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း (ဥပဒေကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၂.၉.၂၀၂၀)ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအတွင်းရေးမှူး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအတွင်းရေးမှူး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်း ဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီမှ (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ (၁/၂၀၂၀)

**နိဒါန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီကို ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၆၇ ပုဒ်မခွဲ (က)၊(ခ)နှင့်(ဂ)တို့အရ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ နည်းဥပဒေခွဲ (က)နှင့် (ခ)တို့အရ လည်းကောင်း ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ ၂၀၁၈ ခုနှစ် မတ်လ (၃၀)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၈) ဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ကော်မတီအဖွဲ့ဝင် (၁၀)ဦးဖြင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ အဓိကမဏ္ဍိုင်ဖြစ်သော ဥပဒေပြုခြင်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များဆောင်ရွက်ခြင်း၊ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော်က အတည်ပြုပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ခြင်း၊ ပြဋ္ဌာန်းပြီးသောဥပဒေများအား ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရှိ သက်ဆိုင်ရာကော်မတီများနှင့် ပူးပေါင်းလေ့လာသုံးသပ်၍ ပြင်ဆင်ရန်လိုအပ်သည့် ဥပဒေများအား ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ပြည်သူများမှ ကော်မတီသို့ ပေးပို့တိုင်ကြားလာသော တိုင်ကြားစာများအား စိစစ်သုံးသပ်၍ ကာယကံရှင်နှင့် သက်ဆိုင်ရာအစိုးရဌာနများသို့ အကြောင်းကြားနိုင်ရေးကော်မတီ၏ စိစစ်သုံးသပ်တွေ့ရှိချက် အစီရင်ခံစာအား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်းနှင့် ပဲခူးတိုင်းဒေသကြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့၏ ဘဏ္ဍာနှစ်အလိုက် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်ဖြည့်စွက်ခွင့်ပြုရန်ပုံငွေစာရင်းများအား စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

**ရည်ရွယ်ချက်**

ပဲခူးတိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးမှုရှိစေရန်နှင့် ပြည်သူကိုအကျိုးပြုသော ဥပဒေများပေါ်ပေါက်လာစေရန်၊ တိုင်းဒေသကြီးရန်ပုံငွေများ စနစ်တကျစိစစ်ဆောင်ရွက်ရန်နှင့် တိုင်ကြားစာများစိစစ်သုံးသပ်ဆောင်ရွက်ရန်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏ ဆောင်ရွက်ချက်များ**

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီနှင့် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ ပူးပေါင်းကျင်းပပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၀)ကို (၂၇.၁.၂၀၂၀) ရက်နေ့မှ (၃၀.၁.၂၀၂၀) ရက်နေ့အထိ ဆောင်ရွက်ခဲ့ပါသည်။ (၂၇.၁.၂၀၂၀) ရက်နေ့မှ (၂၉.၁.၂၀၂၀)ရက်နေ့အထိတွင် ပစ္စည်းခွန်စည်းကြပ်ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေများကို ဆွေးနွေးသုံးသပ်ပြီး တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများနှင့်အဖွဲ့အား တွေ့ဆုံဆွေးနွေးမှုမှ ထွက်ပေါ်လာသော အချက်အလက်များကို နည်းဥပဒေတွင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ (၃၀.၁.၂၀၂၀)ရက်နေ့တွင် စားသောက်ဖွယ်ရာများဆိုင်ရာ နည်းဥပဒေများ

အခန်း(၁)မှ အခန်း(၃)အထိ ဆွေးနွေးသုံးသပ်ခဲ့ပြီး နည်းဥပဒေတွင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၏ အစည်းအဝေးမှတ်တမ်းအမှတ်စဉ်(၁/၂၀၂၀) ကို (၃.၂.၂၀၂၀) ရက်နေ့မှ (၇.၂.၂၀၂၀)ရက်နေ့အထိ ဆောင်ရွက်ခဲ့ပါသည်။ (၃.၂.၂၀၂၀)ရက်နေ့နှင့် (၄.၂.၂၀၂၀)ရက်နေ့တို့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေစာရင်းများအား စိစစ်ခဲ့ပါသည်။ (၅.၂.၂၀၂၀)ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့၏ တိုင်းဒေသကြီးညွှန်ကြားရေးမှူးများနှင့် အဖွဲ့များအား တွေ့ဆုံ၍ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေစာရင်းများနှင့်ပတ်သက်၍ အသေးစိတ်စိစစ်သုံးသပ် ဆောင်ရွက်ခဲ့ကြပါသည်။ (၆.၂.၂၀၂၀)ရက်နေ့နှင့် (၇.၂.၂၀၂၀)ရက်နေ့တို့တွင် ကော်မတီသို့ ပေးပို့တိုင်ကြားလာသော ပြည်သူများ၏တိုင်ကြားစာ(၃)စောင်အား စိစစ်သုံးသပ်ခဲ့ပြီး ကော်မတီ၏စိစစ်သုံးသပ်ချက် အစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီနှင့် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ ပူးပေါင်းကျင်းပပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၀)ကို (၁၇.၂.၂၀၂၀) ရက်နေ့မှ(၂၁.၂.၂၀၂၀)ရက်နေ့အထိဆောင်ရွက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှပေးပို့လာသော ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ စားသောက်ဖွယ်ရာများဆိုင်ရာနည်းဥပဒေ အခန်း(၁)မှအခန်း(၅)အထိ ဆွေးနွေးခြင်း၊ ညောင်လေးပင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေးမှ တင်ပြလာသော ပြင်ဆင်လိုသည့်အချက်များနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး နည်းဥပဒေတွင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီနှင့် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီတို့မှ ပူးပေါင်းကျင်းပပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၀)ကို (၁၀.၃.၂၀၂၀)ရက်နေ့မှ (၂၀.၃.၂၀၂၀) ရက်နေ့အထိ ဆောင်ရွက်ခဲ့ပါသည်။ (၁၀.၃.၂၀၂၀)ရက်နေ့မှ (၁၂.၃.၂၀၂၀)ရက်နေ့အထိ ကော်မတီ(၂)ရပ်ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး ကျေးရွာထင်းစိုက်ခင်းဥပဒေအား ဆွေးနွေးသုံးသပ်ပြီး ပြင်ဆင်၊ ပယ်ဖျက်၊ ဖြည့်စွက်သင့်သည်များကို ဆောင်ရွက်ခဲ့ကြပါသည်။ (၁၃.၃.၂၀၂၀)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးတို့နှင့်တွေ့ဆုံပြီး ပြင်ဆင်၊ ပယ်ဖျက်၊ ဖြည့်စွက်ထားမှုများနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးခဲ့ပါသည်။ (၁၆.၃.၂၀၂၀) ရက်နေ့နှင့် (၁၇.၃.၂၀၂၀)ရက်နေ့တို့တွင် ဝန်ကြီးနှင့်အဖွဲ့အား တွေ့ဆုံမှုမှ ထွက်ပေါ်လာသော အချက်အလက်များအား ပြန်လည်ဆွေးနွေးသုံးသပ်ကာ ဥပဒေတွင် အသေးစိတ် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ (၁၈.၃.၂၀၂၀)ရက်နေ့တွင် ကော်မတီ(၂)ရပ်သည် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးနှင့်အဖွဲ့အား တွေ့ဆုံကာ ဥပဒေတွင် ပြင်ဆင်၊ ပယ်ဖျက်၊ ဖြည့်စွက်ရန်အချက်များကို အသေးစိတ်

ထပ်မံဆွေးနွေးခဲ့ကြပါသည်။ (၁၉.၃.၂၀၂၀)ရက်နေ့နှင့် (၂၀.၃.၂၀၂၀)ရက်နေ့တို့တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ တင်ပြလာသော ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုသည့်အချက်များအား စိစစ်သုံးသပ်ကာ ဥပဒေအပိုဒ်တစ်ပိုဒ်ချင်းစီအလိုက် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြပြီး ပြန်လည်ပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ထပ်မံဖြည့်သွင်းခြင်းနှင့် ပယ်ဖျက်ခြင်းများအား ဆောင်ရွက်ခဲ့ကြပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၀)ကို (၂၀.၃.၂၀၂၀)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူများမှပေးပို့လာသောတိုင်ကြားစာ(၁)စောင်နှင့် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးတို့မှ ပြန်ကြားလာသော အမှုဆောင်ရွက်ပြီးစီးမှုအကြောင်းပြန်ကြားစာများကို စိစစ်သုံးသပ်ဆွေးနွေးခဲ့ပါသည်။ ကော်မတီ၏ဆွေးနွေးဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် တိုင်ကြားသူကာယကံရှင်များထံသို့ အကြောင်းပြန်ကြားပေးနိုင်ရေး လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၀)ကို (၄.၅.၂၀၂၀)ရက်နေ့မှ (၁၅.၅.၂၀၂၀)ရက်နေ့အထိ ဆောင်ရွက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ မီးသတ်ဦးစီးဌာနနှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့၏ ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်များနှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို စစ်ဆေးခဲ့ပါသည်။ (၁၃.၅.၂၀၂၀)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့်လည်းကောင်း၊ (၁၄.၅.၂၀၂၀)ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့်လည်းကောင်းတွေ့ဆုံခဲ့ပြီး ကော်မတီ၏စိစစ်လျော့ချမှုများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီနှင့် စည်ပင်သာယာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှပူးပေါင်းကျင်းပပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၃/၂၀၂၀)ကို (၂၂.၆.၂၀၂၀)ရက်နေ့မှ (၂၆.၆.၂၀၂၀)ရက်နေ့တို့တွင်လည်းကောင်း၊ (၆.၇.၂၀၂၀)ရက်နေ့မှ (၁၇.၇.၂၀၂၀)ရက်နေ့တို့တွင်လည်းကောင်း ရေးရာကော်မတီပူးပေါင်းအစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီများရွေးချယ်ခြင်းဆိုင်ရာနည်းဥပဒေအား ဆွေးနွေးသုံးသပ်ခဲ့ကြကာ နည်းဥပဒေတွင် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အချက်များကို အခန်း(၁)ခန်းချင်းအလိုက် အသေးစိတ်ဆွေးနွေးသုံးသပ်ခဲ့ကြပြီး နည်းဥပဒေတွင် ပြင်ဆင်ရေးဆွဲဆောင်ရွက်ခဲ့ကြပါသည်။ (၁၇.၇.၂၀၂၀)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ ညွှန်ကြားရေးမှူးနှင့်အဖွဲ့အား တွေ့ဆုံကာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီများ ရွေးချယ်ခြင်းဆိုင်ရာနည်းဥပဒေတွင် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ထားသည့် အချက်များနှင့်ပတ်သက်၍ အပိုဒ်တစ်ပိုဒ်ချင်းစီအလိုက် ပြန်လည်စိစစ်သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့်အဖွဲ့အား တွေ့ဆုံမှုမှထွက်ပေါ်လာသော အချက်များနှင့်ပတ်သက်၍ (၂၂.၇.၂၀၂၀)ရက်နေ့နှင့်(၂၃.၇.၂၀၂၀)ရက်နေ့တို့တွင်လည်းကောင်း၊ (၂၇.၇.၂၀၂၀)ရက်နေ့မှ (၃၀.၇.၂၀၂၀)ရက်နေ့အထိလည်းကောင်း၊ (၄.၈.၂၀၂၀)ရက်နေ့မှ (၇.၈.၂၀၂၀) ရက်နေ့အထိလည်းကောင်း ကော်မတီ(၂)ရပ်ပူးပေါင်းကာ နည်းဥပဒေအခန်းတစ်ခန်းချင်းစီ၏ အပိုဒ်တစ်ပိုဒ်ချင်းစီအလိုက် အသေးစိတ်ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ကြပြီး

နည်းဥပဒေတွင် ပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ထပ်မံဖြည့်သွင်းခြင်းနှင့် ပယ်ဖျက်ခြင်းများကို ဆောင်ရွက်ခဲ့ကြပါသည်။

**ကော်မတီ၏တွေ့ရှိချက်များ**

၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ဥပဒေများမှာ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍတွင်(၁၈)ခု၊ စီးပွားရေးကဏ္ဍတွင် (၅)ခု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍတွင်(၁၂)ခု၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တော ကဏ္ဍတွင် (၁၁)ခု၊ စက်မှုလက်မှုကဏ္ဍတွင်(၃)ခု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးကဏ္ဍတွင် (၈)ခု၊ လူမှုရေးကဏ္ဍတွင်(၁၃)ခုနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင်(၅)ခု စုစုပေါင်း(၇၅)ခုရှိကြောင်း တွေ့ရှိရပြီး ၎င်းတို့အနက်မှဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် အောက်ပါ ဥပဒေ၊ နည်းဥပဒေများကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ။
- ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ။
- ပဲခူးတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ။
- ပဲခူးတိုင်းဒေသကြီး မြေယာခွန်ဥပဒေ။
- ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ။
- ပဲခူးတိုင်းဒေသကြီး အကျိုးတူပူးပေါင်းလယ်ယာစိုက်ပျိုးရေးလုပ်ငန်းဥပဒေ။
- ပဲခူးတိုင်းဒေသကြီး အသေးစားငွေချေးလုပ်ငန်းဥပဒေ။
- ပဲခူးတိုင်းဒေသကြီး အပန်းဖြေစခန်းများ၊တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဥပဒေ။
- ပဲခူးတိုင်းဒေသကြီး စားသောက်ဖွယ်ရာများဆိုင်ရာ နည်းဥပဒေများ။
- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီများ ရွေးချယ်ခြင်းဆိုင်ရာနည်းဥပဒေ။
- ပဲခူးတိုင်းဒေသကြီး ပစ္စည်းခွန်စည်းကြပ်ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေများ။

သက်ဆိုင်ရာကော်မတီများနှင့် ပူးပေါင်း၍ ဆက်လက်ဆွေးနွေးဆောင်ရွက်လျှက်ရှိသော ဥပဒေ၊ နည်းဥပဒေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ပဲခူးတိုင်းဒေသကြီး ကျေးရွာထင်းစိုက်ခင်းဥပဒေ။
- ပဲခူးတိုင်းဒေသကြီး အဆောက်အအုံများဆောက်လုပ်ခြင်းဆိုင်ရာနည်းဥပဒေ။

**အကြံပြုချက်များ**

အောက်ပါတိုင်းအကြံပြုတင်ပြအပ်ပါသည်-

- တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီသည် ပဲခူးတိုင်းဒေသကြီးအတွက် ဥပဒေရေးဆွဲပြဋ္ဌာန်းခြင်းဆိုင်ရာကိစ္စရပ်များကို အလေးထားဆောင်ရွက်လျက်ရှိရာ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ဇယား(၂)ပါ ပြဋ္ဌာန်းပြီးဥပဒေများကို ပြင်ဆင်ရန်လိုအပ်သည့် အကြောင်းအချက်များရှိလာပါက ဝန်ကြီးဌာနများအနေဖြင့် ပဲခူးတိုင်းဒေသကြီး

လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အကြံပြုချက်ရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

- ပြည်သူများ၏ တိုင်ကြားစာများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနအသီးသီးသို့ စိစစ်အကြောင်းပြန်ကြားပေးပါရန် လွှတ်တော်ရုံးမှတစ်ဆင့် ပေးပို့ထားမှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနအသီးသီးမှ စိစစ်၍ အကြောင်းပြန်ကြားပေးနိုင်ရေး အကြံပြုတင်ပြအပ်ပါသည်။

## ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များ

ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်–

- စည်ပင်သာယာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့်ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေဆိုင်ရာ နည်းဥပဒေများအား ဆက်လက်ဆွေးနွေးသုံးသပ်ရန်။
- စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီနှင့် ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းနည်းဥပဒေ ပြင်ဆင်နိုင်ရေးအတွက် ဆက်လက်ဆွေးနွေး သုံးသပ်ရန်။
- ကော်မတီသည် ပဲခူးတိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ စောင့်ကြည့် ထိန်းညှိခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရန်။
- ကော်မတီသို့ ပေးပို့တိုင်ကြားလာသော ပြည်သူများ၏တိုင်ကြားစာများနှင့် ပတ်သက်၍ အလေးထားစိစစ်သုံးသပ်ဆွေးနွေးပြီး ကာယကံရှင်တိုင်ကြားသူများနှင့် သက်ဆိုင်ရာဌာနများသို့ အကြောင်းပြန်ကြားပေးနိုင်ရေး ကော်မတီ၏ စိစစ်သုံးသပ်တွေ့ရှိချက် အစီရင်ခံစာအား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသွားရန်။
- တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာများပါ ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှတ်တမ်းများပါ ကော်မတီ၏အစည်းအဝေးဆုံးဖြတ်ချက်များ အောင်မြင်ပြီးမြောက်စေရေးအတွက် ကော်မတီ၏လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

## နိဂုံး

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီသည် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ခြင်းနှင့် ပြဋ္ဌာန်းပြီးဥပဒေများအား ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ရန်လိုအပ်သည့်ဥပဒေများအား ပြင်ဆင်နိုင်ရေးများကို ဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီသည် ပဲခူးတိုင်းဒေသကြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့၏

ဘဏ္ဍာရေးနှစ်အလိုက် ရသုံးခန့်မှန်းခြေငွေစာရင်းများကိုစိစစ်ခြင်း၊ ကော်မတီသို့ တိုင်ကြားလာသော တိုင်စာများကို စိစစ်သုံးသပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီအနေဖြင့် ကော်မတီ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့်အညီ ပဲခူးတိုင်းဒေသကြီးအကျိုးအတွက် ခေတ်ကာလနှင့်လျော်ညီသော ဥပဒေများ ပေါ်ပေါက်လာစေရေးနှင့် ကော်မတီ၏အစီရင်ခံစာများပါ ရှေ့လုပ်ငန်းစဉ်များ၊ အစည်းအဝေး ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို (၁၀:၄၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက် (အင်္ဂါနေ့) နံနက်(၁၀:၀၀) နာရီအချိန်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[ သြဘာသံများ ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၃)ရက်မြောက်နေ့ မှတ်တမ်း
# ၁၃၈၂ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်
# [၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၁ ရက်]
# (အင်္ဂါနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နံနက် (၁၀:၀၀)နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၂.၈၉ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူး တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေးအထမြောက် ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ၄(ခ)အရ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော် လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန် ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး နှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး [ဝန်ကြီး၊ လူဝင်မှု ကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]၊ ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ပွယ်စေး[ဝန်ကြီး၊ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန]၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး

လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လွင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစောသူရအောင်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်မိုး တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် (၁.၉.၂၀၂၀)ရက်နေ့ အစည်းအဝေးသို့ မတက် ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၁၃)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၇၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထား သူ (၁၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြု ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီအစီရင်ခံစာကို ရေးရာကော်မတီဥက္ကဋ္ဌ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်ပြည်သူ့ငွေစာရင်းကော်မတီအစီရင်ခံစာကို ရေးရာကော်မတီဥက္ကဋ္ဌ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ [ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီမှ (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေးသို့ တင်သွင်းသည့်အစီရင်ခံစာ(၁/၂၀၂၀)အား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၂.၉.၂၀၂၀)ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၄)ရက်မြောက်နေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို (၁၀:၄၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ(၂)ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၁၀:၀၀)နာရီအချိန် မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[ သြဘာသံများ ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
**(၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**
**(၁၄)ရက်မြောက်နေ့ မှတ်တမ်း**
**၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်**
**[ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ ၂ ရက် ]**
**(ဗုဒ္ဓဟူးနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို နံနက် (၁၀း၀၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၅၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်း

ဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅(ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်(၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူ ရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး [ဝန်ကြီး၊

လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]၊ ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ပွယ်စေး [ဝန်ကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန]၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေ၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးနေဝင်းအောင်နှင့် ဗိုလ်မှူးအောင်ကျော်မိုးတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် (၂-၉-၂၀၂၀)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်းတို့(၁၉)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၁၉ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၄(ခ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအစီရင်ခံစာအပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်၏ ဆွေးနွေးချက်များကို တိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ပြန်လည်ရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ အစီရင်ခံစာအပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်၏ ဆွေးနွေးချက်များကို တိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူး ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ပြန်လည်ရှင်းလင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှ တင်သွင်းသော အစီရင်ခံစာ(၁/၂၀၂၀)တွင်ပါရှိသောတွေ့ရှိချက်ခေါင်းစဉ်ငယ်၏အောက်ရှိ အပိုဒ်(၉)ကို ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဦးရဲလင်းနိုင်၏ ဆွေးနွေးချက်နှင့်ပတ်သက်၍ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ကိုယ်စား ပြန်လည်ရှင်းလင်းဆွေးသွားမှာဖြစ်ပါတယ်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇၊ အပိုဒ် (က)၊ (ခ)၊ (ဂ)အရလည်းကောင်း၊ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ (၂၃၊ ၂၄၊ ၂၅၊၂၆)အရ လည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၆၂)၊ နည်းဥပဒေခွဲ (က) (ခ)အရ ရေးရာကော်မတီ(၁၀)ခု ဖွဲ့စည်းထားသည့်အနက် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီလည်း အပါအဝင်ဖြစ်ပါသည်။ ကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ပေးအပ်သောတာဝန်နှင့် လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် တိုင်းဒေသကြီးအစိုးရအဖွဲ့အား ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ နိုင်ငံတော်၏ အခြေခံမူများအပိုင်း ပုဒ်မ ၁၁(က)အရ အပြန်အလှန်ထိန်းကျောင်းနိုင်ရန် အစီရင်ခံစာဖြင့် အပြုသဘောဆောင် ရေးသားတင်ပြခြင်းဖြစ်ပါသည်။

နိုင်ငံတော်မှ သစ်ထုတ်လုပ်မှု (၁၀)နှစ်ရပ်ဆိုင်းထားသော်လည်း ယခင်ထက်ပိုမိုထုတ်ယူလျက်ရှိသည်ဆိုသည်မှာ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောနှင့် ဆက်စပ်သောမြို့နယ်များတွင် တရားမဝင်ခိုးထုတ်ယူနေမှုများ ပိုမိုများပြားခြင်း၊ သစ်တောကြိုးဝိုင်းအတွင်း သစ်စက်များဖြင့် ခွဲစိတ်ခြင်း၊ Chainsaw များဖြင့် ဖြတ်ပိုင်းခွဲစိတ်နေခြင်း၊ တရားမဝင် မော်တော်ယာဉ်များဖြင့် သယ်ယူနေခြင်းများ အမြောက်အမြားရှိပါသည်။

ဝန်ထမ်းများ အဂတိလိုက်စားသည်ဆိုခြင်းမှာ သစ်စက်၊ သစ်လုံး၊ သစ်ခွဲသား၊ သစ်တင်မော်တော်ယာဉ်များ ဖမ်းဆီးရမိသော်လည်း ယာဉ်မောင်းနှင့်သစ်ပိုင်ရှင်များ ဖမ်းဆီးမိမှုနည်းပါးခြင်း၊ သာဓကအနေဖြင့် (၂၉.၈.၂၀၂၀)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးဆောင်သော သစ်တောဝန်ထမ်းများသည် အုတ်တွင်းမြို့နယ်၊ အုတ်တွင်း-ပေါက်ခေါင်းကားလမ်း၊ မိုင်တိုင်(၈၈/၀)အနီး ခပေါင်းကြိုးပြင်ကာကွယ်တော (xvi)အတွင်း ယာဉ်အမှတ်(1G/6853) voxy မော်တော်ယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသား(၂၁)ချောင်း (၁)တန် ဖမ်းဆီးစဉ် တစ်ဦးတစ်ယောက်မှ ဖမ်းဆီးရမိခဲ့မှုမရှိခြင်း၊ တရားမဝင်သစ်များကို သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများမှ မော်တော်ယာဉ်ကြီး/ငယ်များဖြင့်လည်းကောင်း၊ မော်တော်ဆိုင်ကယ်များဖြင့်လည်းကောင်း၊ တရားမဝင်သစ်များကို အဆင့်ဆင့်သော သစ်တောဂိတ်များကို ဖြတ်ကျော်၍ ရန်ကုန်မြို့သို့သယ်ဆောင်ရာတွင် ဖမ်းဆီးရရှိမှုနည်းပါးခြင်းတို့ကြောင့် သစ်တောဝန်ထမ်းများအား အစိုးရအဖွဲ့မှ ကြပ်မတ်နိုင်ရန် အစီအရင်ခံစာတွင် အဂတိလိုက်စားခြင်းဟု ထည့်သွင်းရေးသားခြင်း ဖြစ်ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းအတွင်း သစ်တောဝန်ထမ်းများ အရေအတွက် လုံလောက်မှုမရှိသည့်အတွက် တရားမဝင်သစ်များဖမ်းဆီးရာတွင် သစ်ခိုးဂိုဏ်းများမှ ရန်ပြုမှုခံရ၍ ဖမ်းဆီးရန် အခက်အခဲ ကြုံတွေ့နေရခြင်းများကို သိရှိနိုင်ရန် အစီရင်ခံစာတွင် ထည့်သွင်းရေးသားခြင်းဖြစ်ပါသည်။ သာဓကအနေဖြင့် ဝန်ထမ်းများ တရားမဝင်သစ်တင်ယာဉ်နှင့် သစ်များဖမ်းဆီးခြင်းနှင့်ပတ်သက်၍ (၂၉.၆.၂၀၁၉)ရက်နေ့တွင် ပေါက်ခေါင်းမြို့နယ်၊ သစ်တောဦးစီးဌာနမှ တောခေါင်း (၁)ဦးပါဝင်သော ပူးပေါင်းအဖွဲ့သည် ခပေါင်းကြိုးဝိုင်း၊ အကွက်အမှတ်(၆၁)တွင် တရားမဝင်သစ်တင်ဆောင်သည့် ကား(၃)စီးအား တရားမဝင်ကျွန်းသစ်(၇၂)လုံး (၁၀.၁၉၈)တန်နှင့်အတူ ဖမ်းဆီးရမိခဲ့သည့် ပေါက်ခေါင်းမြို့နယ်၊ သစ်တောဦးစီးဌာနမှ ဦးစီးပါ သစ်တောဝန်ထမ်း(၅)ဦးမှ ပေါက်ခေါင်းမြို့နယ်သို့ ပြန်လည်ထွက်ခွာလာရာ ပေါ်လံကြီးဘိနယ် ဒေသအခေါ် မျှစ်ချဉ်တောင်ထိပ်၊ မိုင်တိုင် အမှတ်(၄၅/၃ နှင့် ၄၅/၄)အကြား ကားလမ်းပေါ်တွင် ကား(၁)စီးမှ လမ်းပိတ်ရပ်ထားပြီး တုတ်၊ ဓါး၊ လက်နက်ကိုင်လူ(၇)ဦးခန့်မှ တားဆီးရာ မရပ်ပဲရှောင်ကွင်း၍ ဆက်လက်မောင်းနှင်ခဲ့ပါသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သစ်တောဝန်ထမ်းများအား တရားမဝင်သစ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲဖြစ်စေရန်ကြံစည်၍ လူအင်အားဖြင့် ကားလမ်းပေါ်တွင် ပိတ်ဆို့ဆောင်ရွက်ခြင်းတို့ကြောင့် အဆိုပါ(၇)ဦးတွင်ပါဝင်သူ ဦးဝင်းဇော်လတ်၊ ပေါင်းတည်မြို့နယ်နေသူနှင့် အပေါင်းအပါများအား

ဥပဒေအရ အရေးယူပေးပါရန် ဦးစီးအရာရှိ ပေါက်ခေါင်းမြို့နယ်မှ အမှုဖွင့်တိုင်ကြားခဲ့ရာ (ပ)၁၃၆/၂၀၁၉ ဖြင့် အမှုအား လက်ခံဆောင်ရွက်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ အနေဖြင့် သစ်တောများပြုန်းတီးမှုကြောင့် သဘာဝဘေးအန္တရာယ်များ မဖြစ်ပေါ်စေရန်ရည်ရွယ်၍ ရေးသားတင်ပြရခြင်းဖြစ်ပါသည်။ အားလုံးကိုအထူးကျေးဇူးတင်ပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို (၁၀:၂၀) နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၃)ရက် (ကြာသပတေးနေ့) နံနက်(၁၀:၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# (၁၅)ရက်မြောက်နေ့ မှတ်တမ်း
# ၁၃၈၂ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
# [ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ ၃ ရက်]
# (ကြာသပတေးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက် နေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၅၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၆၇.၁၁ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက် တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံ ဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူး တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေးအထမြောက် ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား– ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း [ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး [ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ညွန့်ညွန့်ဌေး [ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]၊ ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ပွယ်စေး [ဝန်ကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး

ဌာန]၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်း၊ ဒိုက်ဦး မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်၊ ဒိုက်ဦး မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်၊ ညောင်လေးပင် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန်၊ ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးရဲလင်းနိုင်၊ ရွှေတောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေ၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင်၊ မိုးညိုမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်း ဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်းနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်မိုးတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် (၃-၉-၂၀၂၀)ရက်နေ့ အစည်း အဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်းတို့(၂၅)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ တက်ရောက် ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၂၅ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီး လွှတ်တော်

ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြု ပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

**ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီက ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း ဥပဒေ(မူကြမ်း)တို့နှင့် စပ်လျဉ်း၍ ဥပဒေကြောင်းဆိုင်ရာ သုံးသပ်ချက်ကို ရေးရာကော်မတီ အတွင်းရေးမှူး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီက ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းဥပဒေ(မူကြမ်း)တို့နှင့် စပ်လျဉ်း၍ ဥပဒေကြောင်းဆိုင်ရာ သုံးသပ်ချက်ကို ရေးရာ ကော်မတီအတွင်းရေးမှူး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်း ဒေသကြီးလွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် ပတ်သက်သည့် ဥပဒေကြောင်းဆိုင်ရာ သုံးသပ်ချက်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ သည် (၁-၉-၂၀၂၀)ရက်နေ့တွင် ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကြမ်းနှင့်ပတ်သက်၍ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေများနှင့်အညီ စိစစ်သုံးသပ်ဆွေးနွေးခဲ့ပါသည်။

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းပါရှိပါသည်-

- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို သတ်မှတ်ထား

သည့်နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်။

- ပုဒ်မခွဲ(က)ပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှရရှိသည့် ဘဏ္ဍာငွေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို သက်ဆိုင်ရာ ဝန်ကြီးချုပ်၏ထောက်ခံတင်ပြချက်အပေါ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က လိုအပ်သလိုဆွေးနွေး၍သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် –
    - ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် အဖွဲ့အစည်းများ၏အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊
    - ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊
    - တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကပေးဆပ်ရန် တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့်ဆက်နွယ်သော ကုန်ကျစရိတ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ချေးယူငွေများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊
    - တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊
    - "တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရ ကျခံရမည့် အခြားအသုံးစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရ"ဟု ပြဋ္ဌာန်းထားရှိပါသည်။

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၄ တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေသုံးငွေလျာထားချက်များကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်" ဟုပြဋ္ဌာန်းထားရှိပါသည်။

၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၄ တွင် " နည်းဥပဒေ ၆၂အရ ဖွဲ့စည်းသော လွှတ်တော်ကော်မတီနှင့်အဖွဲ့များသည် တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟုယူဆရသူများအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းခြင်း၊

ဆွေးနွေးခြင်း၊ ကြားနာခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်” ဟု ပြဋ္ဌာန်းထားရှိပါသည်။

၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၅ တွင် “တိုင်းဒေသကြီး အစိုးရက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ ဘဏ္ဍာရေးကော်မရှင်က ချမှတ်ထားသော မူဘောင်အတွင်းမှ ရေးဆွဲပြုစုပြီးပေးပို့သော တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကို လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥက္ကဋ္ဌသည် လွှတ်တော်ခေါ်ယူရမည်”ဟု ပြဋ္ဌာန်းထားရှိပါသည်။

၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၆ တွင် “ဥက္ကဋ္ဌသည် နည်းဥပဒေ ၁၄၅ အရ ပေးပို့သော သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာလျာထားချက်နှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးပြီး လွှတ်တော်၏ အကြံပြုချက်များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပြန်လည်ပေးပို့ရမည်” ဟုပြဋ္ဌာန်းထားရှိပါသည်။

၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၇ တွင် “တိုင်းဒေသကြီး အစိုးရက တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကို ပြည်ထောင်စု၏ ဘဏ္ဍာရေး ကော်မရှင်သို့ တင်ပြညှိနှိုင်းပြီးနောက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ တိုင်းဒေသကြီးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှရရှိသည့် ဘဏ္ဍာငွေအပါအဝင် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်နှင့် အတူ တင်သွင်းလာပါက လွှတ်တော်တွင် လိုအပ်သလိုဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ် ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်” ဟုပြဋ္ဌာန်းထားရှိပါသည်။

၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၈ တွင် လွှတ်တော်သည် နည်းဥပဒေ ၁၄၇ အရ တင်သွင်းသော ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် အောက်ပါ စရိတ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပိုင်ခွင့်ရှိသော်လည်း ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရ–

– တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊
– တိုင်းဒေသကြီးက ပေးဆပ်ရန် တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊ တိုင်းဒေသကြီးက ချေးယူငွေများနှင့်ဆက်နွယ်သော ကုန်ကျ စရိတ်များ၊
– တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊
– လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရ ကျခံရမည့် အခြားအသုံးစရိတ်များ။

ဟု ပြဋ္ဌာန်းထားရှိပါသည်။

၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၉ တွင် “ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်မပြုနိုင်သေးသဖြင့်

နောက်လာမည့်ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်က လက်ရှိဘဏ္ဍာရေးနှစ်မကုန်မီ အချိန်မီပြဋ္ဌာန်းခြင်း မပြုနိုင်လျှင် တိုင်းဒေသကြီးအစိုးရသည် နောက်လာမည့်ဘဏ္ဍာရေးနှစ်၏ အသုံးစရိတ်များအနက် သာမန်အသုံးစရိတ်များကို လွှတ်တော်က နောက်ဆုံးပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သာမန်အသုံးစရိတ်ခွင့်ပြုချက်ဘောင်အတွင်း သုံးစွဲခွင့်ရှိသည်” ဟုပြဋ္ဌာန်းထားရှိပါသည်။

၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၀ တွင် “လွှတ်တော်သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ရေးဆွဲထားသည့် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ သာမန်အသုံးစရိတ်များကို လိုအပ်သလို ခေါင်းစဉ်လွှဲပြောင်း အတည်ပြုနိုင်သော်လည်း ငွေလုံးငွေရင်းအသုံးစရိတ်များကိုမူ ခေါင်းစဉ်လွှဲပြောင်း အတည်ပြုခွင့်မရှိစေရ” ဟုပြဋ္ဌာန်းထားရှိပါသည်။

၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် အပိုင်း(၁)မှ အပိုင်း(၄) အထိပါရှိပြီး အပိုင်း(၁)တွင် အပိုဒ် ၁ အပိုဒ်ခွဲ (က)နှင့်(ခ)၊ အပိုင်း(၂)တွင် အခန်း(၁)၊ အခန်း(၂)နှင့်အခန်း(၃)တို့ပါရှိပြီး အခန်း(၁)တွင်အပိုဒ် ၂ နှင့် အပိုဒ် ၃ တို့ပါရှိပြီး အပိုဒ် ၃ တွင် အပိုဒ်ခွဲ(က) (ခ) (ဂ)နှင့် (ဃ)တို့ပါရှိပါသည်။ အခန်း(၂)တွင် အပိုဒ် ၄ နှင့် အပိုဒ် ၅ တို့ပါရှိပြီး အပိုဒ် ၄ တွင် အပိုဒ်ခွဲ(က) (ခ) (ဂ) (ဃ)နှင့်(င)တို့ပါရှိပါသည်။ အခန်း(၃)တွင် အပိုဒ် ၆ နှင့် အပိုဒ် ၇ တို့ပါရှိပြီး အပိုဒ် ၇ တွင် အပိုဒ်ခွဲ(က)နှင့်(ခ) တို့ပါရှိပါသည်။ အပိုင်း(၃)တွင် အခန်း(၁)၊ အခန်း(၂)နှင့် အခန်း(၃)တို့ပါရှိပြီး အခန်း(၁)တွင်အပိုဒ် ၈၊ အပိုဒ် ၉ နှင့် အပိုဒ် ၁၀ တို့ပါရှိပြီး အပိုဒ် ၈ တွင် အပိုဒ်ခွဲ(က)နှင့် (ခ) တို့ပါရှိ ပါသည်။ အပိုဒ် ၁၀ တွင် အပိုဒ်ခွဲ(က) (ခ)နှင့်(ဂ) တို့ပါရှိပါသည်။ အခန်း(၂)တွင် အပိုဒ် ၁၁ အပိုဒ်ခွဲ(က) (ခ) နှင့်(ဂ)တို့ပါရှိပါသည်။ အခန်း(၃)တွင် အပိုဒ် ၁၂ အပိုဒ်ခွဲ(က) နှင့်(ခ)တို့ပါရှိပါသည်။ အပိုင်း(၄)တွင် အပိုဒ် ၁၃ အပိုဒ်ခွဲ(က) (ခ)နှင့် (ဂ)တို့ပါရှိပါသည်။ ဥပဒေကြမ်းတွင် နောက်ဆက်တွဲအနေဖြင့် ဇယား(၁) ဇယား (၂)၊ ဇယား (၃)၊ ဇယား (၄)၊ ဇယား (၅) နှင့် ဇယား (၆) တို့ပါရှိကြောင်း တွေ့ရှိရပါသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်သွင်းလာသော ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ဥပဒေဆိုင်ရာအချက်အလက်များသည် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ တင်သွင်းလာသော ဥပဒေကြမ်းတစ်ခုဖြစ်ကြောင်း တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးသုံးသပ်တင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီက ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းဥပဒေ (မူကြမ်း)တို့နှင့် စပ်လျဉ်း၍ ငွေကြေးဆိုင်ရာသုံးသပ်ချက်ကို ရေးရာကော်မတီဥက္ကဋ္ဌ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး လွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီက ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းဥပဒေ (မူကြမ်း)တို့နှင့် စပ်လျဉ်း၍ ငွေကြေးဆိုင်ရာ သုံးသပ်ချက်ကို ရေးရာကော်မတီဥက္ကဋ္ဌ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)** ။ ။ ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းဥပဒေ (မူကြမ်း)တို့နှင့် စပ်လျဉ်း၍ ငွေကြေးဆိုင်ရာ သုံးသပ်ချက်။ (နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား အတည်ပြုပေးပါရန် တင်ပြခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဒေသန္တရ စီမံကိန်းဥပဒေ(မူကြမ်း)အား အတည်ပြုပေးပါရန် တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးညွန့်ရွှေ [ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]။** ။ ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့သို့ တက်ရောက်လာကြသော ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀၊ ပုဒ်မခွဲ (ခ)အရ "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်။" ဟု ဖော်ပြထားရာ တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပေးနိုင်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ပဲခူးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)အား စိစစ်အတည်ပြုပေးပါရန် (၃၁-၈-၂၀၂၀)ရက်နေ့တွင် တင်သွင်းခဲ့ပါတယ်။

ဒေသန္တရစီမံကိန်းဥပဒေတွင် ပါရှိသော ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ စီမံကိန်းလျာထားချက်များ ရေးဆွဲရာတွင် နိုင်ငံတော်မှ ချမှတ်ထားသော စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ်ပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစဉ်များအပေါ် အခြေခံပြီး ရေးဆွဲထားခြင်းဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ကို ကျပ်ဘီလီယံ ၈၀၇၅.၀၆ (ကျပ်ရှစ်ထောင်ခုနစ်ဆယ့်ငါးဘီလီယံကျော်)နှင့် တိုးတက်မှုနှုန်း ၆.၁ တိုးတက်ဖြစ်ပေါ်စေရန် ရည်မှန်းထားပြီး ကဏ္ဍအလိုက် ဒေသန္တရစီမံကိန်း၏ အရေးကြီးသော ရည်မှန်းချက်များမှာ-

| စဉ် | ကဏ္ဍအမည် | GDP တန်ဖိုး(ကျပ်ဘီလီယံ) | တိုးတက်မှုနှုန်း |
|---|---|---|---|
| ၁ | လယ်ယာ | ၁၄၅၄.၉၄၈ | ၁.၀ |
| ၂ | သားငါး | ၇၁၅.၂၀၅ | ၄.၄ |
| ၃ | သစ်တော | ၄.၆၀၁ | -၂၅.၀ |
| ၄ | စွမ်းအင် | ၁.၆၀၃ | ၁၄.၀ |
| ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၁၁.၁၅၈ | ၁.၈ |
| ၆ | စက်မှုလက်မှု | ၁၈၅၉.၉၈၂ | ၆.၈ |
| ၇ | လျှပ်စစ်ဓါတ်အား | ၈၃.၁၅၁ | ၇.၀ |
| ၈ | ဆောက်လုပ်မှု | ၄၉၀.၀၃၀ | ၈.၀ |
| ၉ | ပို့ဆောင်ရေး | ၁၂၂၂.၈၀၁ | ၉.၄ |
| ၁၀ | ဆက်သွယ်ရေး | ၂၂၁.၄၈၃ | ၇.၂ |
| ၁၁ | ငွေရေးကြေးရေး | ၂၅.၆၉၈ | ၉.၇ |
| ၁၂ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂၀၃.၁၄၄ | ၄.၁ |
| ၁၃ | အခြားဝန်ဆောင်မှု | ၂၄၆.၄၅၈ | ၉.၇ |
| ၁၄ | ကုန်သွယ်မှု | ၁၅၃၄.၇၉၈ | ၇.၅ |
| | **စုစုပေါင်း** | **၈၀၇၅.၀၆၀** | **၆.၁** |

ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ရည်မှန်းချက်တွင် လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍ)၌ ၂.၀%၊ စက်မှုကဏ္ဍကြီး (စွမ်းအင်၊ သတ္တုနှင့်တွင်းထွက်၊ စက်မှုလက်မှု၊ လျှပ်စစ်ဓါတ်အား၊ ဆောက်လုပ်မှုကဏ္ဍ)၌ ၇.၀%၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍ)၌ ၈.၁% တိုးတက်ရန် ရည်မှန်းထားပါတယ်။

ပဲခူးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) တွင် နှစ်အလိုက်ဈေးနှုန်းအရ ကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစားများမှာ -

| စဉ် | ကဏ္ဍကြီးအမည် | ၂၀၁၉-၂၀၂၀ ပါဝင်မှုနှုန်း | ၂၀၂၀-၂၀၂၁ ပါဝင်မှုနှုန်း |
|---|---|---|---|
| (က) | လယ်ယာကဏ္ဍကြီး | ၂၇.၄ | ၂၆.၆ |
| (ခ) | စက်မှုကဏ္ဍကြီး | ၃၁.၂ | ၃၁.၇ |
| (ဂ) | ဝန်ဆောင်မှုကဏ္ဍကြီး | ၄၁.၄ | ၄၁.၇ |

ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသုံးစွဲသည့်ဗဟိုအဖွဲ့အစည်း(၄)ခုနှင့် စည်ပင်သာယာရေးအဖွဲ့ အပါအဝင် စုစုပေါင်း (၂၆) ဌာနအနက် (၂၄)ဌာနမှ စုစုပေါင်း ကျပ်ဘီလီယံ ၁၃၄.၃၃၃ (ကျပ် တစ်ရာသုံးဆယ့်လေးဘီလီယံကျော်) ရင်းနှီးမြှုပ်နှံရန် အဆိုပြုလျာထားမှုများ ပါဝင်သည့် (၁၁.၈.၂၀၂၀)ရက်နေ့တွင် တင်သွင်းခဲ့သော ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း)ကို အတည်ပြုပေးပါရန် တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး၏ တင်ပြချက်အပေါ် တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူမှုဖြစ်ပါတယ်။

ယခု ဝန်ကြီး၏ တင်ပြချက်အပေါ် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား-

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား-

[ လွှတ်တော်က သဘောမတူသူမရှိပါ။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူမရှိတဲ့အတွက် ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါတယ်။

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း ဥပဒေ (မူကြမ်း)အား အတည်ပြုပေးပါရန် တင်ပြခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းဥပဒေ(မူကြမ်း)အား အတည်ပြုပေးပါရန် တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးညွန့်ရွှေ [ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]**။ ။ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့သို့ တက်ရောက်လာ ကြသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဧည့်သည် တော်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။

၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်းအား ၃၁.၈.၂၀၂၀ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင် တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။

၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းမှာ သာမန်ရငွေ ကျပ် ၄၅,၇၉၉.၂၀၃ သန်း၊ ငွေလုံးငွေရင်းရငွေ ကျပ် ၁၂.၉၂၅ သန်း ပြည်ထောင်စုမှ ထောက်ပံ့ငွေ ကျပ် ၁၆၅,၈၂၁.၆၆၃ သန်း၊ **စုစုပေါင်းရငွေကျပ်** ၂၁၁,၆၃၃.၇၉၁ သန်းနှင့် သာမန် အသုံးစရိတ် ကျပ် ၇၇,၃၀၀.၉၉၀ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၁၃၄,၃၃၂.၈၀၁ သန်း၊ **စုစုပေါင်း အသုံးစရိတ် ကျပ်** ၂၁၁,၆၃၃.၇၉၁သန်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်း ခြေငွေစာရင်းနှင့် ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့အား ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေး နှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး၏ တင်ပြချက်အပေါ် တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။

ယခု ဝန်ကြီး၏ တင်ပြချက်အပေါ် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား-
[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား-
[ လွှတ်တော်က သဘောမတူသူမရှိပါ။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူမရှိတဲ့အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းဥပဒေ(မူကြမ်း)အား တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို (၁၀း၄၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၂၀ပြည့်နှစ် စက်တင်ဘာလ (၄)ရက် (သောကြာနေ့) နံနက်(၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီ ခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၆)ရက်မြောက်နေ့ မှတ်တမ်း
# ၁၃၈၂ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
# [၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက်]
# (သောကြာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၅၆ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၇၃.၆၈ ရာခိုင်နှုန်းရှိတဲ့အတွက်တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန်လိုအပ်သည့် ကိုယ်စားလှယ် သုံးပုံတစ်ပုံဦးရေ ထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅(ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး နှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ ကရင်တိုင်းရင်းသား လူမျိုးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ပွယ်စေး [ဝန်ကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန]၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်၊ ပြည် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန်၊ ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒ

နယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေ၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းကို၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကိုမင်းနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်မိုး တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် (၄.၉.၂၀၂၀)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက် နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၂၀)ဦး၏ကိုယ်စား လေးစားစွာခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ တက်ရောက်ခွင့်ရှိ တဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၂၀ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရေးဆွဲထားသော နည်းဥပဒေ(၃)ခုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီနှင့် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့ ပူးပေါင်းထားသည့် ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ ပြန်လည် စိစစ်သုံးသပ်ပြီး (၂၀.၅.၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)တွင် တင်သွင်းခဲ့သည့် စည်ပင်သာယာရေး ဆိုင်ရာ နည်းဥပဒေ(၂)ခုကို ဤနည်းဥပဒေ(၂)ခုဖြင့် လွှမ်းမိုးပယ်ဖျက်၍ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာ ရေးအဖွဲ့များ၏ ပစ္စည်းခွန်စည်းကြပ်ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေကို စည်ပင်သာယာရေးအဖွဲ့များ၏ အဆောက်အအုံနှင့် မြေခွန်၊ ဝန်ဆောင်ခွန် စည်းကြပ်ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေအဖြစ်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ၏ စားသောက်ဖွယ်ရာများဆိုင်ရာ နည်းဥပဒေကို စားသောက်ဖွယ်ရာများပြုလုပ်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းဆိုင်ရာ နည်းဥပဒေအဖြစ် လည်းကောင်း အမည်ပြောင်းလဲပြင်ဆင်၍ အသစ်ပြန်လည်ရေးဆွဲခဲ့ပြီး ယင်းနည်းဥပဒေ(၂)ရပ်နှင့် ပဲခူး တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်ခြင်းဆိုင်ရာ နည်းဥပဒေ (၃)ခုတို့ကို ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ အခန်း(၁၇) နည်းဥပဒေ ၁၅၇ အရ ၂၀၂၀ပြည့်နှစ် စက်တင်ဘာလ ၄ ရက်နေ့တွင် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ၂၀၁၄ခုနှစ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈ အရ ဖြန့်ဝေတင်ပြထားသည့် စည်ပင်သာယာရေးအဖွဲ့ များ၏ အဆောက်အအုံနှင့် မြေခွန်၊ ဝန်ဆောင်ခွန် စည်းကြပ်ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေ စားသောက်ဖွယ်ရာများပြုလုပ်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းဆိုင်ရာ နည်းဥပဒေနှင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်ခြင်းဆိုင်ရာ နည်းဥပဒေတို့နှင့် စပ်လျဉ်းပြီး ပြင်ဆင်ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ အတိအကျဖော်ပြ၍ ဖြန့်ဝေသည့်ရက်မှ ရက်ပေါင်း(၉၀)အတွင်း ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂)ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။ ယင်းသို့ အဆိုတင်သွင်းခြင်းမရှိပါက စည်ပင်သာယာရေးအဖွဲ့များ၏ အဆောက် အအုံနှင့် မြေခွန်၊ ဝန်ဆောင်ခွန် စည်းကြပ်ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေ၊ စားသောက်ဖွယ်ရာများ ပြုလုပ်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းဆိုင်ရာ နည်းဥပဒေနှင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်ခြင်းဆိုင်ရာ နည်းဥပဒေတို့အား အတည်ပြုသည်ဟု မှတ်ယူ ရမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်ချက်များကိုတိုင်းဒေသကြီးလွှတ်တော် လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးနှင့်လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့တင်ပြခြင်းနှင့်လွှတ်တော်ကမှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်ချက် များကို တိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေး ဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်ကမှတ်တမ်းတင်ခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်-

- တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- တိုင်းဒေသကြီး ဥပဒေချုပ်၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- တိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- တိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီ(၉)ခု၏ အစီရင်ခံစာများအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ဆောင်ရွက်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲနှင့် တွေ့ဆုံ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်မှုတို့ကို မှတ်တမ်းတင်နိုင်ရန်အတွက် ဆွေးနွေးတင်ပြဖို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေအား ဖိတ်ခေါ်ပါတယ်။

**ဦးညွှန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်၏ အောက်ပါဆောင်ရွက်ချက်များအား မှတ်တမ်းတင်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါသည်-

- (၂၁.၇.၂၀၂၀)ရက်နေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)တွင် တင်သွင်းခဲ့သည့်-
  - ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ အစီရင်ခံစာ။
- (၂၂.၇.၂၀၂၀)ရက်နေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)တွင် တင်သွင်းခဲ့သည့်-
  - ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ။
- (၂၃.၇.၂၀၂၀)ရက်နေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းဝေး (တတိယနေ့)တွင် တင်သွင်းခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကော်မတီအစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီအစီရင်ခံစာ။

- (၂၇.၇.၂၀၂၀)ရက်နေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)တွင် တင်သွင်းခဲ့သည့်-
  - ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ။
  - ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအစီရင်ခံစာ။
- (၂၈.၇.၂၀၂၀)ရက်နေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)တွင် တင်သွင်းခဲ့သည့်-
  - ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီအစီရင်ခံစာ။
- (၂၉.၇.၂၀၂၀)ရက်နေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (သတ္တမနေ့)တွင် တင်သွင်းခဲ့သည့်-
  - ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ။
- (၃၀.၇.၂၀၂၀)ရက်နေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (အဋ္ဌမနေ့)တွင် တင်သွင်းခဲ့သည့်-
  - ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော် အခွင့်အရေးဆိုင်ရာကော်မတီအစီရင်ခံစာ။
- (၃၁.၈.၂၀၂၀)ရက်နေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင် တင်သွင်းခဲ့သည့်-
  - ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ။
- (၁.၉.၂၀၂၀)ရက်နေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့တွင် တင်သွင်းခဲ့သည့်-
  - ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ဆောင်ရွက်ခဲ့သည့်-

- (၁.၇.၂၀၂၀)ရက်နေ့တွင် Myo Yadanar Khaing Co.,Ltdမှ အလုပ်သမားများ၏ လုပ်ခအခကြေးငွေရရှိနိုင်ရေး ကူညီဆောင်ရွက်ပေးပါရန် တိုင်ကြားစာနှင့်ပတ်သက်သည့် တွေ့ဆုံဆွေးနွေးပွဲ။
- (၂.၇.၂၀၂၀)ရက်နေ့တွင် တိုင်းရင်းသားဘာသာစာပေသင်ကြားရေးနှင့် ပတ်သက်သည့် တွေ့ဆုံဆွေးနွေးပွဲ။
- (၈.၇.၂၀၂၀)ရက်နေ့တွင် Myo Yadanar Khaing Co.,Ltdမှ အလုပ်သမားများ၏ လုပ်ခအခကြေးငွေရရှိနိုင်ရေး ကူညီဆောင်ရွက်ပေးပါရန် တိုင်ကြားစာနှင့်ပတ်သက်သည့် တွေ့ဆုံဆွေးနွေးပွဲ။
- (၂၁.၇.၂၀၂၀)ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)မှ လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာ စစ်တမ်းအစီရင်ခံစာအား မိတ်ဆက်ဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲ။
- (၂၂.၇.၂၀၂၀)ရက်နေ့တွင် Myo Yadanar Khaing Co.,Ltdမှ အလုပ်သမားများ၏ လုပ်ခ အခကြေးငွေရရှိနိုင်ရေး ကူညီဆောင်ရွက်ပေးပါရန် တိုင်ကြားစာနှင့်ပတ်သက်သည့် တွေ့ဆုံဆွေးနွေးပွဲ။
- (၂၈.၇.၂၀၂၀)ရက်နေ့တွင် Belga Myanmar Co.,Ltd၏ ကြက်မွေးမြူရေး လုပ်ငန်းတွင် အသုံးပြုရန် ဆောက်လုပ်လျက်ရှိသော အဆောက်အဦအား တာဝန်ယူဆောက်လုပ်သည့် Beyond Way Co.,Ltdမှတစ်ဆင့် လေဘာကန်ထရိုက်အနေဖြင့် တာဝန်ယူလုပ်ကိုင်ပေးသော Myo Yadanar Khaing Co.,Ltdမှ အလုပ်သမားများ၏ လုပ်ခအခကြေးငွေရရှိနိုင်ရေး ကူညီဆောင်ရွက်ပေးပါရန် တိုင်ကြားစာနှင့် ပတ်သက်သည့် တွေ့ဆုံဆွေးနွေးပွဲ။
- (၇.၈.၂၀၂၀)ရက်နေ့တွင် အုတ်တွင်းမြို့၊ မဲကုန်းရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမြင့်စောလှိုင်၏ အပြစ်မရှိဘဲ မတရားအပြစ်ပေးခြင်းကို ပြန်လည်စုံစမ်းစိစစ်ပေးပါရန် တင်ပြလာခြင်းနှင့်ပတ်သက်သည့် တွေ့ဆုံဆွေးနွေးပွဲတို့ကို တိုင်းဒေသကြီးလွှတ်တော်မှ မှတ်တမ်းတင်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခု လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်ချက်များအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လျက်ရှိသော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ အကြံပေးအဖွဲ့ဝင်များ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၅)နှစ်သက်တမ်းကာလအတွင်း ပုံမှန်အစည်းအဝေး (၁၅)ကြိမ်၊ အရေးပေါ်အစည်းအဝေး(၇)ကြိမ်နှင့် အထူးအစည်းအဝေး(၄)ကြိမ် စုစုပေါင်း(၂၆)ကြိမ် ကျင်းပနိုင်ခဲ့ပြီး အဆိုပေါင်း(၂၉)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၁၄၁၀)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၁၀၁၅)ခု စုစုပေါင်း (၂၄၅၄)ခုတို့ကို တင်သွင်းမေးမြန်းဆောင်ရွက်နိုင်ခဲ့ကြပါသည်။

အစီရင်ခံသည့် လွှတ်တော်(၅)နှစ်တာ သက်တမ်းကာလအတွင်း ဘဏ္ဍာရေးနှစ်အလိုက် အရအသုံးဆိုင်ရာ ငွေစာရင်းဥပဒေ(၆)ခု၊ ဘဏ္ဍာရေးနှစ်အလိုက် ဖြည့်စွက်၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ(၅)ခု၊ နှစ်အလိုက် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ(၄)ခု၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ၊ ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ၊ ပဲခူးတိုင်းဒေသကြီး မြေယာခွန်ဥပဒေ၊ ပဲခူးတိုင်းဒေသကြီး အကျိုးတူပူးပေါင်းလယ်ယာစိုက်ပျိုး ရေးလုပ်ငန်းဥပဒေ၊ ပဲခူးတိုင်းဒေသကြီး အသေးစားငွေချေးလုပ်ငန်းဥပဒေ၊ ပဲခူးတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ပဲခူးတိုင်းဒေသကြီး အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဥပဒေ၊ စုစုပေါင်းဥပဒေ (၂၃)ခုနှင့် နည်းဥပဒေများကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြင့် လွှတ်တော်၏ အဓိကတာဝန်ဖြစ်သော ဥပဒေပြုရေးတာဝန်များကို ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၌ ဖွဲ့စည်းထားသော ဥပဒေကြမ်းနှင့်ပြည်သူ့ငွေစာရင်းပူးပေါင်းအဖွဲ့နှင့် ကော်မတီ(၁၀)ခုတို့သည် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ပြည့်နှစ်အထိ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို

(၁) ဥပဒေကြမ်းနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းအဖွဲ့မှ (၉)ကြိမ်

(၂) လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီမှ (၂၅)ကြိမ်

(၃) တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီမှ (၃၉)ကြိမ်

(၄) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီမှ (၈၈)ကြိမ်

(၅) စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီမှ (၆၉)ကြိမ်

(၆) သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှ (၄၀)ကြိမ်

(၇) စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ (၆၇)ကြိမ်

(၈) စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကော်မတီမှ (၄၇)ကြိမ်

(၉) ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီမှ (၆၄)ကြိမ်

(၁၀) တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီမှ (၄၂)ကြိမ်

(၁၁) အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှ (၆၄)ကြိမ်

စုစုပေါင်း(၅)နှစ်တာ စာရင်းချုပ်အဖြစ် (၅၅၄)ကြိမ် ကျင်းပနိုင်ခဲ့ပြီး ကော်မတီအလိုက် တွေ့ဆုံပွဲများ၊ ကြားနာပွဲများမှာ စုစုပေါင်း (၆၆)ကြိမ်နှင့် ပူးပေါင်းအစည်းအဝေးများမှာ အကြိမ်(၇၄)တို့ကို (၅)နှစ်တာ အတွင်း ကျင်းပနိုင်ခဲ့ပါသည်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ (၂.၉.၂၀၂၀)ရက်စွဲပါ အစီရင်ခံစာအရ **“ဒုတိယပုံမှန်အစည်းအဝေးမှ (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ၊ အဆို၊ ကြယ်ပွင့်ပြမေးခွန်းနှင့် ကြယ်ပွင့်မပြမေးခွန်း စုစုပေါင်း (၂၄၅၄)ခု တင်သွင်းမေးမြန်းခဲ့ရာ၊ ကတိကဝတ်ဖြစ်မှု (၁၅၁၉)ခုရှိပြီး သတ္တမအကြိမ်ကြားနာခြင်း တစ်စိတ်တစ်ပိုင်းဖြစ်သော မေးမြန်းဆွေးနွေးခြင်း ကျင်းပပြုလုပ်ပြီးနောက် ကတိကဝတ်မှ (၁၁၇၄)ခု ပယ်ဖျက်နိုင်ခဲ့သဖြင့် ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်သော ကတိကဝတ် (၃၄၅)ခု ရှိသဖြင့်၊ ကတိကဝတ်မှ (၇၇.၂၉)% ပယ်ဖျက်နိုင်ခဲ့ပြီး (၂၂.၇၁)% ကျန်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။”**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၈-၂-၂၀၁၆)ရက်နေ့မှ (၁၅-၈-၂၀၂၀)နေ့အထိ (၅)နှစ်တာကာလအတွင်း လွှတ်တော်သို့ ပေးပို့လာသော တိုင်ကြားစာ၊ တင်ပြစာပေါင်းမှာ (၅၀၃၄)စောင် ရှိပြီး၊ အရေးယူရန်မလိုသော တိုင်ကြားစာ/တင်ပြစာပေါင်းမှာ (၂၆၆၂)စောင်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရ အဖွဲ့သို့ ညှိနှိုင်းအကြောင်းကြားဆောင်ရွက်မှု (၁၅၅၂)စောင်၊ တိုင်းလယ်စစ်/လယ်စီသို့ (၆၆)စောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်သို့ (၃၇)စောင်၊ တိုင်းဒေသကြီးဥပဒေချုပ်သို့ (၅)စောင်၊ ကာယကံရှင် များသို့ (၅၃၉)စောင်၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်နှင့် ကော်မတီသို့ (၁၁၉)စောင်အကြောင်း ကြားပေးပို့ပြီးဖြစ်သဖြင့် အရေးယူဆောင်ရွက်ပြီးဖြစ်သော တိုင်ကြားစာ/တင်ပြစာပေါင်းမှာ (၂၃၇၂)စောင် တိတိဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား(၂)အရ အတည်ပြုပြဋ္ဌာန်းပေးခဲ့သော ဥပဒေများနှင့်အညီ ပဲခူးတိုင်းဒေသကြီးအတွင်း (၅)နှစ်တာကာလအတွင်း မြို့နယ် (၂၈)မြို့နယ်၌ မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းများ၊ တံတားများ၊ လျှပ်စစ် မီးများ၊ ကျောင်းများ၊ ကျန်းမာရေး ဆေးရုံများ၊ ကျန်းမာရေး ဌာန/ဌာနခွဲများ၊ သောက်သုံးရေပြည့်စုံရေး လုပ်ငန်းများ၊ ကုန်ထုတ်လမ်းများစသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နှစ်အလိုက် ဒေသန္တရ

စီမံကိန်းဥပဒေများအရလည်းကောင်း၊ နှစ်အလိုက် ဘဏ္ဍာငွေအရအသုံးဥပဒေများအရလည်းကောင်း၊ နှစ်အလိုက် ဖြည့်စွက်ဘဏ္ဍာငွေ ဥပဒေများအရလည်းကောင်း ပြည်သူများအတွက် အားကြိုးမာန်တက် အချိန်အဟုန်မပျက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်သူများ၏ လူမှုစီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး မြို့၊ မြို့ပြနှင့် ကျေးလက်ဒေသများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်၍ ပြည်သူများ၏ လူနေမှုအဆင့်အတန်း ပြောင်းလဲတိုးတက်လာစေရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှု ပွင့်လင်းမြင်သာမှုရှိသည့် ပြည်သူ့ဗဟိုပြုစီမံခန့်ခွဲမှု စနစ်ထွန်းကားစေရန်အတွက် ရည်ရွယ်ရေးဆွဲအတည်ပြုပြဋ္ဌာန်းပေးခဲ့သည့် ဥပဒေများအရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ဥပဒေများ ရေးဆွဲအတည်ပြုခြင်း၊ အဆိုများ၊ မေးခွန်းများ တင်သွင်းခြင်းတို့ဖြင့် ဥပဒေပြုရေးတာဝန်၊ အပြန်အလှန်ထိန်းကျောင်းရေးတာဝန်၊ ပြည်သူကိုယ်စားပြုရေးတာဝန်များကို ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြအပ်ပါသည်။

တစ်ဖက်မှလည်း ရေးရာကော်မတီများမှ ဥပဒေပြုရေးတာဝန်၊ ဒေသဖွံ့ဖြိုးရေးတာဝန်၊ ပြည်သူကိုယ်စားပြုရေးတာဝန်၊ တရားဥပဒေစိုးမိုးရေးတာဝန်၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာတာဝန်များကို အချိန်အဟုန်ဖြင့် အင်တိုက်အားတိုက် ညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်း၊ ကြားနာခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

ပြည်သူများ၏ အခွင့်အရေးများ ဥပဒေနှင့်အညီရရှိရေး၊ ဒီမိုကရေစီရေး၊ တန်းတူညီမျှရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ပြည်သူများ၏ တင်ပြစာ/တိုင်ကြားစာများအပေါ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ အမှုတွဲပေါင်းမြောက်မြားစွာကို လေးလေးနက်နက် ဂရုတစိုက် ဥပဒေနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့အပြင် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ကူညီဆောင်ရွက်ပေးခြင်းများကြောင့်လည်းကောင်း၊ ရေးရာကော်မတီများမှ စိစစ်ဆောင်ရွက်ပေးခြင်းများကြောင့်လည်းကောင်း၊ ပြည်သူများ၏ လေးစားယုံကြည်အားထားမှုများရရှိခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် (၅)နှစ်တာကာလ လွှတ်တော်တွင်း/လွှတ်တော်ပြင်ပ အတွေ့အကြုံများအရ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားရေးဘဝ တိုးတက်ရေးတို့အတွက် ဆက်လက်ပြီး ပြည်သူများနှင့်အတူ ကြိုးပမ်းတည်ဆောက်ကြပါရန် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ယခု ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို (၁၀:၃၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ရေးရာကော်မတီ အကြံပြု အစီရင်ခံစာ

| စဉ် | အကြံပြုတင်ပြချက် | ဆောင်ရွက်သွားမည့်အခြေအနေ |
|---|---|---|
| (က) | တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ရပိုင်ခွင့်များကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့် တာဝန်များကိုလည်းကောင်း၊ တိုင်းရင်းသားများ ပိုမိုသိရှိနားလည်လာစေရန် တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့်လည်း မြို့နယ် /ခရိုင်အလိုက် ပညာပေးဟောပြော ခြင်းများ ဆောင်ရွက်ပေးနိုင်ပါရန် | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ညွှန်ကြားချက်၊ လမ်းညွှန်ချက်နှင့်အညီ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး အစိုးရအဖွဲ့ဖြင့် ပူးပေါင်း၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ရပိုင်ခွင့်များကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့် တာဝန်များကိုလည်းကောင်း၊ တိုင်းရင်းသားများ ပိုမို သိရှိနားလည်လာစေရန် တိုင်းရင်းသားလူမျိုးများ ရှိရာ မြို့နယ်များတွင်လည်း မြို့နယ်စုအလိုက် စီစဉ်ဆောင်ရွက် လျက် ရှိပါသည်။ |
| (ခ) | တိုင်းရင်းသားဘာသာစာပေသင်ကြားနေသော ကျောင်းများအတွက် သင်ထောက်ကူပစ္စည်း များနှင့် အခန်းများရရှိနိုင်ရေး တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဌာနနှင့်ပညာရေး၊ ကျန်းမာရေး ဝန်ကြီးဌာနတို့ပူးပေါင်း၍ စီစဉ်ဆောင်ရွက် ပေးပါရန် | ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော် ရုံး၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သွားပါမည်။ |
| (ဂ) | တိုင်းရင်းသားဘာသာ စာပေသင်ကြားချိန်များအား ကျောင်းချိန်အတွင်းမှ သင့်လျော်သောအချိန် များဖြင့် တစ်ပြေးညီ ညှိနှိုင်းသတ်မှတ်ပေးပါရန် | ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော် ရုံး၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သွားပါမည်။ |
| (ဃ) | တိုင်းရင်းသားဘာသာစာပေသင်ကြားမှု၌ ဆရာ/ဆရာမများ ခန့်ထားရာတွင် ဆရာ/ ကျောင်းသား(၁:၃၀)ဖြင့် ခန့်ထားလျက် ရှိသဖြင့် Grade(1,2,3,4)အတန်းနှင့် လူအင်အားအပေါ် မူတည်၍ ဘာသာရပ်သင် ဆရာ/ဆရာမများ တိုးချဲ့ခန့်ထားပေးပါရန် | ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော် ရုံး၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သွားပါမည်။ |
| (င) | တိုင်းရင်းသားဘာသာရပ်သင် ဆရာ/ဆရာမ များရှာဖွေရန် အခက်အခဲရှိသဖြင့် ဘာသာ စာပေအား အမှန်တကယ်သင်ကြား ပေးနိုင်သော ဆရာ/ဆရာမများ၏ အသက်၊ ပညာ အရည် အချင်းတို့အား ဖြေလျှော့ချက်ထား၍ နေ့စားလပေး Teaching Assistant (TA) များဖြင့် ခန့်အပ်နိုင်ရေး စီမံဆောင်ရွက် ပေးပါရန် | ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည် တော်ရုံး၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သွား ပါမည်။ |

Smt 521

| စဉ် | အကြံပြုတင်ပြချက် | ဆောင်ရွက်သွားမည့်အခြေအနေ |
|---|---|---|
| (စ) | အရည်အချင်းသတ်မှတ်ချက်ပြည့်မီ၍ လက်ရှိတွင် နေ့စားလပေးခန့်အပ်ထား ရှိသော ဆရာ / ဆရာမများအား အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်အပ်နိုင်ရေး စီမံဆောင်ရွက်ပေးပါရန် | အရည်အချင်းသတ်မှတ်ချက်ပြည့်မီ၍ လက်ရှိတွင် နေ့စားလပေးခန့်အပ်ထားရှိသော ဆရာ/ဆရာမများမှ ဘွဲ့ရဆရာ/ဆရာမများကို မူလတန်း ဆရာအတတ်သင် (မစယ)သင်တန်းသို့ တက်ရောက်ခွင့်ပြုထားပြီး (၂၀၁၉ -၂၀၂၀)ပညာသင်နှစ်တွင် ပဲခူးတိုင်းဒေသကြီးမှ (၉၄)ဦး တက်ရောက်စေပြီးဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်ရုံး၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သွားပါမည်။ |
| (ဆ) | နေ့စားလပေး ဆရာ/ဆရာမများအား သက်ဆိုင်ရာ သင်တန်းများ တက်ရောက်ရာတွင် လည်းကောင်း၊ လေ့လာသူအဖြစ် တက်ရောက်ရာတွင် လည်းကောင်း၊ နေ့စားခနှင့်နေ့တွက်စရိတ် ထောက်ပံ့ငွေများ ရရှိစေရေး ဆောင်ရွက်ပေးပါရန် | နေ့စားလပေး ဆရာ/ဆရာမများအား သက်ဆိုင်ရာ သင်တန်းများ တက်ရောက်ရာတွင်လည်းကောင်း၊ လေ့လာသူအဖြစ်တက်ရောက်ရာတွင် လည်းကောင်း၊ နေ့စားခနှင့် နေ့တွက်စရိတ်ထောက်ပံ့ငွေများ ရရှိစေရေး ဆောင်ရွက်လျက်ရှိပါသည်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်ရုံး၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သွားပါမည်။ |
| (ဇ) | တိုင်းရင်းသားလူမျိုးများ၏ အမည်မှားယွင်း နေခြင်း၊ လူမျိုးမှားယွင်းနေခြင်းများကို လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနအနေဖြင့် တိုင်းရင်းသားများ၏အမည်၊ လူမျိုးများမှန်ကန်စေရေး ကွင်းဆင်းစိစစ်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ပေးပါရန် | တိုင်းရင်းသားလူမျိုးများ၏ အမည်မှားယွင်းနေခြင်း လူမျိုးမှားယွင်းနေခြင်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအနေဖြင့် တိုင်းရင်းသားများ၏ အမည်၊ လူမျိုးများ မှန်ကန်စေရေးအတွက် တိုင်းရင်းသားလူမျိုးများ၏ အမည်ရှေ့တွင် ပါရှိသော ရှေ့ဆောင်စကားလုံးများ ထည့်သွင်း မှတ်တမ်းတင် ရေးသွင်းနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ကျောင်းစတင် အပ်နှံသည့်အချိန်တွင် အမည်စာရင်းရေးသွင်းရာ၌ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများနှင့် ကာယကံရှင် ကိုယ်တိုင်၏ သဘောဆန္ဒအလျောက် ထည့်သွင်း မှတ်တမ်းတင် ရေးသွင်းရန်အတွက် ကွင်းဆင်းစိစစ် ဆောင်ရွက်ရာ တွင်လည်းကောင်း၊ ရုံးလုပ်ငန်း ဆောင်ရွက်ရာတွင်လည်းကောင်း သတိပြုရေးသွင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |
| (ဈ) | အထက်ပါအချက်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ (၁၃)အရ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်း ရေးဆွဲ၍ လည်းကောင်း၊ ပုဒ်မ(၁၆)၊ (၁၇)အရ | တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ(၁၃)အရ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းတွင် တိုင်းရင်းသား လူမျိုးများ၏ ရိုးရာပွဲတော်များအတွက် နှစ်စဉ်ထည့်သွင်း ရေးဆွဲ၍ လူဦးရေရာခိုင်နှုန်းအလိုက် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ထို့ပြင်ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော တိုင်းရင်းသား ကျေးရွာများအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန် |

| စဉ် | အကြံပြုတင်ပြချက် | ဆောင်ရွက်သွားမည့်အခြေအနေ |
|---|---|---|
| | တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍လည်းကောင်း ဆောင်ရွက်ပေးပါရန် | လာစေရန် ကျေးလက်လမ်းတံတားများ ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပြည်ထောင်စုမှ ပံ့ပိုးရန်လိုအပ်သည့် လုပ်ငန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးပြီး လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ |
| (ည) | အခြေခံပညာကျောင်းများတွင် ဒေသသင်ရိုးအချိန်အတွင်း တိုင်းရင်းသားဘာသာ ထည့်သွင်းသင်ကြားပေးနိုင်ပါက ပိုမိုထိရောက်နိုင်ကြောင်း | "ဒေသဆိုင်ရာသင်ရိုးတွင် မူလတန်းအောက်ဆင့်၌ တိုင်းရင်းသားဘာသာစကားများနှင့်စာပေကို သင်ကြားပေးရန်နှင့် မူလတန်းအထက်ဆင့်တွင် ဒေသဆိုင်ရာပထဝီဝင်၊ သမိုင်း၊ စီးပွားရေးအခြေအနေ၊ စိုက်ပျိုးရေးလုပ်ငန်းများ စသည်တို့ကို ဒေသလိုအပ်ချက်နှင့်အညီ သင်ကြားရန် ပညာရေးဌာနမှ လမ်းညွှန်ထားပြီး ဖြစ်ပါသည်။ |
| (ဋ) | တိုင်းရင်းသားဘာသာရပ်သင် ဆရာ/ ဆရာမများ လစ်လပ်မှုအတွက် သင်ကြားမှုတွင် အခက်အခဲရှိသည့်အတွက် အစားထိုး ခန့်အပ်နိုင်ရေး တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန ညှိနှိုင်း ဆောင်ရွက်ပေးသင့်ကြောင်း | (၁) တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းဆောင်ရွက်မှုဖြင့် အခြေခံပညာဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာများ သင်ကြားရန်အတွက် နေ့စားလပေး တိုင်းရင်းသားဘာသာရပ်သင် ဆရာ/ဆရာမ (Teaching Assistant ) များကို ၂၀၁၇–၂၀၁၈ပညာသင်နှစ်တွင် (၃၆၈)ဦး၊ ၂၀၁၉–၂၀၂၀ပညာသင်နှစ်တွင် (၃၀၂)ဦး၊ စုစုပေါင်း (၆၇၀)ဦးကို ခန့်အပ်နိုင်ခဲ့ပါသည်။<br>(၂) ခန့်အပ်ခဲ့သည့် Teaching Assistant (TA) ဆရာ/ဆရာမများအနက် အချို့မှာ လုပ်ငန်းခွင်မှ နုတ်ထွက်ခြင်း၊ သေဆုံးခြင်းတို့ကြောင့် လစ်လပ်လျက်ရှိသည့် ၎င်းတို့၏ နေရာများတွင် အစားထိုးနိုင်ရန်အတွက် TA(၁၆)ဦး၏ လျှောက်လွှာများကိုလည်း ကရင်တိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီး၏ ထောက်ခံချက်ကို တင်ပြရယူပြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန (နေပြည်တော်) ရုံးချုပ်သို့ (၃၀.၁၀.၂၀၁၉)ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ပဲခူး/တစယ/လူမှုဘ၀–၁(၀၈/ ၂၀၁၉)ဖြင့် ပေးပို့တင်ပြခဲ့ကြောင်းနှင့် |

| စဉ် | အကြံပြုတင်ပြချက် | ဆောင်ရွက်သွားမည့်အခြေအနေ |
| --- | --- | --- |
| | | Language Teacher ဆရာ /ဆရာမများအနက် လုပ်ငန်းခွင်မှ နုတ်ထွက်ခြင်း၊ သေဆုံးခြင်းတို့ကြောင့် လစ်လပ်လျက်ရှိသည့် ၎င်းတို့၏ နေရာများတွင် အစားထိုးနိုင်ရန်အတွက် LT(၄)ဦး၊ စုစုပေါင်း (၂၀)ဦး (TA(၁၆)ဦး+LT(၄)ဦး)တို့၏ လျှောက်လွှာများကို အစားထိုးခန့်ထားနိုင်ရေးအတွက် နေပြည်တော် (ရုံးချုပ်)သို့ တင်ပြထားပြီး နေပြည်တော်(ရုံးချုပ်) မှလည်းပညာရေးဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့ ဆောင်ရွက်ထားပြီးဖြစ်ပါသည်။<br>(၃) ပညာရေးဝန်ကြီးဌာနမှ ပေးပို့သည့် (၂၀၁၉-၂၀၂၀) ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာစာပေသင်ကြားနေသည့် Language Teacher (အတွင်း ၃၀၀၀ဝိ/-)စား ဆရာ/ဆရာမများအနက်မှ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ (အတွင်း ၃၀၀၀ဝိ/ -)စား Language Teacher ဆရာ/ဆရာမ ဦးရေ (၁၃)ဦးပါရှိပြီး ၎င်းနေရာများတွင် ပြင်ပမှ တိုင်းရင်းသားစာပေ သင်ကြားလိုသည့် ဒေသခံတိုင်းရင်းသားများကို ခန့်အပ်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးမှ လျှောက်လွှာ (၁၃)စောင်ကိုလည်း ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၏ ထောက်ခံချက်ဖြင့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ဦးစီးဌာန (နေပြည်တော်)ရုံးချုပ်သို့ (၂၈.၅.၂၀၂၀)ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ပဲခူး/တစရ /စာပေ -၆(၀၅/၂၀၂၀) ဖြင့် ပေးပို့တင်ပြထားပြီး ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်ရုံး၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သွားပါမည်။ |
| (၄) | တိုင်းရင်းသားလူမျိုးများ၏ ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင် ယခုထက်ပို၍ လျာထားပေးသင့်ကြောင်း | တိုင်းရင်းသားလူမျိုးများ၏ ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဘဏ္ဍာရန်ပုံငွေတွင် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း (၁၉၃၀,၀၀,၀၀၀) (မူလခန့်မှန်းခြေငွေကျပ်-၁၇၀၀,၀၀,၀၀၀ + GRFမှလျာထားငွေကျပ် - ၂၃၀,၀၀,၀၀၀) နှင့် ၂၀၁၉-၂၀၂၀ ခုဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း (၃၅၀၀,၀၀,၀၀၀) (မူလခန့်မှန်းခြေငွေကျပ် ၂၀၀၀,၀၀,၀၀၀ + ဒေသဖွံ့ဖြိုးရေး-၁၀၀၀,၀၀,၀၀၀+ သဘာဝဘေး-၅၀၀,၀၀,၀၀၀) ပိုမိုလျာထား ဆောင်ရွက်နိုင်ခဲ့ပါသည်။ |

Smt 524

## ထပ်ဆင့်မေးခွန်းအပေါ် ဖြေကြားချက်

လွှတ်တော်ကိုယ်စားလှယ်အမည် - ဒေါ်ဇင်မိုးထိုက်

မဲဆန္ဒနယ် - ပန်းတောင်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)၊ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်

သက်ဆိုင်သည့်ကဏ္ဍ - တိုင်းဒေသကြီးဥပဒေချုပ်

**ထပ်ဆင့်မေးခွန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁)ဦးဖြစ်သည့် ဒေါ်ဇင်မိုးထိုက် ၊ ပန်းတောင်း(၁)၏ ပန်းတောင်းမြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးရုံးခန်း အမြန်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးက တိုင်းဒေသကြီးဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့မှ တစ်ဆင့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့တင်ပြပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှုနှင့်အညီဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည့်အပေါ် ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့တင်ပြ ပြီး၊ မပြီးနှင့် တင်ပြပြီးပါက စာအမှတ်နှင့် ရက်စွဲကိုစာဖြင့် ဖြေကြားပေးနိုင်ရန် အစီအစဉ် ရှိ၊မရှိ ထပ်ဆင့်မေးခွန်းမေးမြန်းခြင်းဖြစ်ပါသည်။

**ဖြေကြားချက်**

ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက် မေးမြန်းသော ထပ်ဆင့်မေးခွန်းမှာ ပန်းတောင်းမြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပြုရုံးခန်း အမြန်ဆောက်လုပ်ရေးပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့သို့ တင်ပြ ပြီး၊ မပြီးနှင့် တင်ပြပြီးပါက စာအမှတ်နှင့် ရက်စွဲကိုစာဖြင့် ဖြေကြားပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းခြင်းဖြစ်ပါသည်။ ယင်းမေးမြန်းချက်နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးက တိုင်းဒေသကြီးဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ ညှိနှိုင်းမေးမြန်းခဲ့ခြင်းအပေါ် ပြန်လည်တင်ပြလာရာ ပန်းတောင်းမြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံးခန်းအား အမြန်ဆောက်လုပ်ပေးစေလိုပါက ရရှိထားသောမြေနေရာနှင့်စပ်လျဉ်း၍ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများကို ယူဆောင်ပြီး ပဲခူးတိုင်းဒေသကြီးဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ ဆက်သွယ်ဆောင်ရွက်ရန် ဖြစ်ကြောင်းနှင့် ဒေါ်ဇင်မိုးထိုက်မေးမြန်းသော ထပ်ဆင့်မေးခွန်းမှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ခြင်းမရှိသဖြင့် ပဲခူးတိုင်းဒေသကြီးဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့သာ ဆက်သွယ်မေးမြန်းသင့်ပါကြောင်း ဖြေကြားချက်အပေါ် ပြန်လည်တင်ပြအပ်ပါသည်။

ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး
ပဲခူးတိုင်းဒေသကြီး၊ပဲခူးမြို့။
စာအမှတ်၊ ၇/ ၁-၅/ ဥပဒေ( ၄၅၀ )/ ၂၀၂၀
ရက်စွဲ၊ ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက်

ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး
ပဲခူးမြို့
စာအမှတ်...၁၂၁၈၁...
ရက်စွဲ...၂၉.၈.၂၀...

သို့

တိုင်းဒေသကြီး ဥပဒေအရာရှိ
ပဲခူးတိုင်းဒေသကြီး
ပဲခူးမြို့

အကြောင်းအရာ။ ထပ်ဆင့်မေးခွန်းဖြေကြားချက်အား ပြန်လည်ပေးပို့ရန်ကိစ္စအတွက်အကြောင်းပြန်ကြားခြင်း

**ရည်ညွှန်းချက်။** ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏(၂၅.၈.၂၀၂၀)ရက်စွဲပါစာအမှတ်- ၇(၃)၁/၁၈(၂၀၀၈)

၁။ ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့မှ တိုင်းဒေသကြီးနှင့်ပြည်နယ် ဥပဒေဆိုင်ရာအဖွဲ့များသို့ (၂၇.၄.၂၀၂၀)စာအမှတ်-၁/၇-၁/ရအဖ(၇၀)၂၀၂၀စာဖြင့် ရုံးမြေနေ လက်ခံရယူထားနိုင်ရန်ကိစ္စပါစာတွင် ညွှန်ကြားထားသည်မှာ အပိုဒ်(၃)တွင် ရုံးဆောက်လုပ်ရန်ကိစ္စသည် နိုင်ငံတော်၏ငွေလုံးငွေရင်းမှ တစ်နှစ်တစ်ကြိမ်ခွင့်ပြုငွေဖြင့် ဆောက်လုပ်ရခြင်းဖြစ်ပါသည်။ ယင်းသို့ ဆောက်လုပ်ရန်ခွင့်ပြုငွေသည် အမှန်တကယ်မြေရရှိထားပြီးမှသာ ရုံးဆောက်လုပ်ရန် ဘဏ္ဍာငွေ ခွဲဝေချထားပေးပြီးဖြစ်ပါသည်။

၂။ အပိုဒ်(၅)တွင် ခိုင်လုံသောစာရွက်စာတမ်းနှင့်အတူ မြေနေရာရရှိထားပြီးပါက ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နေပြည်တော်သို့ တင်ပြရန်ဖြစ်ပါသည်။ ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တွင် ရုံးဆောက်လုပ်ရေးအတွက် ဘဏ္ဍာငွေခွင့်ပြုချက် ရရှိရေး ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

၃။ အဆိုပါအကြောင်းကြားစာ အပိုဒ်(၃)နှင့်အပိုဒ်(၅)အရဆိုပါက ပန်းတောင်းမြို့နယ် ဥပဒေဆိုင်ရာအထောက်ပေးရေးရုံးခန်း အမြန်ဆောက်လုပ်ရေးသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ခြင်းမရှိသလို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ဆောင်ရွက်ပေး၍မရပါ။

၄။ အကယ်၍ ပန်းတောင်း(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက် အနေဖြင့် ပန်းတောင်းမြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံးခန်းအား အမြန်ဆောက်လုပ်ပေးစေလိုပါက ရရှိထားသောမြေနေရာနှင့်ပတ်သက်၍ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများကိုယူဆောင်ပြီး ပဲခူးတိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ ဆက်သွယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း အသိပေးစေလိုပါသည်။

၅။ ဒေါ်ဇင်မိုးထိုက်က ထပ်ဆင့်မေးခွန်းတွင် ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့သို့ တင်ပြပြီးမပြီးနှင့် တင်ပြပြီးပါက စာအမှတ်နှင့်ရက်စွဲကို မေးမြန်းထားသည်ဖြစ်ရာ အဆိုမေးခွန်းမှာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်သက်ဆိုင်ခြင်းမရှိပဲ ပဲခူးတိုင်းဒေသကြီးဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့သာ ဆက်သွယ်မေးမြန်းသင့်ပါကြောင်း ပြန်လည်ဖြေကြားပေးပါရန် ညှိနှိုင်းပြန်ကြားအပ်ပါသည်။

(ခင်မောင်လွင်)

ဥက္ကဋ္ဌ

မိတ္တူကို-

- ရုံးလက်ခံ
- မျှောစာတွဲ

ဖြေကြားချက်

လွှတ်တော်ကိုယ်စားလှယ်အမည် - ဒေါ်ဇင်မိုးထိုက်

မဲဆန္ဒနယ် - တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
ပန်းတောင်းမြို့နယ်၊ မဲဆန္ဒနယ်၊ အမှတ်(၁)

**ဆက်စပ်မေးခွန်း**

ပြန်လည်စွန့်လွှတ်မြေကေအပေါ် မည်သည့်အခြေအနေတွင် ရှိသည်ကို သိရှိလိုကြောင်း စပ်လျဉ်းသည့်မေးခွန်း

**ဖြေကြားချက်**

ပန်းတောင်းမြို့နယ်၊ ညောင်ခြေထောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်( ၁၄၉၊ ၁၅၄ )အတွင်းရှိ အမှတ်(၂၃)၊ အကြီးစားစက်ရုံမှ ပြန်လည်စွန့်လွှတ်မြေ ဧရိယာ(၉၆.၇၀) ကေအား တောင်သူ(၃၉)ဦးမှ ပုံစံ(၁)ဖြင့် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ရပ်/ကွက်ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် တင်ပြလာမှုအပေါ် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ဆက်လက်စိစစ်ထောက်ခံပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါသဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုချက် ရရှိပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တောင်သူ(၃၉)အား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီမှ (၁၅)ကြိမ်မြောက်

ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ (၁/၂၀၂၀)

**နိဒါန်း**

၁။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် လွှတ်တော်လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၆၇၊ အပိုဒ် (က) (ခ) (ဂ) အရ လည်းကောင်း၊ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က) (ခ) အရ ရေးရာကော်မတီ (၁၀) ခု ဖွဲ့စည်းထားရှိသည့်အနက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီသည်လည်း အပါအဝင်ဖြစ်ပါသည်။ ဒုတိယအကြိမ် ပဲခူး တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀) တတိယနေ့တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီကို (၂၉.၅.၂၀၂၀)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၀ ဖြင့် ပြင်ဆင် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းအား တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုခဲ့ပါသည်။

**ကော်မတီ၏ရည်ရွယ်ချက်**

၂။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီသည် စီမံကိန်းလုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ စီမံကိန်းလုပ်ငန်းများနှင့် ဘဏ္ဍာငွေတောင်းခံမှုလုပ်ငန်းများတွင် ပြည်ထောင်စုမှ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ၊ လမ်းညွှန်ချက်များ နှင့်အညီ ဆောင်ရွက်နိုင်စေရန်အတွက်လည်းကောင်း၊ တိုင်းဒေသကြီးဘဏ္ဍာငွေတိုးမြှင့်ရရှိနိုင်ရန်နှင့် တိုင်းဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ပေးအပ် ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များအတိုင်း အစဉ်လေးစားဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏ဆောင်ရွက်ချက်များ**

၃။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီသည် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီနှင့်အတူ အသေးစားငွေချေးလုပ်ငန်းဥပဒေ(မူကြမ်း) အား တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းနိုင်ရန်အတွက် (၇.၁၀.၂၀၁၉)ရက်နေ့မှ (၃.၁၂.၂၀၁၉)

ရက်နေ့အထိ စုစုပေါင်းအစည်းအဝေး (၇)ကြိမ်၊ ရက်ပေါင်း(၂၃)ရက် ကျင်းပပြုလုပ်ခဲ့ပြီး (၄.၁၂.၂၀၁၉) ရက်နေ့တွင် ပြင်ဆင်ဖြည့်စွက်ထားသည့် ဥပဒေ(မူကြမ်း)အား ဥပဒေကြမ်းနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းအဖွဲ့သို့ တင်ပြနိုင်ခဲ့ပါသည်။ (၁၇.၁.၂၀၂၀) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့တွင် အသေး စားငွေချေးလုပ်ငန်းဥပဒေအား အတည်ပြုနိုင်ခဲ့ပါသည်။

၄။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီသည် (၂၉.၁.၂၀၂၀) ရက်နေ့မှ (၃၁.၁.၂၀၂၀) ရက်နေ့ထိလည်းကောင်း၊ (၃.၂.၂၀၂၀) ရက်နေ့မှ (၇.၂.၂၀၂၀) ရက်နေ့ထိလည်းကောင်း ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေများ စိစစ်နိုင်ရန်အတွက် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ရေးရာကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ (၄.၂.၂၀၂၀)ရက်နေ့တွင် ရှေးဟောင်းသုတေသနအသင်းမှ ပညာရှင်များအားဖိတ်ခေါ်ပြီး ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဖြည့်စွက်တောင်းခံငွေများနှင့် မြေပြင်ဆောင်ရွက်ထား ရှိမှုအခြေအနေအား ကွင်းဆင်းစိစစ်ခဲ့ပါသည်။ (၅.၂.၂၀၂၀)ရက်နေ့တွင် ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်တောင်းခံငွေ၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများနှင့်ပတ်သက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ညွှန်ကြား ရေးမှူးနှင့် တာဝန်ရှိသူများအားလည်းကောင်း၊ (၆.၂.၂၀၂၀)ရက်နေ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနနှင့် အစိုးရအဖွဲ့တို့မှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများအားလည်းကောင်း တွေ့ဆုံဆွေးနွေး ခဲ့သည်။

၅။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီသည် (၁၁.၃.၂၀၂၀) ရက်နေ့မှ (၁၃.၃.၂၀၂၀) ရက်နေ့ထိလည်းကောင်း၊ (၁၆.၃.၂၀၂၀) ရက်နေ့မှ (၂၀.၃.၂၀၂၀)ရက်နေ့ထိလည်းကောင်း၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးစာရင်းစစ်ချုပ် အစီရင်ခံစာတွင် ပါရှိသည့် တွေ့ရှိချက်၊ သုံးသပ်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများအား သက်ဆိုင်ရာဦးစီးဌာနများမှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းဆွေးနွေးခဲ့သည်။ ထို့နောက် (၄.၅.၂၀၂၀) ရက်နေ့မှ (၈.၅.၂၀၂၀) ရက်နေ့ထိလည်းကောင်း၊ (၁၁.၅.၂၀၂၀) ရက်နေ့မှ (၂၁.၅.၂၀၂၀) ရက်နေ့ထိလည်းကောင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ်

ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်း ရေးဆွဲရေးဦးစီးဌာန၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ ဗဟိုစာရင်းအင်း အဖွဲ့၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းဆွေးနွေးခဲ့သည်။

၆။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီသည် (၂၅.၅.၂၀၂၀) ရက်နေ့မှ (၂၆.၅.၂၀၂၀)ရက်နေ့ထိလည်းကောင်း၊ (၅.၆.၂၀၂၀) ရက်နေ့မှ (၇.၆.၂၀၂၀)ရက်နေ့ထိ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်တောင်းခံငွေ၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ငွေကြေးဆိုင်ရာသုံးသပ်ချက်နှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပပြုလုပ်ခဲ့သည်။ (၂၄.၆.၂၀၂၀)ရက်နေ့မှ (၃.၇.၂၀၂၀)ရက်နေ့ထိလည်းကောင်း၊ (၆.၇.၂၀၂၀) ရက်နေ့မှ (၁၀.၇.၂၀၂၀)ရက်နေ့ထိလည်းကောင်း၊ (၁၃.၇.၂၀၂၀) ရက်နေ့မှ (၁၇.၇.၂၀၂၀) ရက်နေ့ထိ ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းများအား အသေးစိတ်စိစစ်ခြင်းနှင့် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကော်မတီ၏အစီရင်ခံစာတင်သွင်း နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်။ (၇.၇.၂၀၂၀) ရက်နေ့တွင် ကော်မတီသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ငွေလုံးငွေရင်းအသေးစိတ် တွက်ချက်မှုစာရင်း များနှင့်ပတ်သက်၍ ဌာနမှတာဝန်ရှိသူများအား ခေါ်ယူတွေ့ဆုံမေးမြန်းဆွေးနွေးခဲ့ပါသည်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏တွေ့ရှိချက်များ**

**ဈေးနှုန်းတွက်စစ်ပုံအရ တွက်ချက်ထားသည့်ဈေးနှုန်းနှင့် ပြင်ပပေါက်ဈေးကွာခြားမှု များပြားခြင်းကိစ္စ**

၇။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီသည် ကျေးလက်လမ်းဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ်အတွက် တောင်းခံထားသော လုပ်ငန်း အသုံးစရိတ်များအား စိစ်ဆေးရာ အောက်ပါအချက်များအား စိစစ်တွေ့ရှိရပါသည်-

(က) ခရိုင်အလိုက် ထုတ်ပြန်ထားသော ပစ္စည်းဈေးနှုန်းနှင့် လုပ်အားခဈေးနှုန်းများတွင် ပါဝင်မှုမရှိသောပစ္စည်းများအား လုပ်ငန်းခွင်အရောက် ဈေးနှုန်းတွက်ချက်မှုအရ ဖြစ်ပေါ်လာသောဈေးနှုန်းမှာ မြေပြင်တွင် ရောင်းဝယ်နေသောဈေးနှုန်းနှင့် ကွာခြားမှုများပြားနေကြောင်းတွေ့ရှိရပါသည်။ ဈေးနှုန်းတွက်စစ်ရာတွင် လုပ်ငန်းခွင်နှင့် အနီးစပ်ဆုံးကျေးရွာ၏ ယခင်နှစ် တင်ဒါအောင်ဈေးနှုန်းပေါ်မူတည်၍ လုပ်ငန်းခွင်အထိ အကွာအဝေးအား တွက်ချက်တောင်းခံခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ လုပ်ငန်းခွင်အကွာအဝေးတွက်ချက်ရာတွင် ညောင်လေးပင်၊ ကျောက်တံခါးမြို့နယ်များမှ ကျန်မိုင် (၁) မိုင် ၉၁၀ နှုန်းဖြင့်တွက်ချက်ပြီး ကျန်မြို့နယ်များသည် ကျောက်ကျင်းမှ သယ်ယူသည့်နှုန်းဖြစ်သည့် ပထမ (၁) မိုင်၊ ဒုတိယ (၄)မိုင်၊ တတိယ (၅)မိုင်၊ စတုတ္ထ (၁၀)မိုင် ကျန်မိုင်နှုန်းများဖြင့် တွက်ချက်ထား၍ တွက်ချက်မှုနှုန်း တစ်ပြေးညီမဖြစ်ဘဲ ကွဲပြားနေခြင်း၊ ဒေသကိုယ်စားလှယ်များနှင့် အတည်ပြုရာတွင်လည်း တောင်းခံငွေမှာ ပြင်ပပေါက်ဈေးနှုန်းထက် ပိုမိုနေကြောင်းသိရှိရပါသည်။ ကျောက်အရွယ်အစားအမျိုးမျိုး၊ ဂဝံရောမြေများ၏ ဈေးနှုန်းတွက်ချက်မှုများပြားခြင်းမှာ သယ်ယူစရိတ်တွက်ချက်ရာတွင် ကျောက်ကျင်းမှ သယ်ယူသည့် (၁) မိုင်၊ (၄)မိုင် စသည့်နှုန်းဖြင့်တွက်ချက်ထားရာ မြို့ပေါ်အထိုင်ဈေးနှုန်းတွင် ကျောက်ကျင်းမှ သယ်ယူပြီးနှုန်းဖြစ်၍ လုပ်ငန်းခွင်သို့ သယ်ယူခြင်းအတွက် နှုန်းထားအား ကျောက်ကျင်းသယ်သည့်နှုန်းဖြင့် ထပ်မံတွက်ချက်ခြင်းကြောင့် ပြင်ပဈေးထက် ပိုမိုနေခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

(ခ) ကျောက်အမျိုးမျိုး၏ ဈေးနှုန်းတွက်စစ်မှုတွင် ကျောက်ချခများ ထည့်သွင်းတွက်ချက်ခြင်းအတွက် ၅၀ မီလီမီတာx ၁၀၀ မီလီမီတာကျောက်၊ ၂၅ မီလီမီတာx ၅၀ မီလီမီတာကျောက်၊ ၁၉ မီလီမီတာကျောက်သေးများ၏ ဈေးနှုန်းမှာ အချို့မြို့နယ်တွင် မိုင်အဆင့်ဆင့်သတ်မှတ်ချက်ဖြင့် တွက်ချက်သည့်အပြင် ကျောက်ချခများပါ ထည့်သွင်းတွက်ချက်ထားကြောင်းတွေ့ရှိရပါသည်။ (ပဲခူးမြို့နယ်)

(ဂ) အချို့မြို့နယ်များရှိ လုပ်ငန်းအချို့တွင် ကုမ္ပဏီအမြတ် ထည့်သွင်းတောင်းခံထားပြီး ၅ % ကုန်သွယ်ခွန် တောင်းခံထားမှုမရှိကြောင်းတွေ့ရှိရပါသည်။ သို့ပါ၍ ၅% ကုန်သွယ်ခွန်

တန်ဖိုးကိုသာခွင့်ပြုပြီး ပိုမိုနေသော ကုမ္ပဏီအမြတ်တောင်းခံငွေအား လျှော့ချမှုပြုခဲ့ပါသည်။

**ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်အစီရင်ခံစာနှင့်ပတ်သက်၍ စိစစ်တွေ့ရှိချက်များ**

၈။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၃)ကြိမ်နှင့် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တိုင်းဒေသကြီးစာရင်းစစ်ချုပ်မှ တင်သွင်းသည့် အစီရင်ခံစာအရ ဌာန/အဖွဲ့အစည်းများမှ အောက်ပါအချက်များ ဆောင်ရွက်ရန်လိုအပ်နေကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) စိုက်ပျိုးရေးဦးစီးဌာနပိုင် ယာဉ်(၄)စီးနှင့် ကုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ပဲခူးမြို့၏ ¼ တန်မှ ၂ တန်အထိ ယာဉ်များအား သတ်မှတ်နှုန်းထက် ပိုမိုပြင်ဆင်ထားသော်လည်း စက်ပစ္စည်းကြီးကြပ်မှုကော်မတီ (သို့မဟုတ်) အစိုးရအဖွဲ့မှ ဖွဲ့စည်းထားသော ပြင်ဆင်ရေး စိစစ်မှုအဖွဲ့၏ စိစစ်ခွင့်ပြုချက် တောင်းခံထားမှု မရှိခြင်း၊

(ခ) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပေါက်ခေါင်းမြို့နယ်ဘဏ်ခွဲ၏ ချေးငွေထုတ်ချေးမှုတွင် စိုက်/ဘဏ်ရှိ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)မူရင်းနှင့် ချေးငွေအဆိုပြုလွှာ (ကဘ-၈) တို့အား ကျေးရွာ(၅)ရွာ ရွေးချယ်စစ်ဆေးချက်အရ အောက်ပါအချက်များ တွေ့ရှိရပါသည်-

(၁) ဝွေးပင်ကုန်းရွာရှိ တောင်သူဦးမောင်ဝင်း အမည်တစ်ဦးထဲမှ ကွင်းအမှတ်နှင့် ဦးပိုင်အမှတ်များ တူညီနေခြင်း၊

(၂) ဘန့်ဘွေးတောင်ကျေးရွာရှိ ဦးအောင်ထွန်း၊ ဦးဟန်ရွှေ တောင်သူ(၂)ဦး၏ ကွင်းအမှတ်နှင့် ဦးပိုင်အမှတ် တူညီနေခြင်း၊

(၃) မကျီးခုန်ကျေးရွာရှိ တောင်သူဦးထွေးမောင်၏ (ပုံစံ-၇)ပါ ကေမှာ ၁.၇၅ ဖြစ်သော်လည်း (၄) ကေအတွက် ထုတ်ချေးထားခြင်း၊

(ဂ) ငါးလုပ်ငန်းဦးစီးဌာန (ပဲခူးခရိုင်)တွင် ငါးမွေးမြူခြင်းမရှိခြင်း၊ ငါးမွေးကန်လိုင်စင်ခွန် ပေးဆောင်ခြင်းမရှိသော ၂၉၉.၀၂ ကေအနက် တိုင်းအရံတပ်ဖွဲ့၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ (၁၀)မိုင်စိုက်ပျိုးမွေးမြူရေးစခန်း၊ ပုဂ္ဂလိကနှစ်ဦးပေါင်း ၁၄၆.၈၉ ကေအား လုပ်ငန်းဆောင်ရွက်မှုမရှိကြောင်း တင်ပြခဲ့ပါသည်။ ကေ ၂၀.၃၄ အား

ငါးမွေးကန်အဖြစ်မှ ပယ်ဖျက်ခွင့်ပြုရန် တင်ပြခဲ့သော်လည်း ခွင့်ပြုမိန့်မကျသေးခြင်း ကျန် ၂၇၈.၆၈ ဧကအား လိုင်စင်သစ် လဲလှယ်လျှောက်ထားရန် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ အကြောင်းကြားသော်လည်း လာရောက်ပေးဆောင်မှု မရှိခြင်းကြောင့် လိုင်စင်အသစ် လဲလှယ်လျှောက်ထားရန် နှိုးဆော်ဆဲသာဖြစ်သဖြင့် အခွန်ငွေလျော့နည်းစေခြင်း၊

(ဃ) တိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ နှင့် ၂၀၁၈ခု ဧပြီလမှ စက်တင်ဘာလအထိ စစ်ဆေးရာ ရုံးချုပ်ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်သော လုပ်ငန်းများတွင် လုပ်ငန်း၁၀၀% မပြီးစီးမီ လုပ်ငန်းတန်ဖိုးအားလုံး ထုတ်ပေးထားမှုများရှိနေ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ (၆.၉.၂၀၁၆) ရက်စွဲပါ ကန်ထရိုက်စနစ်ဖြင့်ဆောင်ရွက်ရာတွင် လုပ်ငန်းလမ်းညွှန်ပါ ငွေပေးချေမှုနည်းလမ်းများ လိုက်နာမှုမရှိခြင်း၊

(င) ကုသရေးဦးစီးဌာန၏ ငွေလုံးငွေရင်းဖြင့် နှစ်ဆက်ဆောင်ရွက်သည့် ကျောက်ကြီးမြို့နယ် ငထွေစုပ် တိုက်နယ်ဆေးရုံအား ၂၀၁၆-၂၀၁၇မှ ၂၀၁၇-၂၀၁၈၊ ၂၀၁၈ ဧပြီမှ စက်တင်ဘာလအထိ ကျပ်သန်း ၆၁၆.၅၉၈ ဖြင့် ဆောက်လုပ်ခဲ့သော အဆောက်အဦမှ (၁၅.၆.၂၀၁၈)ရက်နေ့တွင် ဆောက်လုပ်ပြီးစီးခဲ့သော်လည်း (၃၀.၉.၂၀၁၉) ရက်နေ့အထိ ဆေးရုံဖွင့်လှစ်ရန် ခွင့်ပြုမိန့်မရသေးခြင်း၊ ကျွန်းပင်ဆိပ် တိုက်နယ်ဆေးရုံမှာလည်း ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈၊ ၂၀၁၈ခု ဧပြီလမှ စက်တင်ဘာလအထိ ကျပ်သန်း (၆၁၃.၆၈၂) ဖြင့် ဆောက်လုပ်ခဲ့၍ (၂၄.၁၂.၂၀၁၈) ရက်နေ့တွင် စတင်ဖွင့်လှစ်ရန် ခွင့်ပြုခဲ့သော်လည်း ဖွင့်လှစ်နိုင်မှုမရှိသေးခြင်း၊ လုပ်ငန်းလွှဲပြောင်းအပ်နှံမှုမရှိသေးခြင်း၊

(စ) ပဲခူးတိုင်းဒေသကြီးအတွင်း (၃၀.၉.၂၀၁၉)ရက်နေ့အထိ ကျေးရွာယူနစ် (၉၅၆) ရွာအတွက် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ကျပ် ၂၈၆၈၀ သန်းအနက် ကဝ၊ ရွှေကျင်၊ ဖြူး၊ ရေတာရှည်၊ မင်းလှ၊ အုတ်ဖိုနှင့် လက်ပံတန်းမြို့နယ်များရှိ ကျေးရွာ(၁၃)ရွာမှ ဆုံးရှုံးမှုတန်ဖိုး ကျပ် ၂၇၄.၇၂၃ သန်း (၀.၉၅%) ဖြစ်ပေါ်ခဲ့ပါသည်။ သဘာဝဘေး စစ်တောင်း

ကမ်းပါးပြို၍ တန်ဖိုး ကျပ် ၂၆.၈၈၄ သန်း (ဆုံးရှုံးမှုတန်ဖိုး၏ ၉.၇၈%) ပါဝင်ပြီး ကျပ် သန်း (၂၄၇.၈၃၉)မှာ အသင်းသားမှ ပေးဆပ်မှုမရှိခြင်း၊ ကော်မတီဥက္ကဋ္ဌစာရင်းကိုင် အလွဲသုံးစားပြုခြင်း၊ ရန်ပုံငွေမီးလောင်ဆုံးရှုံးခြင်း၊ ခိုးယူထွက်ပြေးခြင်း၊ အသင်းသားများမှ စီးပွားရေးအဆင်မပြေမှု၊ ရွာ၌မရှိမှုကြောင့် မပေးဆပ်ခြင်း၊ ကော်မတီအသင်းမဝင်ခြင်း၊ အသင်းသားများမှ မပေးဆပ်ခြင်းများကြောင့်ဖြစ်ပြီး မီးလောင်ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် ဖြူးမြို့နယ် ငါးမြစ်ချင်းကျေးရွာမှ ရန်ပုံငွေ ကျပ် ၃၂.၂၀ သန်းအတွက် ဘဏ္ဍာရေးမှူးအား ထောင်ဒဏ်(၁၀)နှစ်သာ အရေးယူခဲ့ပြီး ကျန်ဆုံးရှုံးမှုများအား အကြောင်းကြားစာပေးပို့ခြင်း၊ ဥပဒေရုံးများသို့ အကြံဉာဏ်တောင်းခံ ဆောင်ရွက်ဆဲဖြစ်ကြောင်း ဖော်ပြထားခြင်း၊

(ဆ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၁၈ခု ဧပြီမှ စက်တင်ဘာလအထိ ယစ်မျိုးခွန်ရငွေမှာ လျာထားချက်၏ ၉၇.၂၃% သာဖြစ်၍ ရောင်းချမှုများပြားသည့် ယစ်မျိုးလုပ်ငန်းမှာ လျာထားချက်ပြည့်မီမှုမရှိခြင်း၊ ဓါတ်သတ္တုခွန်အား ယခင်နှစ် အမှန်ရငွေပေါ် အခြေခံ၍ လျာထားမှုမပြုဘဲ လိုင်စင်သွင်းမည့် ကာလပေါ်အခြေခံ၍ လျော့နည်းလျာထားခြင်းများ တွေ့ရှိရပါသည်။

(ဇ) ကြို့ပင်ကောက်မြို့နယ် သစ်တောဦးစီးဌာနမှ ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်ခြင်းအတွက် မြေငှားရမ်းခအား တစ်ဧက ၂၀၀ိ/နှုန်းဖြင့် ၂၆၈ ဧက ငှားရမ်းထားရာ ကာလပေါက်ဈေးနှင့် မလျော်ညီ၍ ပြင်ဆင်ရန်အကြံပြုချက်အပေါ် နေပြည်တော် သစ်တောဦးစီးဌာနရုံးချုပ်၏ (၂၅.၈.၂၀၁၇) ရက်စွဲပါစာဖြင့် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်မှစ၍ (၁) ဧက ၁၀၀၀ိ/ နှုန်းဖြင့် ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရှိရပါသည်။

၉။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် စာရင်းစစ်ချုပ်၏အစီရင်ခံစာတွင် ၂၀၁၈ခု ဧပြီလမှ စက်တင်ဘာလနှင့် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာနှစ် (၃၀.၆.၂၀၂၀) အထိ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ဆောင်ရွက်သော ဌာန/အဖွဲ့အစည်း (၁၁)ဖွဲ့မှ ရငွေလျော့နည်းပေးသွင်းခြင်း ကျပ် ၂.၁၁၃ သန်း၊ အသုံးစရိတ်ပိုထုတ်ငွေ ကျပ် ၉၃.၈၅၈ သန်း၊ စုစုပေါင်း ကျပ် ၉၅.၉၇၁ သန်း ဖြစ်ပေါ်ခဲ့ပြီး စာရင်းဖွင့်ပေးသွင်းရန် ကျန်ငွေ ကျပ် ၅.၄၇၆ သန်း

အပါအဝင် စုစုပေါင်း ကျပ် ၁၀၁.၄၄၇ သန်းအား နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းပြီးကြောင်း သိရှိရပါသည်။ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန်လိုအပ်သည့် ဌာန/အဖွဲ့အစည်းများ၏ အသုံးစရိတ်ပိုထုတ်ငွေများအနက် အသုံးစရိတ်အချို့မှာ ထုတ်ယူရန်မသင့်သည့် ပိုထုတ်ငွေများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ သာဓကအားဖြင့် -

(က) သက်တမ်းတိုးထားမှုမရှိသော ဆိုင်ကယ်(၁) စီးအတွက် သက်တမ်းတိုးခ ကျပ် ၀.၀၆၆ သန်း ထုတ်ယူထားခြင်း၊ တင်ဒါလျှောက်လွှာပုံစံရောင်းရငွေ လျော့နည်းပေးသွင်းခြင်း ကျပ် ၀.၀၃၀ သန်း၊ (တိုင်းဒေသကြီးအစိုးရအဖွဲ့)

(ခ) ၁၂ လက်မ Ø ၂၀ ပေ ပလပ်စတစ်ကော်ကြည်ပိုက် (၁၀) လုံးအား ပဲခူးမြို့မှ ဝယ်ယူထားသော်လည်း ရန်ကုန်မှ ပဲခူးသို့ သယ်စရိတ် ကျပ် ၀.၁၆၀ သန်း ထုတ်ယူထားခြင်း၊ (ရေအရင်းအမြစ်စီမံခန့်ခွဲမှုဦးစီးဌာန)

(ဂ) ဆောင်ရွက်ပြီးသော လုပ်ငန်းများအား ၁၀၀% လုပ်ငန်းပြီးစီးမှသာ အပ်နှံသူ၊ တာဝန်ရှိသူများမှ မျက်မြင်စစ်ဆေးပြီး လုပ်ငန်းတန်ဖိုးအားလုံး ထုတ်ပေးရန်ဖြစ်သော်လည်း စာရင်းစစ်ဆေးရေးဝင်ရောက်မှသာ မျက်မြင်စစ်ဆေးမှုအရ လျော့နည်းဆောင်ရွက်ခြင်းကြောင့် ပိုထုတ်ငွေဖြစ်ပေါ်ခြင်း၊ (ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ကျပ် ၀.၀၆၄ သန်း၊ စည်ပင်သာယာရေးအဖွဲ့မှ လုပ်ငန်း(၁၇)ခု ကျပ် ၆၂.၀၇၇ သန်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ လုပ်ငန်း(၂)ခု ကျပ် ၀.၉၉၂ သန်း၊ ပျားလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ တောင်ငူမှ ကျပ် ၀.၃၄၅ သန်း၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တောင်ငူမြို့ ပြည်တော်သာစခန်းဝန်း ကွန်ကရစ်လမ်းခင်းခြင်း ကျပ် ၀.၁၆၈ သန်း၊ ပြည်မြို့ ကံပေါ်ရိပ်သာဝန်း အုတ်ခြံစည်းရိုးကာရံခြင်း ကျပ်၀.၂၇၈ သန်း )

(ဃ) သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်မှူးနေအိမ် မီတာတပ်ဆင်စရိတ် ကျပ် ၀.၁၀၀ သန်းအား ၂၀၁၈ခု mini တွင် ထုတ်ယူပြီးဖြစ်သော်လည်း ထပ်မံထုတ်ယူထားခြင်း၊

(င) ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြေနီခင်းခြင်းလုပ်ငန်းတွင် အမှန်ရှိသည့် လမ်းအရှည်ထက် (၃၅)ပေ ပိုမိုထုတ်ယူခြင်း ကျပ် ၀.၁၂၁ သန်း၊

(စ) ရွှေတောင်မြို့နယ် သစ်တောဦးစီးဌာနတွင် ကွန်ကရစ်ပွတ်လုံး (၅၂)လုံးအတွက် ပိုထုတ်ငွေ ကျပ် ၀.၂၀၈ သန်း၊

(ဆ) တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး (ပဲခူးအရှေ့)တွင် တံခွန်တိုင်ချောင်းကြီးစု ကျေးရွာနှင့် ကရင်ရွာမပိုင်းတွင် (၄၀၀) ဗို့လိုင်းဆွဲရာ၌ သစ်သားတိုင်ဟောင်း (၃၇) တိုင်အား ဖယ်ထုတ်၍မလိုအပ်ဘဲ ကျပ် ၀.၃၇၀ သန်း ထုတ်ယူထားခြင်း၊ အုတ်တွင်း မြို့နယ် ရိုးလေးချောင်း ရေလျှံမှုကြောင့် လုပ်ငန်း(၄)ခု၏ concrete footing for 9m (၁၂)တိုင်နှင့် Stay (၁၅)ခုအား ဆောင်ရွက်ထားမှုမရှိဘဲ ကျပ် ၀.၅၆၃ သန်း ထုတ်ယူထားခြင်းတို့အား စိစစ်တွေ့ရှိရပါသည်။

(ဇ) တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သံရည်ကျိုအပ်နှံထားပြီး လိုင်စင်သက်တမ်းတိုးထားမှုမရှိသည့် ယာဉ်(၁)စီးအတွက် ကွင်းဆင်းကြီးကြပ် ရန်အကြောင်းရပ်ဖြင့် ဒီဇယ်(၈၄)ဂါလံ၊ တန်ဖိုး ကျပ် ၀.၃၄၅သန်း ထုတ်ယူထားခြင်း တို့အား စိစစ်တွေ့ရှိရပါသည်။

၁၀။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန် စစ်ဆေးဖော်ထုတ်မှုတွင် ၂၀၁၈ခုနှစ် Mini နှင့် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်အတွက် (၁.၁၁.၂၀၁၉)ရက်နေ့မှ (၃၀.၆.၂၀၂၀) ရက်နေ့အထိ ပေးသွင်းရန်ကျန်ရှိနေသည့် ဝန်ကြီးဌာန(၄)ခုရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ကျပ် ၁၅.၁၁၀ သန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနမှ ကျပ် ၉၁.၄၂၁ သန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျပ် ၂.၈၃၈ သန်း၊ ပညာရေး ဝန်ကြီးဌာနမှ ကျပ် ၂.၇၂၅ သန်း တို့ဖြစ်ပြီး စုစုပေါင်း ကျပ် ၁၁၂.၀၉၄ သန်း ပေးသွင်းရန် ကျန်ရှိနေသေး ကြောင်းတွေ့ရှိရပါသည်။

၁၁။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ နိုင်ငံတော်သို့ပြန်လည်ပေးသွင်းရသည့် ဦးစီးဌာနများနှင့် အဖွဲ့ အစည်းများမှ လုပ်ငန်းလျော့နည်းဆောင်ရွက်ထားခြင်းကြောင့် ပိုထုတ်ငွေနှင့် အသုံးစရိတ်ပိုထုတ်

ငွေများသည် ဌာနတွင်းကြီးကြပ်မှုအားနည်းသည့် ပိုထုတ်ငွေများဖြစ်ကြောင်း တွေ့ရှိရပါသည်။ သာဓကအားဖြင့်–

(က) သင်တန်းဆောင်၊ သင်တန်းသားစားချက်ဆောင်၊ ပြင်ပရေလုပ်ငန်း၊ ပြင်ပမီးဓါတ်အား လိုင်းသွယ်တန်းခြင်းလုပ်ငန်း လျှော့နည်းဆောင်ရွက်ထားခြင်းကြောင့် ပိုထုတ်ငွေ ကျပ် ၄.၈၉၇ သန်း၊ (အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)

(ခ) RC (၂)ထပ် (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်း တွက်ချက်မှုမှားယွင်း ခြင်းကြောင့် ပိုထုတ်ငွေ ကျပ် ၁.၅၃၈သန်း၊ (အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)

(ဂ) ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း(၂)ခုမှ ခန့်မှန်းခြေစာရင်းနှင့် မျက်မြင်စစ်ဆေးချက်အရ ပိုထုတ်ငွေကျပ် ဝ.၃၃၃ သန်း၊ (ပြည်အကျဉ်းထောင်)

(ဃ) ဝေါမြို့နယ်အတွင်း ထောက်ပံ့ငွေထုတ်ပေးခဲ့သည့် ကျေးရွာအုပ်စု(၄၇)ခုမှ ကျေးရွာ(၁၅) ရွာအား ကောက်နှုတ်စစ်ဆေးရာ ကျေးရွာ(၆)ရွာတွင် တောင်သူများ ဖြန့်ဝေငွေထက် ပိုမိုထုတ်ယူထားခြင်း ကျပ် (ဝ.၃၈၇) သန်း၊ (စိုက်ပျိုးရေးဦးစီးဌာန)

(င) ၂၀၁၈ခု (ဧပြီလမှ စက်တင်ဘာလအထိ) တွက်ချက်မှုစံနှုန်း၊ ဒေသဈေးနှုန်းနှင့် မျက်မြင် စစ်ဆေးခြင်းမှ လျှော့နည်းဆောင်ရွက်ထားသဖြင့် ပိုမိုထုတ်ယူငွေ ကျပ် ၂.၃၂၃ သန်း၊ (တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

(စ) ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၁၈–၂၀၁၉ခု ဘဏ္ဍာရေးနှစ်လုပ်ငန်း ခေါင်းစဉ် (၆)ခုမှ ပိုမိုထုတ်ယူငွေ ကျပ် ၃.၆၃၀ သန်း၊

(ဆ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများထံမှ မြေခွန် စည်းကြပ်ကောက်ခံရန် လိုငွေကျပ် ၂.၂၄၆ သန်း၊ (ဖြူးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲ ရေးနှင့်စာရင်းအင်းဦးစီးဌာန) စသည်ဖြင့် စိစစ်တွေ့ရှိရပါသည်။

၁၂။ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ ၂၀၁၈(ဧပြီလမှ စက်တင်ဘာလအထိ) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ လုပ်ငန်း(၁၃)ခုတွင် ပိုမိုထုတ်ယူငွေ ကျပ်၂၂.၃၅၉ သန်း ဖြစ်ပေါ်ခဲ့ ကြောင်းတွေ့ရှိရပါသည်။ ပိုမိုထုတ်ယူငွေဖြစ်ပေါ်ရခြင်းများမှာ တွက်ချက်မှုပုံစံနှုန်း၊ ဈေးနှုန်း၊ မျက်မြင် စစ်ဆေးတွေ့ရှိချက်တို့အပြင် တာဝန်ယူဆောက်လုပ်သည့် ကုမ္ပဏီများ၏ တာဝန်ယူတာဝန်ခံမှု

အားနည်းခြင်း၊ လုပ်ငန်းကြီးကြပ်မှုအားနည်းခြင်း၊ ဌာနမှကြီးကြပ်မှု အားနည်းခြင်းများကြောင့် ဖြစ်ကြောင်းစိစစ်သုံးသပ်တွေ့ရှိရပါသည်။ သာဓကအားဖြင့် ပန်းတောင်း- ထုံးဘို တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်းလုပ်ငန်းတွင် ကျပ် ၁.၃၈၀ သန်း၊ မိုးညိုဆေးရုံ တိုးချဲ့(၂)ထပ်ဆောင် ဆောက်လုပ်ခြင်း လုပ်ငန်းတွင် ကျပ်၂.၀၉၄ သန်း၊ ကျောက်ကြီး- ငထွေဆုပ် တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း လုပ်ငန်းတွင် ကျပ် ၂.၃၆၄ သန်း၊ ကျောက်ကြီး- မုန်းတိုက်နယ် ဆေးရုံဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း လုပ်ငန်းတွင် ကျပ် ၁.၇၄၀သန်း၊ ပဲခူးမြို့နယ် ထန်းတောကြီးတိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း လုပ်ငန်းတွင် ကျပ် ၂.၅၄၈ သန်း၊ အုတ်ဖိုမြို့နယ် ပြည်သူ့ဆေးရုံ(၂)ထပ် လူနာဆောင်နှင့် (၆)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းတွင် ကျပ် ၁.၀၄၃ သန်း၊ ဇီးကုန်းမြို့နယ် ပြည်သူ့ ဆေးရုံ(၂)ထပ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းတွင် ကျပ် ၃.၄၉၄ သန်း၊ ရွှေကျင်မြို့နယ် ကွင်းဆိပ် တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်းလုပ်ငန်းတွင် ကျပ် ၄.၆၄၆ သန်း တို့အား စိစစ်တွေ့ရှိရပါသည်။

၁၃။ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၈(ဧပြီလမှ စက်တင်ဘာလအထိ) ဆောင်ရွက်သောလုပ်ငန်းများအနက် လုပ်ငန်း(၉)ခုတွင် ပိုမိုထုတ်ယူငွေ ကျပ် ၈.၅၅၉သန်း ဖြစ်ပေါ် ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ပိုမိုထုတ်ယူငွေ ဖြစ်ပေါ်ရခြင်းများမှာ တွက်ချက်မှုမှားယွင်းခြင်း၊ နောက်ကျဒဏ်ကြေးငွေ၊ မျက်မြင်စစ်ဆေးချက်၊ ဒေသဈေးနှုန်းထက် ပိုထုတ်ငွေ သတ်မှတ်ရက်ထက် ပြီးစီးမှုနောက်ကျဒဏ်ကြေးငွေများကြောင့် ဖြစ်ကြောင်းတွေ့ရှိရပါသည်။

၁၄။ ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး (ပဲခူးအရှေ့)၏ လုပ်ငန်းများတွင် လုပ်ငန်းပမာဏ လျော့နည်းဆောင်ရွက်မှု၊ တွက်ချက်မှုမှားယွင်းခြင်းတို့ကြောင့် ကုမ္ပဏီ(၃)ခုမှ ပိုထုတ်ငွေ ကျပ် ၄.၀၃၆ သန်းဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၅။ ဘဏ္ဍာရေးနှင့် အခြားစည်းမျဉ်းမကျနမှုများတွင် အောက်ပါအချက်များအား တွေ့ရှိရပါသည်-

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ဗဟိုအကျဉ်းထောင်(သာယာဝတီမြို့)၏ ၂၀၁၈ (mini) လုပ်ငန်းများတွင် အကျဉ်းသူ (၂၅၆)ဦးအတွက် အကျဉ်းသူဝတ်စုံများမှာ (၁.၄.၂၀၁၈)ရက်နေ့ စာရင်းဖွင့်လက်ကျန် (၇၃၃)စုံ ရှိပြီးဖြစ်၍ လုံလောက်မှုရှိသော်လည်း ဗဟိုပစ္စည်းသိုလှောင်ရုံ အင်းစိန်မှ (၂၅၆)စုံ ထပ်မံထုတ်ယူလာခြင်း၊

(ခ) ပဲခူးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း တည်ဆောက်ခြင်းလုပ်ငန်းတန်ဖိုး ကျပ် (၂၈၀)သန်းတွင် (၃၀.၉.၂၀၁၉)ရက်နေ့အထိ ၅၀% သာ ပြီးစီး၍ လုပ်ငန်းလွှဲပြောင်း လက်ခံဆောင်ရွက်ထားသော်လည်း ယင်း ပြီးစီးသည့် လုပ်ငန်းရပ်အလိုက် ဘဏ္ဍာနှစ်၏ သက်ဆိုင်သော ခွင့်ပြုရန်ပုံငွေ ကျပ် ၁၄၀ သန်းအတွက် ခန့်မှန်းခြေစာရင်း ရေးဆွဲလျက် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေး ကော်မတီသို့ တင်ပြထားမှုမရှိခြင်း၊

(ဂ) ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာနှစ်လုပ်ငန်းများတွင် သာမန်အသုံးစရိတ်မှ ကျပ် ၂၃.၉၂၁သန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ်မှ တင်ဒါပိုလျှံငွေကျပ် ၀.၄၉၀ သန်းတို့အား ပြည်ထောင်စုဝန်ကြီးရုံး၏ (၂၃.၅.၂၀၁၉) ရက်စွဲပါစာအရ ငွေထုတ်ကန့်သတ်ချက်(DL)အား အနှုတ်စာရင်း ပြုလုပ် ထားမှုမရှိခြင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဝယ်ယူသည့်ပစ္စည်း(၇)မျိုး ကျပ် ၁၄.၉၄၀ သန်းအတွက် ဌာနမှ နိုင်ငံတော်သမ္မတရုံး၏ ၁/၂၀၁၇ ညွှန်ကြားချက်နှင့်အညီ ဌာနမှ တင်ဒါခေါ်ယူခြင်းမပြုဘဲ ကုမ္ပဏီ(၃)ခု၏ ဈေးနှုန်းနှိုင်းယှဉ်ချက်ဖြင့် ဝယ်ယူရေးအဖွဲ့ ဖွဲ့လျက် ဝယ်ယူထားခြင်း၊

(ဃ) ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ရေကြီး နစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်သည့် မိုးသီးနှံ (၂၇၃၀၇၆) ဧကအတွက် ထောက်ပံ့ရန် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ အရေးပေါ်ရန်ပုံငွေ ကျပ် ၂၇၂၃.၅၀၀ သန်းအား ၀၃.၁၃ လုပ်ငန်းသုံးပစ္စည်း ငွေစာရင်းခေါင်းစဉ်မှ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနသို့ ရုံးချုပ်၏ (၂၄.၉.၂၀၁၉) ရက်စွဲပါစာဖြင့် ငွေကြေးသုံးစွဲခွင့် အမိန့် ၁၉၂၆/ ၂၀၁၉ ဖြင့် ခွင့်ပြုခဲ့ပါသည်။ ၎င်းငွေကြေးများအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ (၁.၄.၂၀၁၇) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၅/ ၂၀၁၇ အရ ဘဏ္ဍာနှစ်အတွင်း မသုံးစွဲနိုင်သော ရန်ပုံငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက သတ်မှတ်ထားသည့်နေ့ရက်တွင် ပြန်လည်အပ်နှံရမည်ဟု သတ်မှတ်ထားသော်လည်း

အရေးပေါ်ထောက်ပံ့ငွေမှ ပိုလျှံငွေများကို အပ်နှံခြင်းမရှိဘဲ စာရင်းရှင်စာရင်း ဖွင့်လှစ်၍ အပ်နှံထားခြင်းမှာ ညွှန်ကြားချက်နှင့် ကိုက်ညီမှုမရှိခြင်း၊ ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၁၅) ပြည်မြို့၏ ၂၀၁၈–၂၀၁၉ ခုဘဏ္ဍာနှစ် လုပ်ငန်းများတွင် တိုင်းဒေသကြီးရန်ပုံငွေ ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သည့် မင်းလှ–စိန်ကန့်လန့် မြို့ချောင်းလမ်းမှ တင်ဒါပိုလျှံငွေ ကျပ် ၁၆.၁၄၀ သန်းအား ပြန်လည် အပ်နှံခြင်းမရှိဘဲ တင်ဒါအောင်မြင်စဉ် ချဉ်းကပ်လမ်း ပါဝင်မှု ရှိ/ မရှိ စာရင်းစစ်ရုံးမှ ဖော်ပြထားမှုမရှိခြင်း၊ မူလခန့်မှန်းခြေစာရင်းတွင် ပူးတွဲပါရှိသော တံတားချဉ်းကပ်လမ်း ဆောင်ရွက်ထားသဖြင့် ၎င်းတင်ဒါပိုလျှံငွေအား တိုင်းဒေသကြီးအထွေထွေပိုလျှံ ရန်ပုံငွေသို့ ပေးသွင်းရန်လိုအပ်ခြင်း၊

(င) ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းနှင့် စာရင်းများတွင် ငွေလုံးငွေရင်း (တိုင်းချုပ်) ခေါင်းစဉ်ပါ ရေမီတာရောင်းရငွေ ၉.၂၄၀ သန်း၊ ကတ္တရာပီပါခွဲရောင်းရငွေ ကျပ် ၆.၀၄၂ သန်းနှင့် ဈေးဆိုင်ခန်းရောင်းရငွေ ကျပ် ၄.၀၁၄ သန်း ရရှိမှုများမှာ နှစ်စဉ်ရရှိသော ငွေလုံးငွေရင်းအမျိုးအစားများဖြစ်သော်လည်း ရငွေလျာထားစာရင်းတွင် ထည့်သွင်း လျာထားမှုမရှိခြင်း၊ ရငွေစာရင်းရေးသွင်းရာ၌ ယခင်နှစ်ရငွေကိုအခြေပြု၍ အမှန်တကယ်ရရှိနိုင်သော ငွေပမာဏကို ထည့်သွင်းရေးဆွဲရန်လိုအပ်ခြင်း၊

(စ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၏ ၂၀၁၅–၂၀၁၆ခု နှင့် ၂၀၁၇–၂၀၁၈ခု ဘဏ္ဍာရေးနှစ်အတွင်း ရုံးချုပ်၏ ငွေလုံးငွေရင်း ဘတ်ဂျက်ဖြင့် နှစ်ဆက်လုပ်ငန်းဆောင်ရွက်သော ရွှေကျင်မြို့နယ် ကွင်းဆိပ်တိုက်နယ် ဆေးရုံဆောက်လုပ်ခြင်းလုပ်ငန်းအား ကျပ် ၅၈၇.၈၆၀ သန်းဖြင့် ဇင်ချောင်းဆောက်လုပ်ရေး ကုမ္ပဏီမှတင်ဒါအောင်မြင်၍ ဆောင်ရွက်ခဲ့ရာ (၃၀.၈.၂၀၁၇) ရက်နေ့တွင် ၁၀၀% ပြီးစီး၍ လုပ်ငန်းလွှဲပြောင်းအပ်နှံခဲ့ကြောင်း ရွှေကျင်မြို့နယ်စာရင်းရုံးမှ စစ်ဆေးချက် အရ ကုမ္ပဏီမှ လုပ်ငန်းအမှန်မဆောင်ရွက်ဘဲ ပြီးစီးကြောင်းတင်ပြခြင်း၊ ကုမ္ပဏီအား

Black List နှင့် PG မှ လိုငွေခုနှိမ်ထုတ်ရန်၊ စာချုပ်စည်းမျဉ်းတိုင်း ထိရောက်စွာ အရေးယူရန်၊

(ဆ) ရေမီးလုပ်ငန်းများ ဆောင်ရွက်ခြင်း တန်ဖိုး ကျပ် ၂၃.၈၂၂ သန်းမှာ မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်ထားမှုမရှိပါ၍ ကုမ္ပဏီမှ တင်သွင်းထားသည့်လုပ်ငန်းအာမခံ PG မှ ခုနှိမ်ထုတ်ပေးနိုင်ရေး၊ တိုင်းကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန နေပြည်တော်သို့ တင်ပြခဲ့ကြောင်း ရုံးချုပ်မှ အရေးယူဆောင်ရွက်မှု မရှိသေးကြောင်း တင်ပြထားပါသည်။

**အထွေထွေပိုလျှံရန်ပုံငွေအပ်နှံမှုနှင့် လွှဲပြောင်းသုံးစွဲမှု**

၁၆။ ၂၀၁၈ခု ဧပြီလမှ စက်တင်ဘာလအထိ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်း(၂၄)ဖွဲ့မှ လွှတ်တော်မှစိစစ်လျှော့ချငွေ ကျပ်(၉၈၃)သန်းနှင့် ဌာနများမှပြန်လည်အပ်နှံသော ပိုလျှံရန်ပုံငွေ ကျပ်သန်း ၃၂၈၄.၀၄၇ ဖြစ်ပြီး၊ ဌာန(၂၀)ခုမှ ကျပ်သန်း ၂၂၆၃.၉၃၇ လွှဲပြောင်းသုံးစွဲခဲ့သဖြင့် ကျပ် ၁၉၆၇.၀၉၃ သန်း လျှော့နည်းသုံးစွဲခဲ့ပါသည်။ တိုင်းဒေသကြီးအတွက် ပြန်လည်သုံးစွဲနိုင်မှုမရှိသည့် လျှော့နည်းသုံးစွဲငွေ ကျပ်သန်း ၁၉၆၇.၀၉၃ မှာ စုစုပေါင်းအပ်နှံငွေ၏ ၅၉.၈၉% ရှိကြောင်းတွေ့ရှိရပါသည်။

**အစီရင်ခံသည့်ကာလအတွင်းကော်မတီ၏ သုံးသပ်ချက်များ**

၁၇။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံသည့် ကာလအတွင်း သုံးသပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဈေးနှုန်းတွက်စစ်ပုံအရ မိုင်အလိုက် လုပ်ငန်းခွင်သယ်ယူစရိတ် တွက်ချက်ရာတွင် ကျောက်ကျင်းမှသယ်ယူသည့် မိုင်အဆင့်ဆင့်ဖြင့်ထည့်သွင်းတွက်ချက်ခြင်း၊ မြို့ပေါ်အရောက်ဈေးနှုန်းပြင်ပ မြင့်မားခြင်း၊ ဒေသဈေးနှုန်းတွင် ပါဝင်မှုမရှိသော လမ်းသုံးပစ္စည်းများအား လုပ်ငန်းခွင်နှင့်အနီးစပ်ဆုံးဒေသရှိ ယခင်နှစ်တင်ဒါအောင် ဈေးနှုန်းများအပြင် လုပ်ငန်းခွင်သို့အကွာအဝေးမိုင်များအား ကျောက်ကျင်းမှ သယ်ယူသည့်နှုန်းထားများ ပေါင်းစပ်တွက်ချက်ခြင်းကြောင့် အဆိုပြုဈေး များပြားနေကြောင်း သုံးသပ်ပါသည်။

(ခ) လက်ရှိအသုံးပြုနေသော ကျောက်သယ်ယာဉ်များမှာ အလိုအလျောက်စနစ်ဖြင့် ကျောက်များချပေးနေသဖြင့် ကျောက်ချခထည့်သွင်းတွက်ချက်ခြင်းကြောင့် အဆိုပြုဈေးနှုန်းမြင့်မားစေကြောင်း သုံးသပ်ပါသည်။

(ဂ) လုပ်ငန်းဆောင်ရွက်ရန် တောင်းခံငွေသာဖြစ်၍ ကုမ္ပဏီအမြတ် တောင်းခံရန်မလိုကြောင်းသုံးသပ်ပါသည်။

(ဃ) ဌာနဆိုင်ရာပိုင် မော်တော်ယာဉ်များ ပြင်ဆင်ရာတွင် သတ်မှတ်နှုန်းထက် ပိုမိုပြင်ဆင်ခြင်းအတွက် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ(သို့မဟုတ်) တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းပေးထားသော ပြင်ဆင်ရေးစိစစ်မှုအဖွဲ့၏ စိစစ်ခွင့်ပြုချက် တောင်းခံမှုပြုရန် သုံးသပ်ပါသည်။

(င) စိုက်ပျိုးရေးစရိတ်ချေးငွေများ မှန်ကန်စွာ ထုတ်ချေးရေးအတွက် ဖွဲ့စည်းထားသော စိုက်ပျိုးစရိတ်ချေးငွေကြီးကြပ်ရေးကော်မတီမှ စိစစ်မှုပြုရန် သုံးသပ်ပါသည်။

(စ) ဖျက်သိမ်းခွင့်မရရှိသေးသော ငါးမွေးမြူရေးလိုင်စင်များအား အခွန်ငွေများ ကောက်ခံရေး ငါးလုပ်ငန်းဦးစီးဌာနမှ အလေးထားဆောင်ရွက်ရန် သုံးသပ်ပါသည်။

(ဆ) ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်သောလုပ်ငန်းများအား ပြီးစီးသည့်အရစ်အလိုက် ထုတ်ပေးပြီး ၁၀၀% ပြီးစီးမှသာ လုပ်ငန်းတန်ဖိုး ကျန်ငွေအားလုံး ထုတ်ပေးရေးအတွက် လိုက်နာဆောင်ရွက်ရန် သုံးသပ်ပါသည်။

(ဇ) အများပြည်သူအကျိုးငှာ ငွေလုံးငွေရင်းများစွာဖြင့် ဆောက်လုပ်ပြီးစီးသော တိုက်နယ်ဆေးရုံများမှာ ပြည်သူများအတွက် အသုံးချနိုင်မှသာ ကုန်ကျငွေများ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါ၍ ဆောက်လုပ်ပြီးတိုက်နယ်ဆေးရုံများအား လွှဲပြောင်းအပ်နှံရေး၊ ဝန်ထမ်းခန့်ထားရေး၊ ဆေးပစ္စည်းနှင့် ကိရိယာများရရှိရေးအတွက် ဆောင်ရွက်ရန်လိုအပ်ကြောင်း သုံးသပ်ပါသည်။

(ဈ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေဆုံးရှုံးမှုအတွက် မီးလောင်ဆုံးရှုံးမှုတာဝန်ရှိသည့် ဘဏ္ဍာရေးမှူးအား ထောင်ဒဏ်(၁၀)နှစ် အမိန့်ချအပြစ်ပေးထားပြီး ကျန်ဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ အကြောင်းကြားစာပို့ခြင်း၊

ဥပဒေရုံးအကြံဉာဏ် တောင်းခံဆဲသာဖြစ်နေခြင်းမှာ ရရန်ရှိငွေကြေးများအပေါ် အရေးယူဆောင်ရွက်မှုအားနည်းနေကြောင်း သုံးသပ်ပါသည်။

(ည) ဌာန/အဖွဲ့အစည်းများမှ ခွင့်ပြုရန်ပုံငွေများအားလုံး သုံးစွဲနိုင်မှုမရှိခြင်း၊ လုပ်ငန်းဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် ဖြစ်ပေါ်လာသော ပိုလျှံငွေများအား တိုင်းဒေသကြီးအတွင်းလိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်မကုန်မီပြန်လည်အပ်နှံရေး ဌာန/အဖွဲ့အစည်းများသို့ တိုက်တွန်းရန် သုံးသပ်ပါသည်။

(ဋ) ရငွေများ ကောက်ခံရန်လျာထားရာတွင် ယခင်နှစ်အမှန်ရငွေနှင့် ကောက်ခံမည့်ကာလတွင် ရရှိနိုင်မည့်ငွေများပေါ်မူတည်၍ လျာထားရန်လိုအပ်နေသေးကြောင်း သုံးသပ်ပါသည်။

(ဌ) စာရင်းစစ်ချုပ်အစီရင်ခံစာတွင် ပါရှိသည့် တွက်ချက်မှုပုံစံ၊ ဒေသဈေးနှုန်းတာဝန်ယူတည်ဆောက်သည့် ကုမ္ပဏီများ၏ တာဝန်ယူတာဝန်ခံမှု အားနည်းခြင်းကြောင့် ဖြစ်ပေါ်လာသည့် ပိုထုတ်ငွေ၊ ဒဏ်ကြေးငွေများ နောင်တွင်မဖြစ်ပေါ်စေရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများအနေဖြင့် အလေးထားကြီးကြပ်ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်းသုံးသပ်ပါသည်။

(ဍ) ဘဏ္ဍာရေးနှင့် အခြားစည်းမျဉ်းမကျနမှုများတွင် သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ဦးစီးဌာနများအနေဖြင့် စိစစ်ကြီးကြပ်မှုအားနည်းခြင်း၊ တင်ဒါခေါ်ယူရာတွင် ကုမ္ပဏီများအားစိစစ်မှုအားနည်းခြင်း၊ တင်ဒါအောင်ကုမ္ပဏီများမှ တာဝန်ယူတာဝန်ခံမှု အားနည်းခြင်းများကြောင့် ဖြစ်ကြောင်းတွေ့ရှိရသဖြင့် နောင်တွင်ထိုသို့မဖြစ်ပေါ်စေရန် တင်ဒါခေါ်ယူရာတွင် စေ့စပ်သေချာစွာ စိစစ်ရန်လိုအပ်ကြောင်း သုံးသပ်ပါသည်။

(ဎ) တာဝန်ယူတာဝန်ခံမှုမရှိသည့် ကုမ္ပဏီများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ရန် လိုအပ်ကြောင်း သုံးသပ်ပါသည်။

(ဏ) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီမှ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်ပြခဲ့သော (၃/၂၀၁၉) အစီရင်ခံစာပါ အကြံပြုချက်များအပေါ်

ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ စာရင်းစစ်ချုပ်နှင့် ဌာနအဖွဲ့အစည်းများမှ အောက်ပါအချက်များအား ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေပါသည်–

(၁) လယ်ယာကဏ္ဍအား တောင်သူများလက်ခံကျင့်သုံးမည့် နည်းစနစ်များ၊ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းသို့ တိုက်ရိုက်အကျိုးသက်ရောက်မည့် ထိရောက်သောပံ့ပိုးမှုများပေး၍ တိုးတက်မြှင့်တင်ပေးရန် (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)

(၂) သစ်တောကဏ္ဍအား ရာသီဥတုထိန်းညှိနိုင်ရေး တိုးမြှင့်ဆောင်ရွက်ရန်၊ (သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန)

(၃) ၂၀၁၉–၂၀၂၀ခု ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေပါဌာနများ၏ ကဏ္ဍအလိုက်မူဝါဒ၊ ရည်မှန်းချက်နှင့်ရှေ့လုပ်ငန်းစဉ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်မှ အပိုဒ်(၃)၂(ကက)တွင် စစ်ဆေးတွေ့ရှိချက်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်သို့ တင်ပြသည်နှင့်တစ်ပြိုင်နက် တိုင်းဒေသကြီးလွှတ်တော်သို့ အစီရင်ခံတင်ပြမည့် အစီအစဉ်အရ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အများဆုံးသုံးစွဲသည့် ဌာနများဖြစ်သော ကျေးလက်လမ်းဦးစီးဌာန၊ လမ်းဦးစီးဌာန၊ စည်ပင်သာယာအဖွဲ့၊ ဆည်မြောင်းဦးစီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ စစ်ဆေးချက်အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ ပေးပို့ရန်အကြံပြုချက် (တိုင်းဒေသကြီးစာရင်းစစ်ချုပ်)

(၄) စာရင်းစစ်ချုပ် အစီရင်ခံစာတွင်ဖော်ပြထားသည့် ၂၀၁၇–၂၀၁၈ခု ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန် ကျန်ရှိနေသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ကျပ် ၁.၈၆၅ သန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကျပ် ၉၆.၈၂၁ သန်း၊ ပညာရေးဝန်ကြီးဌာနမှ ကျပ် ၂.၇၂၅သန်း ပေးသွင်းရန်ကျန်ရှိနေမှုသည် ယခုအချိန်ထိ မည်သည့်အတွက်ကြောင့် ကျန်ရှိ

နေသည်ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ လွှတ်တော်သို့တင်ပြရန် လိုအပ်ကြောင်းအကြံပြုချက်၊ (သက်ဆိုင်ရာဝန်ကြီးဌာနများ)

(၅) ဘဏ္ဍာရေးစည်းမျဉ်း၊ တင်ဒါလုပ်ငန်းလမ်းညွှန်၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ၊ ငွေစာရင်းလုပ်ထုံးလုပ်နည်းတို့နှင့်အညီ ဆောင်ရွက်ခြင်းမပြုထားသည့် ပဲခူးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန၊ ဇီးကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တောင်ငူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ နတ်တလင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတို့အား သက်ဆိုင်ရာဝန်ကြီးဌာနများမှ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေး ကြပ်မတ်ရန် လိုအပ်ကြောင်း အကြံပြုပါသည်။ (သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကြပ်မတ်ဆောင်ရွက်ထားမှုအခြေအနေ)

(၆) BRCB(T) အနေဖြင့် ၂၀၁၈–၂၀၁၉ ခုနှစ် ဘဏ္ဍာနှစ်အတွင်း ရငွေသုံးငွေစာရင်းရှင်းတမ်းနှင့် လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာအား အနီးစပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေးသို့ တင်ပြရှင်းလင်းရန် လိုအပ်ကြောင်း အကြံပြုခဲ့သော်လည်း (BRCB(T)မှ (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်ပြခြင်းမရှိခဲ့သဖြင့် ယခုကျင်းပလျက်ရှိသည့် (၁၅) ကြိမ်မြောက် လွှတ်တော်ပုံမှန်အစည်းအဝေးတွင်လည်းကောင်း၊ နောင်ကျင်းပမည့် အထူးအစည်းအဝေး (သို့မဟုတ်) အရေးပေါ်အစည်းအဝေးတွင် မဖြစ်မနေ တင်ပြရှင်းလင်းရန် လိုအပ်ကြောင်းအကြံပြုပါသည်။

စသည့်အချက်များအား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ လွှတ်တော်သို့ ရှင်းလင်းတင်ပြရန် လိုအပ်နေသေးကြောင်း သုံးသပ်ပါသည်။

**အစီရင်ခံသည့်ကာလအတွင်းကော်မတီ၏ အကြံပြုချက်များ**

၁၈။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီမှ (၃/၂၀၁၉) အစီရင်ခံစာပါ အကြံပြုချက်များအား သက်ဆိုင်ရာအစိုးရအဖွဲ့ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ လွှတ်တော်သို့ ပြန်လည်ရှင်းလင်းရန်လိုအပ်နေသေးသည့် အချက်များနှင့် ယခုအရေးပေါ်အစည်းအဝေးသို့ တင်သွင်းမည့်

(၁/၂၀၂၀) အစီရင်ခံစာပါ တွေ့ရှိချက်၊ သုံးသပ်ချက်များအပေါ်အခြေခံ၍ အောက်ပါအချက်များအား ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်းအကြံပြုအပ်ပါသည်-

(က) မိုင်အဆင့်ဆင့်အလိုက် သတ်မှတ်ထားသည့် နှုန်းထားများအား မြေပြင်တွင် အမှန် ပေါက်စျေးနှင့်အနီးစပ်ဆုံး စျေးနှုန်းသတ်မှတ်နိုင်ရန်အတွက် တောင်းခံသည့်စျေးနှုန်း များအား ပြန်လည်စိစစ်ရန်အကြံပြုပါသည်။

(ခ) ကျောက်အမျိုးမျိုးစျေးနှုန်းတွက်စစ်ရာတွင် ကျောက်ချခများ ထည့်သွင်းတွက်ချက်မှု မပြုရန်အကြံပြုပါသည်။

(ဂ) လုပ်ငန်းတောင်းခံငွေများတွင် ကုမ္ပဏီအမြတ်များထည့်သွင်းတောင်းခံမှု မပြုရန်အကြံ ပြုပါသည်။

(ဃ) အဖွဲ့အစည်း (သို့မဟုတ်) ကော်မတီမှ စီမံကိန်းငွေများ ပြန်လည်ရရှိရေး စာချုပ်ပါ စည်းကမ်းချက်နှင့်အညီ အရေးယူရန် အကြံပြုပါသည်။

(င) လယ်ယာကဏ္ဍအား တောင်သူများလက်ခံကျင့်သုံးမည့် နည်းစနစ်များ၊ တောင်သူ များ၏ စိုက်ပျိုးရေးလုပ်ငန်းသို့ တိုက်ရိုက်အကျိုးသက်ရောက်မည့်ထိရောက်သော ပံ့ပိုး မှုများပေး၍ တိုးတက်မြှင့်တင်ပေးရန်၊ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန)

(စ) သစ်တောကဏ္ဍအား ရာသီဥတုထိန်းညှိနိုင်ရေး တိုးမြှင့်ဆောင်ရွက်ရန်၊ (သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန)

(ဆ) ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေပါ ဌာနများ၏ ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့်ရှေ့လုပ်ငန်းစဉ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်မှ အပိုဒ်(၃)၊၂ (ကက) တွင် စစ်ဆေးတွေ့ရှိချက်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်သို့ တင်ပြသည် နှင့်တစ်ပြိုင်နက် တိုင်းဒေသကြီးလွှတ်တော်သို့ အစီရင်ခံတင်ပြမည့် အစီအစဉ်အရ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အများဆုံးသုံးစွဲသည့် ဌာနများဖြစ်သော ကျေးလက် လမ်းဦးစီးဌာန၊ လမ်းဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ဆည်မြောင်းဦးစီးဌာန၊

တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ စစ်ဆေးချက်အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ ပေးပို့ရန်အကြံပြုပါသည်။ (တိုင်းဒေသကြီးစာရင်းစစ်ချုပ်)

(ဇ) စာရင်းစစ်ချုပ် အစီရင်ခံစာတွင်ဖော်ပြထားသည့် ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန် ကျန်ရှိနေသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျပ် ၁.၈၆၅ သန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကျပ် ၉၆.၈၂၁ သန်း၊ ပညာရေးဝန်ကြီးဌာနမှ ကျပ် ၂.၇၂၅သန်း ပေးသွင်းရန်ကျန်ရှိနေမှုသည် ယခုအချိန်ထိ မည်သည့်အတွက်ကြောင့် ကျန်ရှိနေသည်ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ လွှတ်တော်သို့တင်ပြရန် လိုအပ်ကြောင်းအကြံပြုပါသည်။ (သက်ဆိုင်ရာဝန်ကြီးဌာနများ)

(ဈ) ဘဏ္ဍာရေးစည်းမျဉ်း၊ တင်ဒါလုပ်ငန်းလမ်းညွှန်၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ၊ ငွေစာရင်းလုပ်ထုံးလုပ်နည်းတို့နှင့်အညီ ဆောင်ရွက်ခြင်းမပြုထားသည့် ပဲခူးတိုင်းဒေသကြီးအကျဉ်းဦးစီးဌာန၊ ဇီးကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တောင်ငူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ နတ်တလင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတို့အား သက်ဆိုင်ရာဝန်ကြီးဌာနများမှ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေများနှင့်အညီဆောင်ရွက်နိုင်ရေး ကြပ်မတ်ရန်လိုအပ်ကြောင်း အကြံပြုပါသည်။ (သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကြပ်မတ်ဆောင်ရွက်ထားမှုအခြေအနေ)

(ည) စာရင်းစစ်ချုပ်အစီရင်ခံစာတွင် ပါရှိသည့် တွက်ချက်မှုပုံစံ၊ ဒေသဈေးနှုန်းတာဝန်ယူတည်ဆောက်သည့် ကုမ္ပဏီများ၏ တာဝန်ယူတာဝန်ခံမှု အားနည်းခြင်းကြောင့်ဖြစ်ပေါ်လာသည့် ပိုထုတ်ငွေ၊ ဒဏ်ကြေးငွေများ နောင်တွင်မဖြစ်ပေါ်စေရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများအနေဖြင့် အလေးထားကြီးကြပ်ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း အကြံပြုပါသည်။

(ဋ) ဘဏ္ဍာရေးနှင့် အခြားစည်းမျဉ်းမကျနမှုများတွင် သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ဦးစီးဌာနများအနေဖြင့် စိစစ်ကြီးကြပ်မှုအားနည်းခြင်း၊ တင်ဒါခေါ်ယူရာတွင် ကုမ္ပဏီများအား

စိစစ်မှုအားနည်းခြင်း၊ တင်ဒါအောင်ကုမ္ပဏီများမှ တာဝန်ယူတာဝန်ခံမှု အားနည်းခြင်း များကြောင့် ဖြစ်ကြောင်းတွေ့ရှိရသဖြင့် နောင်တွင်ထိုသို့မဖြစ်ပေါ်စေရန် တင်ဒါခေါ်ယူရာတွင် စေ့စပ်သေချာစွာ စိစစ်ရန်လိုအပ်ကြောင်း အကြံပြုပါသည်။

(ဌ) တာဝန်ယူတာဝန်ခံမှုမရှိသည့် ကုမ္ပဏီများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ရန် လိုအပ်ကြောင်း အကြံပြုပါသည်။

(ဍ) BRCB(T)မှ (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်ပြခဲ့ခြင်းမရှိသဖြင့် BRCB (T) အနေဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်များအတွက် ရငွေသုံးငွေစာရင်းရှင်းတမ်းနှင့် လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာအား ယခုကျင်းပလျက်ရှိသည့် (၁၅)ကြိမ်မြောက် လွှတ်တော်ပုံမှန်အစည်းအဝေးတွင်လည်းကောင်း၊ နောင်ကျင်းပမည့် အထူးအစည်းအဝေး(သို့မဟုတ်) အရေးပေါ်အစည်းအဝေးတွင် မဖြစ်မနေတင်ပြရှင်းလင်းရန် လိုအပ်ကြောင်းအကြံပြုပါသည်။

**ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များ**

၁၉။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များတွင် ကော်မတီသည် ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းဥပဒေကြမ်းနှင့် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းများအား တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုနိုင်ရေးအတွက် ကော်မတီ၏ လုပ်ပိုင်ခွင့်၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စိစစ်ပြီး တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသွားရန် ရှေ့လုပ်ငန်းစဉ်များကို တင်ပြအပ်ပါသည်။

**နိဂုံး**

၂၀။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်ပြည်သူ့ငွေစာရင်းကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ပေးအပ်ထားသည့် တာဝန်၊ လုပ်ပိုင်ခွင့်များအတိုင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းလုပ်ငန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း ပြည်ထောင်စုမှသတ်မှတ်ပြဋ္ဌာန်းထားသည့် ဘဏ္ဍာရေးစည်းမျဉ်း

စည်းကမ်းများ၊ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် ကြိုးပမ်းအားထုတ်လျှက်ရှိပါသည်။

ဥက္ကဋ္ဌ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ

ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# ပဲခူးခရိုင် ကျေးလက်လမ်းဦးစီးဌာန ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်

ကျပ်သန်း

| စဉ် | မြို့နယ် | ပိုမို တောင်းခံငွေ | လမ်းအကျယ်ချဲ့/ထု မြေ/ကျောက် | | Box culvert | | လမ်းပုခုံးထု တင်/ချဲ့ | | ချဉ်းကပ်လမ်း | | အသုံးစရိတ် ကျန်ဖြည့် | | mix desing ပြောင်း | | လမ်းဘေး ရေကာအုတ် ရိုးစီခြင်း | | ရေကျော်ပြုလုပ်ခြင်း | | လမ်းချိုင့်ခွက် ဖြည့်ခြင်းလုပ်ငန်း | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ဦးရေ | တန်ဖိုး | စင်း | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး |
| ၁ | ပဲခူး | ၁၁၄.၁၅၉ | ၆ | ၈၇.၇၆၉ | – | – | – | – | – | – | – | – | ၄ | ၂၆.၃၉ | – | – | – | – | – | – |
| ၂ | သနပ်ပင် | ၅.၅၀၃ | – | – | – | – | – | – | – | – | – | – | – | – | ၂ | ၅.၅၀၃ | – | – | – | – |
| ၃ | ကဝ | ၇၃.၃၆၁ | ၂ | ၃၉.၂၈၇ | – | – | – | – | – | – | ၂ | ၃၄.၀၇၄ | – | – | – | – | – | – | – | – |
| ၄ | ဝေါ | ၂၉.၂၉၇ | ၁ | ၂.၀၄၆ | – | – | ၁ | ၇.၃၃၈ | – | – | ၂ | ၁၉.၉၁၃ | – | – | – | – | – | – | – | – |
| ၅ | ဒိုက်ဦး | ၁.၉၄၃ | – | – | – | – | – | – | – | – | ၃ | ၁.၉၄၃ | – | – | – | – | – | – | – | – |
| ၆ | ညောင်လေးပင် | ၁၇.၂၇၂ | – | – | – | – | ၄ | ၁၇.၂၇၂ | – | – | – | – | – | – | – | – | – | – | – | – |
| ၇ | ရွှေကျင် | ၀.၉၀၉ | – | – | – | – | – | – | – | – | ၁ | ၀.၉၀၉ | – | – | – | – | – | – | – | – |
| ၈ | ကျောက်တံခါး | ၇၇.၈၈၄ | ၃ | ၁၆.၀၀၆ | ၂ | ၃၂.၅၇၃ | – | – | – | – | ၁၂ | ၂၉.၃၀၅ | – | – | – | – | – | – | – | – |
| | စုစုပေါင်း | ၃၂၀.၃၂၈ | ၁၁ | ၁၄၅.၁၀၈ | ၂ | ၃၂.၅၇၃ | ၅ | ၂၄.၆၁၀ | – | – | ၂၀ | ၈၆.၁၄၄ | ၄ | ၂၆.၃၉ | ၂ | ၅.၅၀၃ | – | – | – | – |

## တောင်ငူခရိုင် ကျေးလက်လမ်းဦးစီးဌာန ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်

ကျပ်သန်း

| စဉ် | မြို့နယ် | ပိုမို တောင်းခံငွေ | လမ်းအကျယ်ချဲ့/ထုမြေ/ကျောက် | | Box culvert | | လမ်းပုခုံးထုတင်/ချဲ့ | | ချဉ်းကပ်လမ်း | | အသုံးစရိတ်ကျန်ဖြည့် | | mix desing ပြောင်း | | လမ်းဘေးရေကာအုတ်ရိုးစီခြင်း | | ရေကျော်ပြုလုပ်ခြင်း | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ဦးရေ | တန်ဖိုး | စင်း | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး |
| ၁ | တောင်ငူ | ၄၅.၂၈ | ၄ | ၁၁.၀၁ | ၂ | ၄.၇၄ | ၁ | ၅.၈၇ | ၆ | ၁၂.၃၆ | ၃ | ၁၁.၃၀၀ | – | – | – | – | – | – |
| ၂ | ရေတာရှည် | ၂၇.၉၂၁ | – | – | – | – | – | – | – | – | ၂၀ | ၂၇.၉၂၁ | – | – | – | – | – | – |
| ၃ | အုတ်တွင်း | ၈၅.၁၁၉ | ၃ | ၄၅.၀၂၃ | ၇ | – | – | – | – | – | ၂ | ၃.၈၈၈ | – | – | – | – | – | – |
| ၄ | ထန်းတပင် | ၁၂.၈၂၆ | ၃ | ၆.၃၃၅ | ၁ | ၅.၇၁ | – | – | – | – | ၁ | ၀.၇၈၁ | – | – | – | – | – | – |
| ၅ | ကျောက်ကြီး | ၁၃.၆၂၈ | – | – | – | – | – | – | – | – | ၂ | ၁၃.၆၂၈ | – | – | – | – | – | – |
| ၆ | ဖြူး | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – | – |
| | စုစုပေါင်း | ၁၈၄.၇၇၄ | ၁၀ | ၆၂.၃၆၈ | ၁၀ | ၄၂.၄၄၄ | ၄ | ၅.၈၇ | ၆ | ၁၂.၃၆ | ၂၈ | ၅၇.၅၁၈ | – | – | – | – | – | – |

# ပြည်ခရိုင် ကျေးလက်လမ်းဦးစီးဌာန ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်

ကျပ်သန်း

| စဉ် | မြို့နယ် | ပိုမို တောင်းခံငွေ | လမ်းအကျယ်ချဲ့/ ထုမြေ/ကျောက် | | Box culvert | | လမ်းပုခုံး ထုတင်/ချဲ့ | | ချဉ်းကပ်လမ်း | | အသုံးစရိတ် ကျန်ဖြည့် | | mix desing ပြောင်း | | လမ်းဘေး ရေကာအုတ် ရိုးစီခြင်း | | ရေကျော်ပြုလုပ်ခြင်း | | လမ်းချိုင့်ခွက် ဖြည့်ခြင်းလုပ်ငန်း | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ဦးရေ | တန်ဖိုး | စင်း | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး |
| ၁ | ပြည် | ၃၃.၈၂၃ | – | – | ၁ | ၇.၄ | – | – | – | – | – | ၂၆.၄၂၃ | – | – | – | – | – | – | – | – |
| ၂ | ရွှေတောင် | ၁၀၄.၄၂၃ | – | – | ၂ | ၁၈.၀၀၀ | – | – | – | – | – | ၅၂.၉၂၃ | – | – | – | – | ၂ | ၃၃.၅၀၀ | – | – |
| ၃ | ပေါက်ခေါင်း | ၁၃၄.၉၀၇ | – | – | ၁၂ | ၆၆.၀၀၀ | – | – | – | – | – | ၆၈.၉၀၇ | – | – | – | – | – | – | – | – |
| ၄ | ပန်းတောင်း | ၄၅.၅၉ | – | – | ၈ | ၄၂.၀၀၀ | – | – | – | – | – | ၃.၅၉ | – | – | – | – | – | – | – | – |
| ၅ | သဲကုန်း | ၁၃.၁၆၅ | – | – | – | – | – | – | – | – | – | ၁၃.၁၆၅ | – | – | – | – | – | – | – | – |
| ၆ | ပေါင်းတည် | ၂၁.၈၅၄ | – | – | – | – | – | – | – | – | – | ၂၁.၈၅၄ | – | – | – | – | – | – | – | – |
| | စုစုပေါင်း | ၃၅၃.၇၆၂ | – | – | ၂၃ | ၁၃၃.၄ | – | – | – | – | – | ၁၈၆.၈၆၂ | – | – | – | – | ၂ | ၃၃.၅၀၀ | – | – |

## သာယာဝတီခရိုင် ကျေးလက်လမ်းဦးစီးဌာန ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်

ကျပ်သန်း

| စဉ် | မြို့နယ် | ပိုမိုတောင်းခံငွေ | လမ်းအကျယ်ချဲ့/ထုမြေ/ကျောက် | | Box culvert | | လမ်းပုခုံးထုတင်/ချဲ့ | | လမ်းပုခုံးရေထုတ်မြောင်း | | အသုံးစရိတ်ကျန်ဖြည့် | | ရေပြွန် | | လမ်းဘေးရေကာအုတ်ရိုးစီခြင်း | | ရေကျော်ပြုလုပ်ခြင်း | | လမ်းချိုင့်ခွက်ဖြည့်ခြင်းလုပ်ငန်း | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ဦးရေ | တန်ဖိုး | စင်း | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး | ဦးရေ | တန်ဖိုး |
| ၁ | သာယာဝတီ | ၂၆.၆၄၀ | - | - | ၃ | ၉.၀၀၀ | - | - | - | - | - | ၁၇.၆၄၀ | - | - | - | - | - | - | - | - |
| ၂ | လက်ပံတန်း | ၈၅.၁၃ | - | - | - | - | - | - | - | - | - | ၆၉.၅၉ | - | - | - | - | - | - | ၁ | ၁၅.၁၄ |
| ၃ | မင်းလှ | ၇၁.၂၈၆ | - | - | - | - | ၆ | ၅၄.၆၃၆ | ၁ | ၄.၄ | - | ၁၀.၄၉ | - | - | - | - | - | - | ၁ | ၁.၇၆၀ |
| ၄ | အုတ်ဖို | ၄၃.၈၀၀ | - | - | ၂ | ၆.၄ | - | - | - | - | - | ၃၇.၄၀၀ | - | - | - | - | - | - | - | - |
| ၅ | ကြို့ပင်ကောက် | ၁၀၆.၄၇ | ၁ | ၂.၁၇၉ | ၁ | ၂.၀၀၀ | - | - | - | - | - | ၉၉.၈၉၁ | ၂ | ၂.၄ | - | - | - | - | - | - |
| ၆ | မိုးညို | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - |
| ၇ | ဇီးကုန်း | ၂၃.၅၄၇ | ၃ | ၁၃.၀၆၇ | | - | - | - | - | - | - | ၁၀.၄၈ | - | - | - | - | - | - | - | - |
| ၈ | နတ်တလင်း | ၈၁.၅၇၀ | - | - | - | - | - | - | - | - | - | ၇၃.၄၁၀ | - | - | - | - | - | - | ၂ | ၈.၁၆၀ |
| | စုစုပေါင်း | ၄၃၈.၄၄၃ | ၄ | ၁၅.၂၄၆ | ၆ | ၁၇.၄ | ၆ | ၅၄.၆၃၆ | ၁ | ၄.၄ | - | ၃၁၈.၉၀၁ | ၂ | ၂.၄ | - | - | - | - | ၄ | ၂၅.၄၆ |

## ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်တောင်းခံငွေ၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ငွေကြေးဆိုင်ရာ သုံးသပ်ချက်

**နိဒါန်း**

၁။ ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၉ -၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်တောင်းခံငွေ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏(၄.၆.၂၀၂၀)ရက်နေ့တွင်ကျင်းပပြုလုပ်သော အစည်းအဝေး ဆုံးဖြတ်ချက်အရ အတည်ပြုခဲ့ပြီးဖြစ်ပါ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ (၈.၆.၂၀၂၀)ရက်နေ့တွင် တင်ပြခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပေါ်စိစစ်၍ ငွေကြေးဆိုင်ရာ သုံးသပ်ချက်အား လွှတ်တော်သို့ တင်သွင်းအပ်ပါသည်။

**ကော်မတီ၏တွေ့ရှိချက်များ**

၂။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား စိစစ်ရာတွင် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဌာန/အဖွဲ့အစည်း (၂၆)ခုအနက် ဌာန(၁၄)ခုမှ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံထားပြီး သာမန်အသုံးစရိတ်ကျပ်သန်း ၆၅၉.၇၇၅၊ ငွေလုံးငွေရင်း အသုံးစရိတ်ကျပ်သန်း ၄၂၇၂.၈၀၂၊ စုစုပေါင်းအသုံးစရိတ်ကျပ်သန်း ၄၉၃၂.၅၇၇ အား တင်ပြတောင်းခံထားကြောင်း တွေ့ရှိရပါသည်။

၃။ မူလလျာထားတောင်းခံစဉ် သာမန်အသုံးစရိတ်မှ ကျပ်သန်း ၆၈၄.၅၂၅၊ ငွေလုံးငွေရင်း အသုံးစရိတ်မှ ကျပ်သန်း ၄၂၄၈.၀၅၂ ဖြစ်ပြီး ဖြည့်စွက်တောင်းခံငွေ စုစုပေါင်းကျပ်သန်း ၄၉၃၂.၅၇၇ ဖြစ်ပြီး ဥပဒေကြမ်း တင်ပြစဉ်တွင် သာမန်အသုံးစရိတ်မှ ကျပ်သန်း ၂၄.၇၅၀ လျော့နည်းသွားပြီး ငွေလုံးငွေရင်းအသုံးစရိတ်တွင် ကျပ်သန်း ၂၄.၇၅၀သန်း ပိုမိုလာပြီး စုစုပေါင်း အသုံးစရိတ်မှာမူ ပြောင်းလဲမှုမရှိကြောင်း တွေ့ရှိရပါသည်။

၄။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ပြသော ဥပဒေကြမ်းအား စိစစ်ရာ သာမန်အသုံးစရိတ် ကျပ်သန်း ၆၅၉.၇၇၅ တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ တောင်းခံသည့် လစာငွေမှ ကျပ်သန်း ၁.၀၈၀သန်းအား လျှော့ချ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ ၀၃-၀၆ စက်ဆီ၊ ချောဆီ အသုံးစရိတ်သို့ ကျပ်သန်း ၁.၀၈၀သန်းတို့ဖြင့် ပေးထားကြောင်း တွေ့ရှိရပါသည်။

၅။ စုစုပေါင်းအသုံးစရိတ်၏ ၁၃.၃၈%မှာ သာမန်အသုံးစရိတ်အဖြစ်လည်းကောင်း၊ ၈၆.၆၂% မှာ ငွေလုံးငွေရင်း အသုံးစရိတ်အဖြစ်လည်းကောင်း ဥပဒေကြမ်းရေးဆွဲထားကြောင်း တွေ့ရှိရပါသည်။ တိုင်းဒေသကြီးလွှတ်တော်မှ စိစစ်လျှော့ချငွေ ကျပ်သန်း ၆၇၆.၈၆၁သန်းအား တိုင်းဒေသကြီးအစိုးရ အဖွဲ့မှ ငွေလုံးငွေရင်းလုပ်ငန်းများတွင် သုံးစွဲခဲ့ပြီး အောက်ဖော်ပြပါ မြို့နယ်များ၌ ဆည်မြောင်း လုပ်ငန်း၊ ကျေးလက်လမ်းလုပ်ငန်း၊ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့တွင် ပြန်လည်သုံးစွဲရန် ပြင်ဆင်ခဲ့ကြောင်း တွေ့ရှိရပါသည်-

(က) ရေတာရှည်မြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်မည့်လုပ်ငန်း(၄)ခုအတွက် ကျပ်သန်း ၁၅၈.၂၉၅

(ခ) လက်ပံတန်းမြို့နယ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်မည့် လမ်းလုပ်ငန်း(၁)ခုအတွက် ကျပ်သန်း ၁၂၀

(ဂ) ပဲခူးမြို့နယ်တွင် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဆောင်ရွက်သည့် လုပ်ငန်း (၁)ခု အတွက် ကျပ်သန်း ၂၃.၉၀၀

(ဃ) ကဝမြို့နယ်တွင် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဆောင်ရွက်သည့် လုပ်ငန်း (၃)ခုအတွက် ကျပ်သန်း ၁၈၁.၇၆၆

(င) ရေတာရှည်မြို့နယ်တွင် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဆောင်ရွက်သည့် လုပ်ငန်း(၁)ခုအတွက် ကျပ်သန်း ၁၉၂.၉၀၀

**၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ ဖြည့်စွက်ခွင့်ပြုငွေနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း အခြေအနေ**

၆။ ပဲခူးတိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဌာန/အဖွဲ့အစည်း(၂၆)ဖွဲ့၏ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းအရ မူလခန့်မှန်းခြေ၊ ဖြည့်စွက်တောင်းခံငွေ ခွင့်ပြုပြီးနောက် ဖြစ်ပေါ်လာသော ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း အခြေအနေအား အောက်ပါဇယားဖြင့် ဖော်ပြပါသည်။ ဌာနအလိုက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း အခြေအနေအား နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြပါသည်။

ဇယား(၁)

## ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း

(ကျပ်သန်း)

| စဉ် | အကြောင်းအရာ | သာမန် | ငွေလုံးငွေရင်း | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| (က) | ရငွေ | | | |
| ၁ | မူလခန့်မှန်းခြေ | ၄၀၂၇၅.၇၅၇ | - | ၄၀၂၇၅.၇၅၇ |
| ၂ | ပြုပြင်ပြီးခန့်မှန်းခြေ | ၄၄၄၄၂.၁၇၉ | ၄၁.၈၅၉ | ၄၄၄၈၄.၀၃၈ |
| ၃ | မူလလျာထားချက်ထက် ပိုရငွေ(+)/လျော့ရငွေ(-) | ၄၁၆၆.၄၂၂ | ၄၁.၈၅၉ | ၄၂၀၈.၂၈၁ |
| (ခ) | **အသုံးစရိတ်** | | | |
| ၁ | မူလခန့်မှန်းခြေ | ၇၂၀၂၆.၆၁၁ | ၁၁၆၇၈၀.၈၀၉ | ၁၈၈၈၀၇.၄၂၀ |
| ၂ | ဖြည့်စွက်ခွင့်ပြုငွေ | ၆၅၉.၇၇၅ | ၄၂၇၂.၈၀၂ | ၄၉၃၂.၅၇၇ |
| ၃ | လျော့နည်းသုံးစွဲငွေ | ၁၇.၆၈၁ | ၆၉.၆၆၅ | ၈၇.၃၄၆ |
| ၄ | အရေးပေါ်ရန်ပုံငွေ | - | - | - |
| ၅ | GRF မှ သုံးစွဲငွေ | ၁.၇၆၄ | | |
| ၆ | ပြုပြင်ပြီးခန့်မှန်းခြေ | ၇၂၆၇၀.၄၆၉ | ၁၂၀၉၈၃.၉၄၆ | ၁၉၃၆၅၄.၄၁၅ |
| ၇ | သုံးစွဲမှုရာခိုင်နှုန်း | ၃၇.၅၃% | ၆၂.၄၇% | ၁၀၀% |
| ၈ | မူလလျာထားချက်ထက် ပိုသုံးငွေ(+)/လျော့သုံးငွေ(-) (၁-၆) | ၆၄၃.၈၅၈ | ၄၂၀၃.၁၃၇ | ၄၈၄၆.၉၉၅ |

အထက်ပါဇယားအား အောက်ပါအတိုင်းရှင်းလင်းပါသည်-

(က) သာမန်ရငွေတွင် မူလလျာထားငွေထက် ပြုပြင်ပြီးခန့်မှန်းခြေရငွေစာရင်းတွင် ပိုမိုလာခြင်းမှာ ဌာန/အဖွဲ့အစည်း(၁၅)ဖွဲ့မှ မူလလျာထားငွေထက် ပိုမိုလာခြင်းကြောင့်ဖြစ်ပါသည်။ ဥပဒေချုပ်ရုံးမှာ မူလလျာထားရငွေထက် ကျပ်သန်း ၀.၆၆၁ လျော့နည်းသွားကြောင်း တွေ့ရှိရပါသည်။

(ခ) ငွေလုံးငွေရင်းရငွေတွင် မူလလျာထားခြင်းမရှိသော်လည်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ ကျပ်သန်း ၃.၃၈ဝ၊ စည်ပင်သာယာရေးအဖွဲ့မှ ကျပ်သန်း ၃၈.၄၇၉ စုစုပေါင်း ၄၁.၈၅၉ ပိုမိုလာခြင်းကြောင့် ငွေလုံးငွေရင်းပြုပြင်ပြီး ရငွေပိုမိုလာခြင်း ဖြစ်ပါသည်။

(ဂ) သာမန်အသုံးစရိတ်တွင် မူလသုံးစွဲရန် လျာထားငွေ ကျပ်သန်း ၇၂ဝ၂၆.၆၁၁ အပြင် ဖြည့်စွက်ငွေ ကျပ်သန်း ၆၅၉.၇၇၅ ထပ်မံခွင့်ပြုခြင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ GRF မှ ကျပ် ၁.၇၆၄ သန်း ထုတ်ယူသုံးစွဲခြင်းကြောင့် စုစုပေါင်းအသုံးစရိတ် ကျပ်သန်း ၇၂၆၈၈.၁၅ဝ ဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ကျပ်သန်း ၁၄.၁၆၄၊ မီးသတ်ဦးစီးဌာနမှ ကျပ်သန်း ၃.၅၁၇၊ စုစုပေါင်း ကျပ်သန်း ၁၇.၆၈၁ လျော့နည်းသုံးစွဲခဲ့ပြီး ပြုပြင်ပြီးခန့်မှန်းခြေသုံးငွေမှာ ကျပ်သန်း ၇၂၆၇ဝ.၄၆၉ ဖြစ်ရာ မူလလျာထားငွေထက် ၆၄၃.၈၅၈ သန်း ပိုမိုလာကြောင်း တွေ့ရှိရပါသည်။

(ဃ) ငွေလုံးငွေရင်းအသုံးစရိတ်တွင် မူလလျာထားအသုံးစရိတ်မှာ ကျပ်သန်း ၁၁၆၇၈ဂ.၈ဝ၉ ဖြစ်ပြီး ဖြည့်စွက်ခွင့်ပြုငွေ ၄၂၇၂.ဝဝ၂ ဖြစ်၍ စုစုပေါင်းကျပ်သန်း ၁၂ဝ၅၃.၆၁၁ သုံးစွဲမည်ဖြစ်ပါသည်။ သို့သော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျပ်သန်း ၉.၈၆၈၊ မီးသတ်ဦးစီးဌာနမှ ကျပ်သန်း ၅၉.၇၉၇၊ စုစုပေါင်းကျပ်သန်း ၆၉.၆၆၅ လျော့နည်း သုံးစွဲခဲ့၍ ပြုပြင်ပြီးခန့်မှန်းခြေစာရင်းမှာ ကျပ်သန်း ၁၂ဝ၉၈၃.၉၄၆ ဖြစ်သဖြင့် မူလ လျာထားငွေထက် ကျပ်သန်း ၄၂ဝ၃.၁၃၇ ပိုမိုလာပါသည်။

(င) ပြုပြင်ပြီးရငွေမှာ ကျပ်သန်း ၄၄၄၈၄.ဂ၃၈ ဖြစ်ပြီး ပြုပြင်ပြီးခန့်မှန်းခြေသုံးငွေမှာ ကျပ်သန်း ၁၉၃၆၅၄.၄၁၅ ဖြစ်၍ လိုငွေကျပ်သန်း ၁၄၉၁၇ဝ.၃၇၇ ဖြစ်ပေါ်ခဲ့ရာ ပြည်ထောင်စုမှ ထောက်ပံ့ခဲ့ပါသည်။

**ကော်မတီ၏သုံးသပ်ချက်**

၇။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ သုံးသပ်ချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) ပြုပြင်ပြီးခန့်မှန်းခြေအသုံးစရိတ်စာရင်းအရ သာမန်အသုံးစရိတ် ၃၇.၅၃%၊ ငွေလုံး ငွေရင်းအသုံးစရိတ် ၆၂.၄၇%ရှိသဖြင့် တိုင်းဒေသကြီးအတွင်း လုပ်ငန်းစီမံကိန်းများ၊ စက်ကိရိယာအပါအဝင် လုပ်ငန်းများအတွက် တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက်

အများဆုံးအသုံးပြုရန် ဆောင်ရွက်အကောင်အထည်ဖော်နေကြောင်း သုံးသပ်ရရှိပါသည်။

(ခ) လွှတ်တော်မှ စိစစ်လျှော့ချမှုများအား အစိုးရအဖွဲ့မှ ပြန်လည်သုံးစွဲရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်သုံးစွဲရန် လိုအပ်ကြောင်း သုံးသပ်ပါသည်။

(ဂ) တိုင်းဒေသကြီးအတွင်း ရငွေမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုနှုန်း နည်းပါးသော်လည်း တိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုပိုမိုလာခြင်းကြောင့် နှစ်စဉ်လိုငွေများ များပြားလာသဖြင့် ပြည်ထောင်စုမှ ထောက်ပံ့ငွေလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုလာကြောင်း သုံးသပ်ရပါသည်။ ဝင်ငွေရရှိနိုင်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစိုးရအဖွဲ့၊ ငါးလုပ်ငန်းဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့များ အစရှိသည့် ဌာနအသီးသီးမှ ဝင်ငွေပိုမိုရရှိရေး ယခုထက်ပို၍ ကြိုးပမ်းရန် လိုအပ်နေသေးကြောင်း သုံးသပ်ပါသည်။

**ကော်မတီ၏အကြံပြုချက်**

၈။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြုပြင်ပြီးခန့်မှန်းခြေအသုံးစရိတ်စာရင်းအရ သာမန်အသုံးစရိတ် ၃၇.၅၃%၊ ငွေလုံးငွေရင်းအသုံးစရိတ် ၆၂.၄၇% ရှိသဖြင့် တိုင်းဒေသကြီးအတွင်း လုပ်ငန်းစီမံကိန်းများ၊ စက်ကိရိယာအပါအဝင် လုပ်ငန်းများအတွက် တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အများဆုံးအသုံးပြုနိုင်ရေး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(ခ) လွှတ်တော်မှ စိစစ်လျှော့ချမှုများအား အစိုးရအဖွဲ့မှ ပြန်လည်သုံးစွဲရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်သုံးစွဲရန်၊

(ဂ) ဝင်ငွေရရှိနိုင်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစိုးရအဖွဲ့၊ ငါးလုပ်ငန်းဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့များ အစရှိသည့် ဌာနအသီးသီးမှ ဝင်ငွေပိုမိုရရှိရေးအတွက် အစိုးရအဖွဲ့မှ တိုက်တွန်းရန်လိုအပ်ခြင်း၊

နိဂုံး

၉။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်အနေဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၈.၆.၂၀၂၀) ရက်နေ့တွင် ကျင်းပသည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁/၂၀၂၀) အထူးအစည်းအဝေးတွင် တင်သွင်းသည့် ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေမူကြမ်းတွင် ပါဝင်သည့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်သည့် စုစုပေါင်း ရငွေကျပ် ၄၄၄၈၄.၀၃၈ သန်း၊ စုစုပေါင်းအသုံးစရိတ်ကျပ် ၁၉၃၆၅၄.၄၁၅ သန်းနှင့် စုစုပေါင်းလိုငွေ ကျပ် ၁၄၉၁၇၀.၃၇၇ သန်းအား အတည်ပြုပေးသင့်ပါကြောင်း လွှတ်တော်သို့ တင်သွင်းအပ်ပါသည်။

ဥက္ကဋ္ဌ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ

ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# မူလခန့်မှန်းခြေ၊ ဖြည့်စွက်ခွင့်ပြုငွေနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း
## (စာရင်းချုပ်)

ကိုင်းဒေသကြီး

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်းအမည် | ရငွေ - မူလ ခန့်မှန်းခြေ | ရငွေ - ပြုပြင်ပြီး ခန့်မှန်းခြေ | ရငွေ - ပိုရငွေ(+) / လျော့ရငွေ(-) | အသုံးစရိတ် - မူလ ခန့်မှန်းခြေ | အသုံးစရိတ် - ဖြည့်စွက် ခွင့်ပြုငွေ | အသုံးစရိတ် - လျော့နည်း သုံးစွဲငွေ | အသုံးစရိတ် - အရေးပေါ် ရန်ပုံငွေ | အသုံးစရိတ် - ပြုပြင်ပြီး ခန့်မှန်းခြေ | အသုံးစရိတ် - ပိုသုံးငွေ(+) / လျော့သုံးငွေ(-) |
|---|---|---|---|---|---|---|---|---|---|---|
| | ၂ | ၃ | ၄ | ၅(၄-၃) | ၆ | ၇ | ၈ | ၉ | ၁၀(၆+၇-၈+၉) | ၁၁(၁၀-၆) |
| | ဗဟိုအဖွဲ့အစည်းများ | ၁၆၁၀၂.၈၀၁ | ၁၈၁၂၆.၀၁၂ | ၂၀၂၃.၂၁၁ | ၃၃၂၀၀.၇၀၉ | ၄၀၀.၁၈၅ | | | ၃၃၆၀၀.၈၉၄ | ၄၀၀.၁၈၅ |
| | ၁။အစိုးရအဖွဲ့ရုံး | ၁၅၁၃၈.၅၉၆ | ၁၇၁၆၁.၅၈၃ | ၂၀၂၂.၉၈၇ | ၂၈၉၀၂.၁၉၇ | ၃၈၆.၆၁၂ | | | ၂၉၂၈၈.၈၀၉ | ၃၈၆.၆၁၂ |
| | ၂။လွှတ်တော် | ၀.၀၅၀ | ၀.၀၅၀ | | ၁၃၃၀.၇၆၅ | ၁၃.၅၇၃ | | | ၁၃၄၄.၃၃၈ | ၁၃.၅၇၃ |
| | ၃။တရားလွှတ်တော် | ၉၁၉.၇၆၉ | ၉၁၉.၇၆၉ | | ၆၇.၆၅၈ | | | | ၆၇.၆၅၈ | |
| | ၄။ဥပဒေချုပ်ရုံး | ၀.၉၉၁ | ၀.၃၃၀ | -၀.၆၆၁ | ၁၀၁၀.၉၀၂ | | | | ၁၀၁၀.၉၀၂ | |
| | ၅။စာရင်းစစ်ချုပ်ရုံး | ၃.၃၉၅ | ၄.၂၈၀ | ၀.၈၈၅ | ၁၈၈၉.၁၈၇ | | | | ၁၈၈၉.၁၈၇ | |
| | ဝန်ကြီးဌာန /ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၈၇၉၀.၉၀၃ | ၁၀၁၁၇.၀၃၅ | ၁၃၂၆.၁၃၂ | ၁၂၇၇၄၃.၇၄၀ | ၄၄၀၄.၁၉၈ | ၈၇.၃၄၆ | | ၁၃၂၀၆၂.၃၅၆ | ၄၃၁၈.၆၁၆ |
| ၁။ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ၅၄၁၀.၃၃၈ | ၆၆၆၂.၅၉၀ | ၁၂၅၂.၂၅၂ | ၁၁၀၆၂.၇၄၃ | ၃၃၀.၅၈၃ | ၂၄.၀၃၂ | | ၁၁၃၆၉.၂၉၄ | ၃၀၆.၅၅၁ |
| | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၅၄၁၀.၃၃၈ | ၆၆၆၂.၅၉၀ | ၁၂၅၂.၂၅၂ | ၁၁၀၆၂.၇၄၃ | ၃၃၀.၅၈၃ | ၂၄.၀၃၂ | | ၁၁၃၆၉.၂၉၄ | ၃၀၆.၅၅၁ |
| ၂။ | ပြည်ထဲရေးဝန်ကြီးဌာန | ၂.၇၃၁ | ၃၂.၃၈၇ | ၂၉.၆၅၆ | ၅၅၀၃.၆၂၆ | ၂၁၁.၅၄၉ | ၆၃.၁၁၄ | | ၅၆၅၁.၈၆၁ | ၁၄၈.၂၃၅ |
| | ၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၀.၀၃၂ | ၀.၁၁၂ | ၀.၀၈၀ | ၆၈၁.၀၀၅ | ၀.၅၀၈ | | | ၆၈၁.၅၁၃ | ၀.၅၀၈ |
| | ၂။ မီးသတ်ဦးစီးဌာန | ၂.၆၉၉ | ၃၂.၂၇၅ | ၂၉.၅၇၆ | ၄၈၂၂.၆၂၁ | ၂၁၁.၀၄၁ | ၆၃.၁၁၄ | | ၄၉၇၀.၃၄၈ | ၁၄၇.၇၂၇ |
| ၃။ | စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန | ၁၀၀၀.၀၄၇ | ၁၀၀၀.၀၄၇ | | ၂၃၄၈.၄၈၈ | ၁၈.၇၉၄ | | | ၂၃၆၉.၀၄၆ | ၂၀.၅၅၈ |
| | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၀.၀၄၄ | ၀.၀၄၄ | | ၉၅၀.၈၈၆ | ၁၈.၇၉၄ | | | ၉၇၁.၄၄၄ | ၂၀.၅၅၈ |
| | ၂။ ဗဟိုစာရင်းအင်းအဖွဲ့ | | | | ၁၇၃.၃၈၈ | | | | ၁၇၃.၃၈၈ | |
| | ၃။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၁၀၀၀.၀၀၃ | ၁၀၀၀.၀၀၃ | | ၁၂၂၄.၂၁၄ | | | | ၁၂၂၄.၂၁၄ | |

မူလခန့်မှန်းခြေ၊ ဖြည့်စွက်ခွင့်ပြုငွေနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

ိုင်းဒေသကြီး

| စဉ် | ဝန်ကြီးဌာန /အဖွဲ့အစည်းအမည် | ရငွေ | | | အသုံးစရိတ် | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | မူလ ခန့်မှန်းခြေ | ပြုပြင်ပြီး ခန့်မှန်းခြေ | ပိုရငွေ(+) / လျော့ရငွေ(-) | မူလ ခန့်မှန်းခြေ | ဖြည့်စွက် ခွင့်ပြုငွေ | လျော့နည်း သုံးစွဲငွေ | အရေးပေါ် ရန်ပုံငွေ | ပြုပြင်ပြီး ခန့်မှန်းခြေ | ပိုသုံးငွေ(+) / လျော့သုံးငွေ(-) |
| | | | | | | | | | ၁၀(၆+၇-၈+၉) | ၁၁(၁၀-၆) |
| | ၂ | ၃ | ၄ | ၅(၄-၃) | ၆ | ၇ | ၈ | ၉ | | |
| ၄။ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ၃.၆၄၈ | ၃.၆၄၈ | | ၉၉.၂၇၄ | ၁.၈၀၀ | | | ၁၀၁.၀၇၄ | ၁.၈၀၀ |
| | ၁။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | ၃.၆၄၈ | ၃.၆၄၈ | | ၉၉.၂၇၄ | ၁.၈၀၀ | | | ၁၀၁.၀၇၄ | ၁.၈၀၀ |
| ၅။ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၁၈၆၂.၈၆၆ | ၁၈၆၅.၀၆၇ | ၂.၂၀၁ | ၈၉၈၅.၈၁၂ | ၃.၂၅၄ | | | ၈၉၈၉.၀၆၆ | ၃.၂၅၄ |
| | ၁။ စိုက်ပျိုးရေးဦးစီးဌာန | ၆၉.၉၄၂ | ၇၁.၅၆၅ | ၁.၆၂၃ | ၅၃၄၆.၀၉၈ | | | | ၅၃၄၆.၀၉၈ | |
| | ၂။ ငါးလုပ်ငန်းဦးစီးဌာန | ၁၄၅၃.၉၆၆ | ၁၄၅၄.၄၃၈ | ၀.၄၇၂ | ၆၃၆.၅၀၅ | | | | ၆၃၆.၅၀၅ | |
| | ၃။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၃၀၇.၁၅၅ | ၃၀၇.၂၆၁ | ၀.၁၀၆ | ၁၄၁၅.၂၄၈ | ၃.၂၅၄ | | | ၁၄၁၈.၅၀၂ | ၃.၂၅၄ |
| | ၄။ သမဝါယမဦးစီးဌာန | ၂၉.၇၃၃ | ၂၉.၇၃၃ | | ၁၄၀၈.၅၃၉ | | | | ၁၄၀၈.၅၃၉ | |
| | ၅။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၂.၀၇၀ | ၂.၀၇၀ | | ၁၇၉.၄၂၂ | | | | ၁၇၉.၄၂၂ | |
| ၆။ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၃၀၄.၀၀၃ | ၃၀၅.၆၅၆ | ၁.၆၅၃ | ၃၄၆၉.၃၉၀ | | | | ၃၄၆၉.၃၉၀ | |
| | ၁။ သစ်တောဦးစီးဌာန | ၃၀၃.၉၇၃ | ၃၀၅.၄၅၈ | ၁.၄၈၅ | ၃၀၅၄.၄၀၆ | | | | ၃၀၅၄.၄၀၆ | |
| | ၂။ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၀.၀၃၀ | ၀.၁၉၈ | ၀.၁၆၈ | ၄၁၄.၉၈၄ | | | | ၄၁၄.၉၈၄ | |
| ၇။ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၁.၅၀၀ | ၁၀.၇၃၄ | ၉.၂၃၄ | ၁၁၈၆၄.၆၀၀ | ၄၄၁.၅၇၅ | | | ၁၂၃၀၆.၁၇၅ | ၄၄၁.၅၇၅ |
| | ၁။လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၁.၅၀၀ | ၁၀.၇၃၄ | ၉.၂၃၄ | ၁၁၈၆၄.၆၀၀ | ၄၄၁.၅၇၅ | | | ၁၂၃၀၆.၁၇၅ | ၄၄၁.၅၇၅ |
| ၈။ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၁၂.၄၅၇ | ၁၂.၇၃၂ | ၀.၂၇၅ | ၁၆၇၁.၈၈၀ | ၁.၆၂၀ | | | ၁၆၇၃.၅၀၀ | ၁.၆၂၀ |
| | ၁။ အားကစားနှင့်ကာယပညာဦးစီးဌာန | ၁၂.၄၅၇ | ၁၂.၇၃၂ | ၀.၂၇၅ | ၁၆၇၁.၈၈၀ | ၁.၆၂၀ | | | ၁၆၇၃.၅၀၀ | ၁.၆၂၀ |

၂၀၁၉ -၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ
မူလခန့်မှန်းခြေ၊ ဖြည့်စွက်ခွင့်ပြုငွေနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း
(စာရင်းချုပ်)

င်းဒေသကြီး (ကျပ်သန်းပေါင်း)

| | ဝန်ကြီးဌာန /အဖွဲ့အစည်းအမည် | ရငွေ | | | အသုံးစရိတ် | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | မူလ ခန့်မှန်းခြေ | ပြုပြင်ပြီး ခန့်မှန်းခြေ | ပိုရငွေ(+) / လျော့ရငွေ(-) | မူလ ခန့်မှန်းခြေ | ဖြည့်စွက် ခွင့်ပြုငွေ | လျော့နည်း သုံးစွဲငွေ | အရေးပေါ် ရန်ပုံငွေ | ပြုပြင်ပြီး ခန့်မှန်းခြေ | ပိုသုံးငွေ(+) / လျော့သုံးငွေ(-) |
| | ၂ | ၃ | ၄ | ၅(၄-၃) | ၆ | ၇ | ၈ | ၉ | ၁၀(၆+၇-၈+၉) | ၁၁(၁၀-၆) |
| ၉။ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁၉၃.၃၁၀ | ၂၂၄.၁၇၁ | ၃၀.၈၆၁ | ၈၂၇၀၆.၉၃၀ | ၃၃၉၅.၀၂၃ | | | ၈၆၁၀၁.၉၅၃ | ၃၃၉၅.၀၂၃ |
| | ၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၉၃.၁၇၄ | ၁၀၇.၉၆၂ | ၁၄.၇၈၈ | ၂၈၉၅.၂၁၄ | ၁၅၈.၇၆၁ | | | ၃၀၅၃.၉၇၅ | ၁၅၈.၇၆၁ |
| | ၂။ လမ်းဦးစီးဌာန | ၁၀၀.၁၃၆ | ၁၀၀.၁၃၆ | | ၂၂၈၈၄.၃၉၁ | ၃၀၉၈.၂၆၂ | | | ၂၅၉၈၂.၆၅၃ | ၃၀၉၈.၂၆၂ |
| | ၃။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၆.၀၇၃ | ၁၆.၀၇၃ | ၅၆၉၂၇.၃၂၅ | ၁၃၈.၀၀၀ | | | ၅၇၀၆၅.၃၂၅ | ၁၃၈.၀၀၀ |
| ၁၀။ | ပဲခူးတိုင်းဒေသကြီးကုန်တင်ကုန်ချ လုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး | ၀.၀၀၃ | ၀.၀၀၃ | | ၃၀.၉၉၇ | | | | ၃၀.၉၉၇ | |
| | စည်ပင်သာယာရေးအဖွဲ့များ | ၁၅၃၈၂.၀၅၃ | ၁၆၂၄၀.၉၉၁ | ၈၅၈.၉၃၈ | ၂၇၈၆၂.၉၇၁ | ၁၂၈.၁၉၄ | | | ၂၇၉၉၁.၁၆၅ | ၁၂၈.၁၉၄ |
| | ပေါင်း | ၄၀၂၇၅.၇၇၇ | ၄၄၄၈၄.၀၃၈ | ၄၂၀၈.၂၈၁ | ၁၈၈၈၀၇.၄၂၀ | ၄၉၃၂.၅၇၇ | ၈၇.၃၄၆ | | ၁၉၃၆၅၄.၄၁၅ | ၄၈၄၆.၉၉၅ |
| | ပြည်ထောင်စုမှထောက်ပံ့ငွေ | ၁၄၈၅၃၁.၆၆၃ | ၁၄၉၁၇၀.၃၇၇ | | | | | | | |
| | စုစုပေါင်း | ၁၈၈၈၀၇.၄၂၀ | ၁၉၃၆၅၄.၄၁၅ | ၄၈၄၆.၉၉၅ | ၁၈၈၈၀၇.၄၂၀ | ၄၉၃၂.၅၇၇ | ၈၇.၃၄၆ | | ၁၉၃၆၅၄.၄၁၅ | ၄၈၄၆.၉၉၅ |

တ်ချက်။ *လျော့နည်းသုံးစွဲငွေကျပ် ၈၇.၃၄၆ သန်းသည် လွှတ်တော်မှ စိစစ်လျှော့ချသည့် ငွေရပ်ဖြစ်ပြီး အထွေထွေပိုလျှံရန်ပုံငွေ(GRF)သို့အပ်နှံပြီးဖြစ်ပါသည်။
ပြုပြင်ပြီးခန့်မှန်းခြေစာရင်းတွင် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ အထွေထွေပိုလျှံရန်ပုံငွေ(GRF) မှ သုံးစွဲငွေကျပ် ၁.၇၆၄ သန်း ပါဝင်ပါသည်။

ext) 2019-2020(SG)\2019-2020 SG, SG Form BE+SG=RE